www.burmeseclassic.com

# တာရာမင်းဝေ



# မြင်းစီးကြောက်သော ဝင်ဝင်
# အိပ်မက်များ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

[redacted]စည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး

[redacted]အာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၁၁၁၅၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၆၀၀၆၀၉

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၀၆ခုနှစ်၊နိုဝင်ဘာလ
အုပ်ရေ ၅၀၀၊တန်ဖိုး ၁၀၀ကျပ်

မျက်နှာဖုံးပန်းချီ–အော်ပီကျယ်

**မောင်မျိုး**
(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ



| | | |
|---|---|---|
| ၁။ | လူနှင့် မာန်ဟုန် | ၅ |
| ၂။ | လူနှင့် မျက်လုံး | ၂၁ |
| ၃။ | လူနှင့် အလင်းတန်း | ၃၃ |
| ၄။ | လူနှင့် လေယာဉ်ပျံ | ၄၇ |
| ၅။ | လူနှင့် လေ့လာရေး | ၅၇ |
| ၆။ | လူနှင့် တောအုပ် | ၆၉ |
| ၇။ | လူနှင့် နေ့ရာသီဂီတ | ၈၁ |
| ၈။ | လူနှင့် သံသရာတေးသွား | ၉၇ |
| ၉။ | ဦးထုပ်ဆောင်းသော လူတစ်ယောက်အကြောင်း | ၁၀၅ |
| ၁၀။ | အာလူးကောက်သူများ | ၁၁၅ |
| ၁၁။ | ဒုတိယဘီလူး | ၁၂၇ |
| ၁၂။ | ကျွန်တော်နှင့် သိပ္ပံမှတ်စုများ | ၁၄၅ |
| ၁၃။ | ဗေဒါစာရွက် | ၁၆၇ |
| ၁၄။ | စာလုံးတွေမရှိတော့တဲ့ ဖိုင်တွဲ | ၁၇၉ |
| ၁၅။ | ကြယ်စုံသော ည တစ်ည | ၁၉၃ |
| ၁၆။ | အိမ်အပြန် | ၂၀၉ |


BURMESE CLASSIC

# လူနှင့် မာန်ဟုန်

www.burmeseclassic.com

www.burmeseclassic.com





## ထူးဆန်းသောလူ

ကမ္ဘာမြေ၏ မြန်မာပြည်တစ်နေရာတွင် ထူးဆန်းသောလူတစ်ယောက်ကို ယမန်နှစ်က တွေ့ရှိလိုက်ရ၏။

အဆိုပါလူသည် နှုတ်ခမ်းမွေးမည်းမည်းကားကားရှိပြီး ပြုံးနေသော (သို့မဟုတ်) တစ်စုံတစ်ရာကို အံ့သြနေဟန်ရှိသော မြေကြွက်တစ်ကောင်၏ ဥပမိမျိုးပိုင်ဆိုင်သူ ဖြစ်၏။

သူ့အပေါ်တွင် လူအများ ရှန်းရှန်းကျွက်ကျွက် ဆူညံနေသဖြင့် တာဝန်ရှိသူများက သွားရောက်စုံစမ်းရာ ထူးဆန်းသောဖြစ်ရပ်တစ်ခုကို မြင်တွေ့ရလေသည်။

ထိုဖြစ်ရပ်မှာ အောက်ပါအတိုင်းဖြစ်၏။

*

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောဖြစ်ရပ်

ဖြစ်ပုံမှာ အဆိုပါလူ ကျော်ကျော် (ခေါ်) တွတ်နီ၊ (ဘ–ဦးသိမ်း) သည် အချိုးအစားကျနသော ဥရောပဝတ်စုံအပြည့်နှင့် အတူ အတာချီကေ့စ်ကို ကိုင်ကာ စီးကရက်ကိုခဲပြီး လမ်းလျှောက်လာခိုက် ကောင်းကင်မှ မိုးခြိမ်းသံထွက်ပေါ်လာ၏။

မိုးခြိမ်းသံကြားကြားချင်းမှာပင် အဆိုပါ ဦးတွတ်နီသည် ဣန္ဒြေမဆည်နိုင်လောက်အောင် စိတ်လှုပ်ရှားကာ အခြားလမ်းသွားလမ်းလာများကိုလည်း အလေးဂရုမပြုတော့ပဲ ဝမ်းခေါင်းသံကြီးဖြင့် 'ကျား'ဟု စတင်အော်ဟစ်လိုက်၏။

ထို့နောက်မှ အတာချီကေ့စ်ကို လမ်းနံဘေးမှာချလျက် ပေါင်နှင့်လက်ခမောင်းကို တဖြောင်းဖြောင်းပုတ်ခတ်ကာ အဆက်အစပ်မရှိ လက်ဝှေ့ရေးပြတော့သည်။





## ဒူးပျံတွတ်နီ

ထို့နောက် ကျား ကျားဟူသော မာန်သွင်းသံကို အဆက်မပြတ်အော်ဟစ်ကြိမ်းမောင်းကာ ဒူးပျံတိုက်နည်းကို ခုန်၍ ခုန်၍ သရုပ်ပြလေ၏။

ပတ်ဝန်းကျင်ရှိ လူအပေါင်းတို့သည်လည်း သောင်းသောင်းဖြဖြ ကြိုဆိုအုံသြကြကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဦးတွတ်နီ၏အဖြစ်ကို စူးစမ်းလေ့လာမိကြ၏။

'မည်သည့်အတွက်ကြောင့် လက်ဝှေ့ရေး ပြနေရပါသနည်း' ဟု ဦးတွတ်နီကို မေးမြန်းကြ၏။

ဦးတွတ်နီက လက်ဝှေ့ရေးပြနေခြင်းမဟုတ်ကြောင်း သူ့အနေနှင့် လူတကာလုပ်နိုင်ခဲ့လှသောအလုပ်ကို စွမ်းစွမ်းတမံ အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ အားလုံးဝမ်းသာအောင် ပြောပြရမည်ဆိုလျှင် သူသည် မိုးကို ဒူးနှင့် တိုက်နေခြင်းဖြစ်ကြောင်း၊ ဖြေကြားသဖြင့် အားလုံးသောလူတို့သည်လည်း ပါးစပ်အဟောင်းသားဖြစ်သွားကြရလေသည်။

www.burmeseclassic.com



## သူရဲကောင်းဟူသည်

မိုးကို ဒူးနှင့်တိုက်၍ ရမည်မဟုတ်ကြောင်း အားလုံးက တစ်ယောက်တစ်ပေါက်ဝိုင်းပြောကြသော်လည်း ဦးတွတ်နီက လက်မခံခဲ့ကြောင်း သိရ၏။

'အောင်မြင်မှုကို ခူးဆွတ်လိုသူအတွက် အောင်မြင်မှုကလည်း ကိုင်းညွတ်ပေးရန် အဆင်သင့်ရှိကြောင်း၊ သူသည် ရဲရင့်ကောင်းမွန်သောလုပ်ရပ်တို ဖော်ကျူးနေသူဖြစ်သဖြင့် သူရဲကောင်းမည်ကြောင်း' ဦးတွတ်နီက ဖြေကြား၏။

လူအပေါင်းက ဝိုင်းဝန်းရယ်မောကြပြီး သူ၏ လုပ်ရပ်ကို ဖျောင်းဖျတားဆီးကြသည့်တိုင် ဦးတွတ်နီ၏ ခိုင်မာသောစိတ်ဓာတ်သည် ပြောင်းလဲခြင်းမရှိခဲ့။

လူတွေက သူ့ကို နားမလည်သော်လည်း လူတွေကို သူက နားလည်ကြောင်း၊ မအောင်မြင်သေးခင်မှာ ထိုသို့ပင် လှောင်ပြောင်ရယ်မောမှု





များကို ခံရလိမ့်မည်ဟု သူ သိထားကြောင်း၊ အောင်မြင်မှု ဟူသည်မှာလည်း နေ့ကွေးစွာပွင့်တတ်သည့်ပန်းဖြစ်၍ သူ စိတ်ရှည်ရှည်ထားရှိပါကြောင်း အားလုံးကို ရည်မွန်စွာ ပြန်လည်ပြောကြားလေသည်။

ထို့နောက် မာန်ချီသံတဟိန်းဟိန်းဖြင့် မိုးကို ဒူးနှင့် ဆက်တိုက်မြဲတိုက်နေတော့၏။

*



www.burmeseclassic.com

www.burmeseclassic.com



## အငြိမ်းအခုံ

သို့သော်လည်း သူခုန်၍တိုက်နေသော ဒူးသည် မိုးကို ထိသည် မဟုတ်၍ အချို့က ဝိုင်းဝန်းဝေဖန်ကြသောအခါ ဦးတွတ်နီနှင့် အငြင်းအခုံ ဖြစ်ကြ၏။

ဝေဖန်သူများက ဦးတွတ်နီသည် 'လဒ' ရုပ်နှင့် 'ခေါင်း' လုပ်ချင်သူ ဖြစ်သည်ဟု ပြောကြ၏။ အချို့ကလည်း ဦးတွတ်နီ မိုးကို ဒူးနှင့် တိုက်ရန် ကြိုးစားနေပုံမှာ တီဗွီကြီးထဲမှာသာဆိုလျှင် မိမိတို့အနေနှင့် ခလုတ်ထပိတ် မိမည်ဖြစ်ကြောင်း ပြောကြ၏။

ဦးတွတ်နီကမူ သူ၏အယူအဆကို အလျှော့မပေး။ မည်သည့်အလုပ် မဆို အစပိုင်းမှာတော့ အတိမ်းအစောင်းရှိနိုင်ကြောင်း၊ လက်ဖက်ရည် ပန်းကန်နှင့် နှုတ်ခမ်းအကြားမှာပင် တော့လွဲလွဲသွားနိုင်စရာ တွေ့ကြုံတတ် ကြောင်း၊ မိမိအနေနှင့်တော့ အညံ့မခံပဲ ဆက်လက်ကြိုးစားသွားမည်ဖြစ်





ကြောင်း၊ တစ်နေ့တွင်တော့ မိုးကို ဒူးနှင့်တိုက်နိုင်လိမ့်မည်ဟု ယုံကြည် ကြောင်း၊ အခိုင်အမာပြောကြားလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



## နေရာရွှေ့ပြောင်းခြင်း

ဦးတွတ်နီ၏ ထိုသောကြိုးစားမှုကို မျက်စိနောက်ဟန်ရှိသော ဦးတင် နှင့် ကိုအောင်ဆိုသူတို့က တစ်ဖက်နားတွင် ကုန်းတစ်ခုရှိကြောင်း၊ သာမန် လမ်းပေါ်မှ တိုက်နေသည်နှင့်စာလျှင် ထိုကုန်းပေါ်မှ တက်တိုက်သည်က မိုးနှင့်ပိုနီးကြောင်း၊ ဦးတွတ်နီ၏မိုးကို ဒူးနှင့်တိုက်ရေး စီမံကိန်းကြီးအတွက် ကောင်းသောအကြံဉာဏ်ကို ပေးလေ၏။

ဦးတွတ်နီကလည်း ထိုအကြံဉာဏ်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံ ယူလေသည်။ သူရဲကောင်းဖြစ်ချင်သူအတွက် ထိုက်သင့်တဲ့ အဖိုးအခကို တော့ ပေးရဲရမှာပဲဟု ဆိုကာ ထိုကုန်းပေါ်သို့ ဝါရီဝေဂဗျူဟာဖြင့် တက် ရောက်သွားလေသည်။

*





## ခေါင်မိုးပေါ်က ကြိမ်းဝါးသံ

ထိုကုန်းပေါ်မှ တက်လိုက်သော်လည်း ဦးတွတ်နီကိုယ်တိုင် စွန့်စွန့် စားစားခုန်ပျံတိုက်သော်လည်း သူ့ဒူးသည် မိုးနှင့်မထိသေးကြောင်း တွေ့ ရ၏။

ထိုသို့ဖြင့် ဦးတွတ်နီ အတော်မောဟိုက်စပြုလာချိန်တွင် အရပ် ငါးပေခန့် ကိုယ်အလေးချိန် ၆၄ ပေါင်ခန့်ရှိသော လူငယ်စာရေးဆရာ (လူငယ်စာရေးဆရာ) တစ်ဦးက အထပ်အတော်မြင့်သော တိုက်တစ်ခု၏ ခေါင်းမိုးပေါ်တွင် တက်တိုက်သင့်ကြောင်း ထပ်မံအကြံပြု၏။ သူကတော့ လိုက်မည်မဟုတ်ကြောင်းကိုလည်း လွတ်ရာကျွတ်ရာမှ လှမ်းပြောလေသည်။ အာဟိုက်၍ထိုင်နေသော ဦးတွတ်နီသည်လည်း ခေါင်းတညိတ်ညိတ်ဖြင့် ဦးစားဆင်ခြင်ကာ 'တိုက်တာကတော့ တိုက်ရမှာပဲ... [illegible]အောင်ကို တိုက်ရမှာပဲ... ရောက်အောင်မသွားသရွေ့တော့ ဝေးလွဲနေရာက ဝေးနေ

www.burmeseclassic.com



မှာပဲ' ဟု တစ်ကိုယ်တည်းရေရွတ်ကာ မြင့်မားသောတိုက်ခေါင်မိုးတစ်ခုပေါ်သို့ အရောက်တက်သွားလေတော့သည်။

အောက်မှာ ကျန်ရစ်ခဲ့သော နားရွက်အားလုံးတို့သည် ခေါင်မိုးပေါ်မှလာသော ဦးတွတ်နီ၏မာန်ဖီကြုံးဝါးသံကို နားစွင့်ထောင်ရင်း 'အခုမှပဲ ကြွက်အောင်သံနဲ့ တူတော့တယ်' ဟု ရေရွတ်ကြ၏။

*





## အဆင့်မြင့်နည်းဗျူဟာ

ကံကောင်းထောက်မစွာပင် ခေါင်မိုးပေါ်တွင် စွန်တက်လွှတ်နေသော ဦးမောင်ဝင်းဆိုသူက ဦးတွတ်နီကို ဖြောင့်ဖြတားမြစ်ခဲ့ပြန်၏။

မိုးကို ဒူးနှင့်တိုက်နိုင်ရေးအတွက် ဤသို့သောနည်းဖြင့် ရမည်မဟုတ်ကြောင်း၊ အဆင့်မြင့်နည်းဗျူဟာကို အသုံးပြုရမည်ဖြစ်ကြောင်း ပြောကြားတားမြစ်ခဲ့ခြင်း ဖြစ်၏။

ထို့နောက် ဦးမောင်ဝင်းကပင်ဆက်၍ ဦးတွတ်နီအား သွန်သင်ရှင်းလင်းပြသည်မှာ တစ်ရံတစ်ခါ မိုးတွေခြိမ်း၍ မိုးကြီးရွာသောအခါ မီးသီးမိုးပေါက်များ၏နောက်မှာ မိုးကောင်းကင်ကြီးလည်း တန်းလန်းကျွတ်ပါလာတတ်ကြောင်း...

ထိုအခါမျိုးတွင် ကိုယ်က ထီးတစ်လက်ဆောင်းပြီး အဆင်သင့်စောင့်နေရုံပင်ဖြစ်ကြောင်း မိုးကြီးပြိုကျလာသောအခါ လက်တစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com



ထီးနှင့်ပင့်ကာလိုက်ပြီး (ကိုယ့်ကိုမပိရန်) ဒူးတစ်ဖက်က ခုန်တိုက်လိုက်ခြင်းအားဖြင့် မိုးကို ဒူးနှင့်တိုက်ရာ ရောက်နိုင်ကြောင်း၊ ဖွင့်ဆိုပြနည်း၊ ကြောင်းကျိုးပြနည်းတို့ကို သုံးကာ စိကုံးပြောပြလေသည်။

*





## တိုက်ပွဲခေါ်သံ

ဦးတွတ်နီသည် အလွန်တရာ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ 'ဟုတ်တယ် ဒါ တိုက်ပွဲခေါ်သံပဲ' ဟု မှတ်ချက်ချခဲ့လေသည်။

ကြံသာ အစဉ်ချို၍ ကြံသကာက အစဉ်မချိုနိုင်သော (ဆေးသကြားများလျှင် ခါးသွားသည်) လောကကြီးထဲမှာ ဦးမောင်ဝင်းသည် မမေ့နိုင်စရာမိတ်ဆွေကောင်းတစ်ယောက် ဖြစ်ခဲ့ကြောင်း၊ ဦးတွတ်နီကိုယ်တိုင်က ဦးမောင်ဝင်းကိုပြောခဲ့သည်ဟု ဦးမောင်ဝင်းကိုယ်တိုင်က ကျန်သူများကို ပြောပြလေသည်။

ဦးတွတ်နီသည်လည်း မိုးရာသီ၏မိုးခြိမ်းသံညံသော နေ့ညများစွာတွင် လမ်းပေါ်မှာ ထီးတစ်လက်ကို ဆောင်းရင်း ဒူးခေါင်းမှာ ဒူးစွပ်တို့ ဖလတ်စတာနှင့် ကပ်ထားရင်း လယ်ကွင်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း သတ္တိသီချင်းများကို သီဆိုကာ ယနေ့ထက်တိုင် မျှော်သင့်သွေးကြွနေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်တို့၏ယူဆချက်များ

ဦးတွတ်နီ၏စိန်ခေါ်ကြုံးဝါးထားမှုကို စိတ်ဝင်စားနေသော လူများစွာက "အပြောနှင့် ညီနိုင်မည်လော" ဟု စောင့်ကြည့်နေကြ၏။ စိတ်ပညာရှင်တစ်ဦးက ခက်တော့ မခက်ကြောင်း မဖြစ်နိုင်ရုံတမည် လွယ်ကူကြောင်း ဆောင်းပါးတစ်စောင် ရေးလေသည်။

သမိုင်းပညာရှင်တစ်ဦးကလည်း ကိုလံဘတ်(စ)ပင်လျှင် အိန္ဒိယကိုရှာဖွေရင်း အမေရိကားတိုက်ကို တွေ့ခဲ့သည်ဖြစ်၍ ဦးတွတ်နီသည်လည်း ဒူးနှင့် မိုးကို မတိုက်မိသည့်တိုင် တစ်နေ့နေ့မှာ တစ်ခုခုကို တိုက်မိမည်မှာ သေချာကြောင်း၊ ကျိမ်းပြုနေသည်ဟု နောက်ဆုံးသတင်းကို ကြားသိရလေသည်။

✦






# လူနှင့် မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com





(၁)

စတင်တွေ့ရှိသူကတော့ ထူးခြားစွာ လုံးဝန်းချောမွတ်နေသော ကျောက်တုံးတစ်တုံးအမှတ်နှင့် ကောက်ယူကြည့်မိခြင်း ဖြစ်လေသည်။ လက်ထဲရောက်သောအခါမှ အချိန်အဆနှင့် အနှစ်အသားအရ သူ့လက်ထဲမှအရာသည် ကျောက်တုံးမဟုတ်ကြောင်း ခံစားသိရှိလိုက်၏။

ဘာမှမဟုတ်သော လောကကြီးအတွင်းမှ ဘာမှမဟုတ်သော အရာတစ်ခုအဖြစ် ပြန်လည်လွှင့်ပစ်ခဲ့လျှင် ရသော်လည်း လူ့သဘာဝအရ ရှာခမ်းလိုစိတ်ကလေးက ရှိနေပြန်သေး၏။ ထိုသို့ဖြင့် ထို 'တစ်စုံတစ်ရာ' လေးကို လူနေရပ်ကွက်အတွင်းသို့ ယူလာကာ အားလုံးထံ အထင်အမြင် ဆောင်းခံကြည့်ရတော့၏။

ထိုသို့ဖြင့် ...

*



www.burmeseclassic.com

www.burmeseclassic.com



(၂)

"ငါ့အထင်တော့ ဒါဟာ 'ကျောက်ဥ' ဖြစ်ရမယ်"

ထိုလူကြီးက သူ့စကားကို သူ ဆက်ရှင်းလေသည်။

"ဆေးဆရာတွေ တောနင်းရှာတတ်တဲ့ ကျောက်သွေးလိုမျိုးပေါ့၊ ကျောက်ကရတဲ့ ကျောက်ဥဖြစ်ရမယ်၊ ကျောက်သွေးလိုပဲ အကြီးအကျယ် ဆေးဖက်ဝင်နိုင်တယ်၊ အနီးအနားမှာ နောက်ထပ်လည်း ကျောက်ဥတွေ ရကောင်းရနိုင်တယ်၊ ဒါလေး ကောက်ရတဲ့ နေရာအနားမှာ ငါတို့တွေ ထပ်ရှာကြည့်ရင် ဒါမျိုးတွေ ထပ်ရနိုင်တယ်"

အခြား အမယ်အိုတစ်ဦးကတော့ ထိုလူကြီးနှင့် အယူအဆ မတူချေ။ သူမကလည်း သူမ၏အမြင်ကို ကတုန်ကယင်နှင့် ပြောဏ်။

"ငါ ငယ်ငယ်တုန်းက ငါ့အမေ ပြောပြဖူးတဲ့ မြွေနဂါးဥဆိုတာ ဒါပေါ့၊ အမယ်လေး ခုမှ မြင်ဖူးတော့တယ်၊ ဒါဆို ဒီဥရတဲ့ ပတ်ဝန်းကျင်မှာ





မြွေနဂါးသိုက် ရှိနေပြီထင်တယ်၊ ဒုက္ခပါပဲ၊ ဘယ့်နှယ်လုပ်မလဲ"

အချို့လူများက သုတ်သုတ်ပျာပျာဖြင့် ကျောက်ဥရှာထွက်ရန် ပြင်ကြပြီး အချို့လူများကလည်း လန့်လန့်ထိတ်ထိတ်ဖြင့် မြွေနဂါးသိုက်ကို နှိမ်နင်းရန် လှုစုကြသည်။ အဘိုးအိုတစ်ဦးက ဆေးတံကြီးဖွာပြီး ခေါင်း တစ်ခါခါ လုပ်လိုက်သည်။

*



www.burmeseclassic.com

www.burmeseclassic.com


(၃)

"မင်းတို့ အဲဒီလို ဟိုပြေးသည်ပြေး ကြည့်မနေကြနဲ့၊ အဲဒါ လူမိုက်တွေရဲ့ နည်းလမ်းကွ၊ ပညာရှိလို တွေးကြည့်တဲ့ အလေ့အကျင့်ကို မွေးစမ်းပါကွာ"

ထို့နောက် သူ့အယူအဆကို ပြောပြ၏။

"ဒီဟာလေးက စက်ဝိုင်းပုံလည်း မဟုတ်ဘူးကွ၊ ဘဲဥပုံဖြစ်နေတော့ အတော် စဉ်းစားနေရတယ်၊ စက်ဝိုင်းလို ဗဟိုတစ်ခုတည်း မဟုတ်ဘဲ သူက ဗဟိုနှစ်ခုပါတယ်၊ အီလစ်လို့ခေါ်တယ်၊ ငါ့အထင် ပြောရရင်တော့ ဒါလေးဟာ ဂန္ဓာရီ သချ်ာပညာရှင်ကြီး တစ်ယောက်ယောက် ဖော်စပ်ခဲ့တဲ့ မှော်ခါတ်လုံး ဖြစ်နိုင်တယ်"

အဘိုးအို၏ စကားအဆုံးမှာပဲ လူရည်သန့်တစ်ဦးက ချင့်ချင့်ချိန်ချိန် ဝင်ပြော၏။





"ဒီဟာလေးကိုတွေ့တဲ့ အနီးအနားမှာ ထူးခြားတဲ့ တွင်းကလေး တစ်ခုခု ရှိနိုင်တယ်ဗျ၊ ဒီဟာလေးရဲ့ အရွယ်အစားကို ထောက်ပြီး ကျုပ် တစ်ခုစဉ်းစားမိတယ်၊ ဒီဟာလေးဟာ ရှေးခေတ်လူတွေ ကစားခဲ့ကြတဲ့ ရှေးခေတ်ဂေါက်သီး ဖြစ်နိုင်တယ်"

တွေးသူက တွေးပြီး ပြောသူက ပြောဆဲဖြစ်၏။ ထိုအရာလေးကိုကား ဘာမှန်း မဖော်နိုင်ကြသေးချေ။

*


www.burmeseclassic.com

www.burmeseclassic.com



(၄)

အချို့လူများကတော့ မလှုပ်မယှက်ဖြင့် ခပ်တည်တည် ကြည့်နေကြ၏။ သူတို့ထဲမှ တစ်ဦးက လေသံခပ်တိုးတိုးဖြင့် –

"လူမိုက်လို ပြေးကြည့်တာတွေ၊ ပညာရှိလို တွေးကြည့်တာတွေထက် သာမန်လူလို စောင့်ကြည့်ရတာက အကောင်းဆုံးပါပဲဗျာ"

ထို့နောက် တစ်ယောက်ယောက်က ထိုအရာလေးကို သူ့လက်ထဲသို့ ဆွဲယူကြည့်ကာ –

"ဘာလေးမှန်းကို မသိဘူး"

ထိုအရာလေး၏ ထိပ်ချွန်းနားမှာ အနီရောင်တစ်စက် လင်းခနဲ လက်လာပြီး –

"ကျွန်တော့်ကို မေးတာလား"

အားလုံး ထိုအသံအတွက် လန့်ဖျပ်အံ့သြသွားကြ၏။ ကပျာကယာ ပြန်မေးလိုက်ကြ၏။





"အေး ဟုတ်တယ်၊ မင်းက ဘာလေးတုန်း"

ထိုအရာလေးက ချက်ချင်း ပြန်မဖြေသေး၊ အနီစက်ကလေးကို လင်းချည်မှိတ်ချည် သုံးခါပြပြီးမှ –

"ကျွန်တော်က အဏုမြူဗုံးလေ၊ ခု ပေါက်တော့မလို့"

"ဟေ"

*



www.burmeseclassic.com

www.burmeseclassic.com



(၅)

"ဟယ် ... ဟိုဒင်း ... အောင်မယ်လေး ..."

ထိုပေါက်တော့မည့် အဏုမြူဗုံးလေးကို လက်ဖဝါးပေါ် တင်ထားမိသူက အရူးလို ခုန်ပေါက်နေမိတော့၏။ သူ့လက်ထဲမှ အဏုမြူဗုံးကို လွှင့်ပစ်ရန်အပြင်မှာ တစ်ယောက်က –

"ဟ ... ဟ ... လွှင့်မပစ်နဲ့လေ၊ လွှင့်ပစ်မှ ထပေါက်သွားဦးမယ်"

"ဒါဖြင့် ခင်ဗျား ခဏယူထားလိုက်လေ ... နော်"

ထိုလူက လက်ကမ်း၍ ယူလိုက်ပြီးမှ –

"အဲ ... ဟ ... မဟုတ်ဘူးလေ ဟို ..."

သူ ဘာလုပ်ရမှန်းမသိ ဖြစ်နေချိန်မှာ –

"ပြေး ... ပြေးကြလေ၊ ဘာလို့ မပြေးကြတာလဲ"

"အဏုမြူဗုံးပါဆို ပြေးလို့ ခုမှ ဘယ်လိုလွတ်မှာလဲ၊ အဟီး ... ဟီး ... သေပါပြီ"





"ဒါ ... ဒါဆို ဘယ် ... ဘယ်လိုလုပ်ကြမလဲ ... အဟင့် ..."

သူတို့ ကြံရာမရတော့သည့်အဆုံးမှာ ကြောက်စိတ်လည်းမွှန်၊ ဒေါသလည်းဖြစ်ဖြစ်နှင့် –

"ငါတို့ ဒီ သောက်အဏုမြူဗုံးကို ဆဲမယ်ကွာ"

"အေး ... ဆဲမယ်၊ အားလုံး ဝိုင်းဆဲရအောင်"

ထို့နောက် သူတို့ တစ်–နှစ်–သုံး သံပြိုင်တိုင်ပြီး –

"ခွေး ... မ ... သား ... အ ... ဏု ... မြူ ... ဗုံး ..."

*



www.burmeseclassic.com

www.burmeseclassic.com



(၆)

ကမ္ဘာပတ်လမ်းကြောင်းထဲမှ ရပ်တံ့ထားသော ပန်းကန်ပြားပျံတွင်းမှ ဂြိုဟ်သားတစ်ယောက်က ဖန်သားပြင်တစ်ခုမှာ မြင်နေရသော ထိုမြင်ကွင်းကြောင့် စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းလိုက်၏။ ပန်းကန်ပြားပျံ၏ မောင်းနှင်စက်ခလုတ်ကို လက်နှင့် နှိပ်လိုက်ရင်း -

"ပေါက်တော့မယ့် သိပ္ပံလောက်စာလုံးကလေးကိုများ ပြေးကြည့်တဲ့သူနဲ့၊ တွေးကြည့်တဲ့သူနဲ့၊ စောင့်ကြည့်တဲ့သူနဲ့၊ ခံရတာတောင်နည်းသေး၊ တော်တော် အသိဉာဏ်မရှိတဲ့ သတ္တဝါတွေ"

ပန်းကန်ပြားပျံ ရိပ်ခနဲ ပျံသန်းသွား၏။ အဖော်ဂြိုဟ်သား၏ ထောက်ခံပြောကြားသံက ကမ္ဘာပတ်လမ်းကြောင်းထဲမှာ လွင့်ပျံကျန်ရစ်ခဲ့သည်။

"အေးလေ ... ဒါကြောင့် ဒီသတ္တဝါတွေ 'လူ' ဖြစ်နေတာ"။ ။

✦






# လူနှင့် အလင်းတန်း



www.burmeseclassic.com

www.burmeseclassic.com





(၁)

လွင်ပြင်ကို ကျွန်တော်တို့ ကျော်ဖြတ်ပြီးသောအခါ မိုးကောင်းကင်မှာလည်း နံနက်ခင်းက ပွင့်ထွက်လာပြီ ဖြစ်သည်။ မြို့ကလေးအတွင်းသို့ ကျွန်တော်တို့ ဝင်ရောက်ကြ၏။ မြို့စွန်မှာပင် ထည်လွင်သော သချိုင်းကုန်းတစ်ခုကို တွေ့ကြလေသည်။

သချိုင်းအတွင်းမှ သစ်ခက်တဲငယ်ကို ညွှန်ပြကာ အဖော်က ကျွန်တော့်ကို ပြော၏။

“သုဘရာဇာသားအဖ နေကြတယ်လေ၊ သူတို့လည်း ဒီမြို့မှာ အရေးပါတဲ့လူတွေပေါ့”

မြို့တွင်းမှာ အလင်းထောင့်ချိုးများစွာကို ကျွန်တော် တွေ့သည်။ အိမ်အမိုးတို့သည်လည်း ခုံးမြင့်လှပ၏။ မြို့သားများသည် ဣန္ဒြေတည်ကြည်၏။ မြို့သူများက ရိုးရာပန်းကို ပန်ကြလေသည်။

“ဒါပေမယ့် သုဘရာဇာတွေအနေနဲ့ ရ,ထားတဲ့ အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ ဘယ်သူ့ရုပ်အလောင်းကို မဆို သင်္ချိုင်းအတွင်းမှာ သူတို့မြှုပ်ချင်တဲ့နေရာ မြှုပ်နံ့ခွင့် ရှိတာပဲ၊ အဲဒီကိစ္စမှာ ဘယ်သူကမှ ပင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိဘူး"

ဤမြို့ကလေးမှာ ကျွန်တော်သည် သူစိမ်းဧကန်သာ ဖြစ်သည်။ ကျွန်တော်မသိသောသူတို့ကို ကျွန်တော် မကြည့်တော့ပါ။ ဝန်းကျင်ကိုသာ အဝေးမှ ငေးနေလိုက်၏။ ကျွန်တော်တို့ ထိုသို့ ခရီးဆက်စဉ် အရှေ့ဆီမှ ဖုန်မှုန့်များ အုံးခနဲ ပျံ့လွင့်ထွက်လာသည်။ အရပ်လေးမျက်နှာသို့ ကျွဲတို့က ကဆုန်ပေါက်ပြေးကြ၏။ 'ဘာဖြစ်တာပါလိမ့်' ဟု အဖော်က တအံ့တသြ ရေရွတ်လေသည်။

ထို့နောက် ဖြောင့်စင်းသောလမ်းအတိုင်း ကျွန်တော်တို့ဆက်လျှောက်လာကြ၏။ လမ်းသွယ်တစ်ခုတွင် လူတချို့ ရုတ်ရုတ်ကျွက်ကျွက် ဖြစ်နေသည်။ ဒဏ်ရာအနည်းငယ်ရထားသော လူတစ်ယောက်ကို လူတစ်အုပ်က ဖေးမခေါ်လာခြင်း ဖြစ်သည်။ သူတို့က ကျွန်တော်တို့လျှောက်သော လမ်းအတိုင်း ခပ်လှမ်းလှမ်းမှ လျှောက်နေကြသည်။

"ဟင် အဲဒီ ဒဏ်ရာရထားတဲ့လူက ဒီမြို့ရဲ့အတော်ဆုံး ဂီတပညာရှင်ပေါ့ "

ထိုဂီတပညာရှင်သည် အသက်လေးဆယ်ခန့် ရှိ၏။ ဆံမျှင်တို့ ရှည်၏။ ဝတ်ရုံက မှိုင်းသည်။ မျက်နှာမှာ ခံစားချက်ကင်းမဲ့သည်။ သူ့လက်ထဲမှာ စက္ကူကတ်ပြားလေးများကို ကိုင်ဆောင်ထားလေသည်။

ဆက်လျှောက်နေရင်း ကျွန်တော်တို့၏ကျောဘက်မှ ဆူညံသော ခြေသံများကို ကြားရ၏။ ငဲ့ကြည့်သောအခါ လူတစ်အုပ်က လူငယ်တစ်ယောက်ကို တရားခံလို ဖမ်းချုပ်လာကြောင်း တွေ့ရသည်။ အဖော်က





ကျွန်တော့်ကို တိုးတိုးပြော၏။

"အဖမ်းခံရတာ သုဘရာဇာလေးပေါ့"

ထိုအုပ်စုကလည်း ကျွန်တော်တို့လျှောက်ရာ လမ်းအတိုင်းပင်နောက်မှ ရွေ့လျားလာကြခြင်း ဖြစ်၏။

"ရှေ့က ခုံရုံးမှာ ဒီအမှုကို စီရင်လိမ့်မယ် ဝင်လေ့လာရအောင် "

ကျွန်တော် မစပ်စုလိုပါ။ သို့သော် အဖော်ကို မတားဖြစ်ခဲ့။ သို့ဖြင့် ထိုအမှုကိုနားဆင်သော ပရိသတ်ထဲမှာ ကျွန်တော်တို့လည်း ရောက်ရှိပါဝင်သွားတော့၏။

ဖိနပ်ချွတ်၏။ ဖုန်ခါ၏။ ကျွန်တော့်ကိုယ်ကို သန့်စင်စေသည်။ ထို့နောက် တရားစီရင်ချက်ကို ငြိမ်သက်စွာ နားထောင်နေလိုက်၏။

*



www.burmeseclassic.com

www.burmeseclassic.com



## (၂)

ဝိုင်းစက်သော မျက်လုံးများရှိသည့် သုဘရာဇာလေးကို တရားသူကြီးက မေးခွန်းထုတ်၏။

"ဂီတပညာရှင်က သူ့ဘာသာ တီရစ္ဆာန်တွေကို တူရိယာနဲ့ တီးမှုတ်ဖျော်ဖြေနေတာကို မင်း ဘာကြောင့်သွားပြီး ရန်လုပ်ရတာလဲ၊ မင်းရဲ့တိုက်ခိုက်မှုကြောင့် သူလည်း ဒဏ်ရာရသွားတယ်၊ သူ့ကျွဲတွေ ထွက်ပြေးကြတာမှာ သူများစိုက်ခင်းတွေကို နင်းမိတယ် မင်းအပြစ်ပဲ၊ ဘာကိစ္စမင်း အဲဒီလို လုပ်ရတာလဲ "

သုဘရာဇာလေးက ရဲရင့်ပုံရသည်။ သူပြောရမည့် စကားတို့ကိုခေါင်းထဲမှာ စီစဉ်ချိတ်ဆက်နေသည်။ ထို့နောက်မှ

"ဒီလိုပါ ကျွန်တော်တို့ရဲ့သချိုင်းမြေမှာ ရုပ်အလောင်းတွေ စနစ်တကျ မြှုပ်နှံနိုင်ဖို့အတွက် ကျွန်တော်က မကြာခဏ စစ်ဆေးရလေ့ ရှိပါတယ်၊ အဲဒီမှာပဲ တစ်နေ့ကျတော့ ထူးဆန်းတာတစ်ခုကို ကျွန်တော် သွားတွေ့လိုက်ပါတယ်၊ အဲဒါက ဘာလဲဆိုတော့ ကျွန်တော် မတူးဘဲနဲ့ အလိုအလျောက်ဖြစ်ပေါ်လာတဲ့ ကျင်းတစ်ခုပါပဲ၊ အဲဒီနေရာက မြေဟာ အင်မတန်တူးရခက်တဲ့ မြေ ဖြစ်ပါတယ်၊ ကျွန်တော်တို့ တူးဖို့ရာ မစွမ်းနိုင်တဲ့ကျင်းပါ၊ ညဘက်မှာ မြေပြတ်ရွေ့မှုတစ်ခုဖြစ်ပြီး မနက်ကျတော့ အဲဒီမှာကျင်းတစ်ခုပေါ်နေတာကို တွေ့ရတာပါ "

နားထောင်သူများက စိတ်ဝင်တစား ရှိကြ၏။ အဖော်ဖြစ်သူကလည်း ကျွန်တော့်လက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင်သည်။ သုဘရာဇာလေးကို ငေးကြည့်သည်။

"အဲဒီကျင်းဟာ အလောင်းတစ်လောင်း မြှုပ်နှံဖို့အတွက် အလောတော် အနေအထားမှာ ရှိပါတယ်၊ ထူးခြားတာက ကျင်းရဲ့အတွင်း နှုတ်ခမ်းသားမြေတွေဟာ အချွန်အတက်တွေနဲ့ ဘီလူးတစ်ကောင်ရဲ့အစွယ်တွေလို ထိုးထောင်ထွက်နေပါတယ်၊ အောင်ခြေ မြေဟာလည်း စိမ်းဝါဝါနဲ့မဖွယ်မရာအရောင် ရှိပါတယ်၊ ချောက်ချားစရာကောင်းလှတဲ့ ကျင်း ဖြစ်ပါတယ်၊ ကျွန်တော်က အဲဒီကျင်းကို ငရဲကျင်းလို့ နာမည်ပေးလိုက်ပါတယ်၊ အင်မတန်ဆိုးဝါးတဲ့ လူတစ်ယောက်ရဲ့ ရုပ်အလောင်းရောက်လာရင် သူနဲ့ထိုက်တန်တဲ့ အဲဒီကျင်းထဲမှာ မြှုပ်မယ်လို့လည်း တေးမှတ်ထားလိုက်ပါတယ် "

သုဘရာဇာလေး၏စကားကို စိတ်မဝင်စားဘဲ အခန်းထဲရောက်နေသူဆို၍ တစ်ယောက်တည်းရှိသည်။ ထိုသူကား ဂီတပညာရှင် ဖြစ်၏။ မည်သူ့ထိုမှ မကြည့်။ မည်သည့်စိတ်လှုပ်ရှားမှုကိုမှလည်း မပြ။ သူ့ဒဏ်ရာကိုလည်း ဂရုမစိုက်။ သူ့လက်ထဲမှ စက္ကူချပ်လေးများကိုသာ ထွဲဆက်နေသည်။ (စက္ကူတစ်ချပ်တွင် ဂီတသင်္ကေတတစ်လုံး ရေးထားသည်။)







www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုနဲ့ တစ်ရက်မှာ အရပ်ထဲက ကောက်ကျစ်တဲ့လူတစ်ယောက်ရဲ့ အလောင်းရောက်လာတယ်... ငရဲကျင်းမှာ မြှုပ်ဖို့စီစဉ်ပြီးမှ သေသေချာချာ ထပ်စဉ်းစားတယ်... သူ့ရဲ့ ကောက်ကျစ်မှုတွေဟာ ငရဲကျင်းမှာ မြှုပ်ရလောက်အောင် မဆိုးဝါးပါဘူးဆိုပြီး တခြားနေရာမှာ ပြောင်းမြှုပ်လိုက်တယ်... နောက်တစ်လမှာ ရာဇဝတ်သားကြီးတစ်ယောက်ရဲ့ အလောင်းရောက်လာတယ်... သူ့ရာဇဝတ်မှုကို စုံစမ်းလိုက်တော့ ငရဲကျင်းမှာ မမြှုပ်လောက်ပြန်ဘူး... အဲဒီလိုနဲ့ ရက်တွေလတွေ ကြာသွားတယ်... ငရဲကျင်းမှာ မြှုပ်ရလောက်မဲ့ အလောင်းမလာဘူး... ကျွန်တော်လည်း ငါတို့မြို့မှာ ဒီလောက်ရိုင်းစိုင်း ယုတ်မာတဲ့လူ မရှိဘူးထင်ပါရဲ့ဆိုပြီး ပီတိဖြစ်လာတယ်... ဒါပေမယ့် တစ်ရက်မှာ ကျွန်တော် စိတ်မအီမသာဖြစ်ရပါလေရော... ဘာဖြစ်လို့လဲဆိုတော့ ငရဲကျင်းနောက်တစ်ကျင်း ထပ်ပေါ်လာလို့ပါ"

"အဲ..."

"ဟဲ့..."

အခန်းထဲမှ လူများက ငရဲကျင်းကို ထိတ်လန့်ကြ၏။ ထိုကျင်း၌လည်း ကျောမခင်းလို။ သက်ပြင်းတွေ ဝေကြသည်။ ကျွန်တော့်အဖော်ကပင် "အဲဒီကျင်းတွေ ပြန်ဖို့လိုက်ရင် ပြီးရော..."ဟု ပြော၏။ ကျွန်တော်က မည်သို့မျှ မတုံ့ပြန်ပါ။

သုဘရာဇာလေးက စကားဆက်သည်။

"အဲဒါနဲ့ပဲ ကျွန်တော် မြို့ထဲကို ထွက်ခဲ့ပါတယ်... ငရဲကျင်းတွေနဲ့ တန်တဲ့ လူယုတ်မာကော ရှိရဲ့လားဆိုတဲ့ သဘောအတွေးနဲ့ပါ။ အချိန်အတော်ကြာ လှည့်ပတ်ကြည့်တဲ့အထိ ဘယ်သူ့ကိုမှ မတွေ့ပါဘူး... ကျွန်တော်





လည်း စိတ်သက်သာရာ ရသွားတယ်။ သင်္ချိုင်းဘက်ကို လှည့်ပြန်လာတယ်။ အဲဒီမှာပဲ သစ်ပင်တွေ ထူပြောတဲ့လမ်းမှာ အံ့ဩစရာကောင်းတဲ့ မြင်ကွင်းကို မြင်လိုက်ရပါတယ်။ ကျွန်တော်လည်း အဲ့ဒီမြင်ကွင်းကြောင့် ငေးကြောင်သွားမိပါတယ်"

နှုတ်ခမ်းကို လျှာနှင့်သပ်၏။ သက်ပြင်းပြင်း တစ်ချက်ရှူ၏။ ထို့နောက် ဆက်ပြော၏။

"သစ်ပင်တွေကြားမှာ ကျွဲတစ်အုပ် ရောက်နေပါတယ်... သူတို့ဟာ အမြီးတွေ... နားရွက်တွေထောင်ပြီး သူတို့ရှေ့တည့်တည့်ကို ပြူးကြောင်တဲ့ မျက်လုံးတွေနဲ့ ဝိုင်းကြည့်နေကြပါတယ်။ စူးရှဆွဲငင်တဲ့ သံစဉ်တစ်ခုကိုလည်း ကျွန်တော် ကြားနေရပါတယ်။ ကျွဲတွေကြည့်ရာကို လိုက်ကြည့်တဲ့အခါ အဲဒီ ဂီတပညာရှင်ဆိုတဲ့ လူယုတ်မာကို တွေ့ရပါတယ်၊ သူ့ဂီတသံတွေကို ကျွဲတွေနောက်က နားထောင်ရင်း ကျွန်တော့်ရင်ထဲမှာ ဒေါသတွေ အလိပ်လိုက် ထလာပါတယ်... ဒီလူကို ကျွန်တော် မြင်ရတာလည်း မိစ္ဆာရိုင်းတစ်ကောင် သူရာရည်မူးပြီး တူရိယာနဲ့ မြူးကြွနေသလို ခံစားရပါတယ်... ကျွဲတွေဘက်က နားကြည်းခံပြင်းရင်း ကျွန်တော့်တစ်ကိုယ်လုံး သွေးတွေ တဖျင်းဖျင်း ဆူလာပါတယ်... ငရဲကျင်းနဲ့ လိုက်ဖက်တဲ့ လူယုတ်မာဟာ ဒီလူပဲဆိုတာကို သိမြင်လိုက်ပါတယ်... အဲဒီအချိန်မှာ ကျွဲတွေက ဝုန်းခနဲ ကစဉ့်ကလျား ထွက်ပြေးကြပါတယ်... ကျွန်တော်လည်း သူ့ကို ထမ်းပိုးနဲ့ ဝင်ရိုက်လိုက်ပါတယ်"

တရားသူကြီးက စားပွဲကို လက်နှင့် ဖျန်းခနဲ ပုတ်၏။

"ရပ်စမ်း..."

သုဘရာဇာလေးက စကားရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာဖြစ်လို့ အဲဒီလို ဝင်လုပ်ရတာလဲ"

"ကျွဲတွေကို သူ အဲဒီလိုလုပ်တာ ကျွန်တော် ကျွဲတွေကိုယ်စား မခံချင်လို့... နာကြည်းလို့ပါ"

"သူ့ဘာသာ ကျွဲတွေကို ဖျော်ဖြေတာ မင်းနဲ့ဘာဆိုင်လဲ၊ ကျွဲတွေက ဘာဖြစ်သွားလို့လဲ"

တရားသူကြီး၏ အသံက ခက်ထန်လာသည်။ သုဘရာဇာလေးက တံတွေးမျိုချ၏။ ခပ်ဆတ်ဆတ် ပြန်ဖြေသည်။

"ဖြစ်ပါတယ်... ကျွန်တော် သူ့ကိုဝင်ရိုက်လို့ ကျွဲတွေထွက်ပြေးတာ မဟုတ်ပါဘူး၊ သူ့ဂီတသံကြောင့် ကျွဲတွေထွက်ပြေးတာမှာ ကျွန်တော်က သူ့ကို ဝင်ရိုက်ပစ်တာပါ"

"ဘာ..."

တရားသူကြီး နားမလည်။ တစ်ခန်းလုံးလည်း စိတ်ရှုပ်ထွေးသွား၏။ သုဘရာဇာလေးက ကပျာကယာ ဖြည့်ပြော၏။

"ဒီလိုပါ... သူ ကျွဲအုပ်ကို ဖျော်ဖြေတာ ဘာတူရိယာနဲ့လဲဆိုတာကို တရားသူကြီးမင်း သိပါသလား"

တစ်ခန်းလုံး ငြိမ်သက်သွား၏။ ဂီတသမားက စက္ကူကတ်ပြားများကို လက်တဲမှာ စီရီတွဲစပ်နေ၏။ လေထဲမြှောက်ကာ ထောင်ကြည့်နေ၏။ သူ့မျက်နှာက ခံစားမှုကင်းမဲ့လျက်ပင်။ အဖော်ကပင်လျှင် ကျွန်တော့်နံဘေးမှာ အသက်ရှူမြန်နေသည်။

တရားသူကြီးက သုဘရာဇာလေးကို စူးစိုက်ကြည့်ပြီး-

"ပြော"

သုဘရာဇာလေးက အံကြိတ်လိုက်သေး၏။





"သူက ကျွဲအုပ်ကို ကျွဲချိုမှုတ်ပြနေတာပါ"

"ဘာ..."

"သူက ကျွဲချိုမှုတ်ပြီး ကျွဲအုပ်ကို ဖျော်ဖြေနေတာပါ"

"ဟာ..."

"အို..."

"ဟာ..."

"သူ့လယ်ကွင်းမှာ ခိုင်းနေကျ ကျွဲအုပ်ထဲက ခေါင်းဆောင်ကျွဲကြီးဟာ အိုမင်းလာပါတယ်... တဖြည်းဖြည်းနဲ့ ထွန်တုံးကို မရုန်းနိုင် မ,မနိုင် ဖြစ်လာပါတယ်... သူရင်းငှားတွေက သူ့ကို ဒီအကြောင်းပြောတဲ့အခါ သူက.............ပြီးတော့ အဲဒီချိုနဲ့ ကျန်တဲ့ကျွဲတွေကို..........."

သုဘရာဇာလေး၏ အသံကိုပင် မကြားရတော့ချေ။ တစ်ခန်းလုံး ဆူညံလာ၏။ အသံတွေ ပွတ်လောရိုက်ကုန်၏။ တရားသူကြီးက တိတ် တိတ်နေဖို့ အော်၏။ သို့သော် သူ့အသံလည်း ပြာအက်အက် ဖြစ်နေသည်။

ကျွန်တော်က အဖော်၏လက်ကို ဆွဲလိုက်၏။ လူအုပ်ကြားမှ တိုးထွက်လိုက်သည်။ 'အချိန်မီ ပြန်ကြရမည်' ဟုလည်း သတိပေးလိုက်သည်။ ကျွန်တော်တို့ လမ်းပေါ်ပြန်ရောက်လာကြ၏။

လမ်းဆက်လျှောက်လာခဲ့သည်။ မြို့ကိုလွန်၏။ တောင်ယာတွေကို ကိုက်ဝါးပြီးသော မီးခိုးတွေက မိုးပေါ်သို့ ဒုန်းစိုင်းပြေးတက်၏။ သူတို့၏ ခွာသံတဖြောင်းဖြောင်းအောက်တွင် တောင်ယာက ခေါင်းချီးကျန်ရစ်ခဲ့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



(၃)

ထုံးစံအတိုင်းပင်။ တောင်ပတ်လမ်းကို မြူခိုးတွေက ငုံ့နမ်းနေ၏။ အဖော်က ကျွန်တော့်ကို မေးသည်။

"ဘယ်သူရှုံးမလဲ"

"သုဘရာဇာလေးက ကိုယ်ထိလက်ရောက် ကျူးလွန်လိုက်တော့... သူပဲ ပြစ်ဒဏ်ပေးခံရလိမ့်မယ်... ဒါပေမယ့် ရှုံးတယ်လို့တော့ မဆိုနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"နောက် နှစ်တွေကြာလို့ ဒီဂီတသမား သေသွားရင် သူက ငရဲကျင်းမှာ မြုပ်ပစ်လိုက်မှာ သေချာတယ်လေ"

"ဒါဆို ဂီတသမား ရှုံးတာပေါ့"

"ဟင့်အင်း... ဒီလူက သေတာရှင်တာတွေ... ဘယ်လမ်းမှာ လျှောက်ပြီး ဘယ်ကျင်းထဲ ရောက်တယ်ဆိုတာတွေ ဘာမှတွေးမဲ့လူ မဟုတ်ဘူး... သူလုပ်ချင်ရာ လုပ်နေမဲ့လူ... သူ့မှာ အနိုင်တွေ အရှုံးတွေ မရှိဘူး"



"ဒါဆို ဘယ်သူမှ မရှုံးဘူးလား"

ယောင်ယောင်ကလေး ပြုံးဖြစ်၏။

"တရားသူကြီး ရှုံးတယ်"

"ဟင်... ဘာဖြစ်လို့လဲ"

"ဒီအမှုမှာ တရားသူကြီးက ဂီတသမားဘက်က ရပ်တည်ပြီး ပြစ်ဒဏ်ချရမယ်... အဲဒါကို သုဘရာဇာလေးက ကျေနပ်မှာမဟုတ်ဘူး... မတရားသူကြီးတစ်ယောက်အဖြစ် မြင်သွားလိမ့်မယ်... တရားသူကြီး သေလို့ရှိရင် သုဘရာဇာလေးဟာ သူထပ်တွေ့ခဲ့တဲ့ ဒုတိယငရဲကျင်းမှာ တရားသူကြီးကို မြုပ်လိမ့်မယ်... အဲဒါကြောင့် ဒီအမှုမှာ တရားသူကြီး ရှုံးသွားတယ်"

ကျွန်တော့်စကားအဆုံးမှာ အဖော်က လှိုက်လှဲစွာ ရယ်၏။ သူ့ရယ်သံဝါဝါကြီးက အတော်နှင့် မစဲချေ။

"လာ... လျှောက်ကြဦးစို့... အချိန်မရှိတော့ဘူး"

ခြေလှမ်းကို အရှိန်မြှင့်လိုက်ကြသည်။ ကောင်းကင်ကို မော့ကြည့်ခဲ့၏။ ပျံလွှားတစ်အုပ်က ကျွန်တော်တို့ရှေ့မှ အကြိုပျံသန်းသွားလေသည်။

✦



www.burmeseclassic.com

www.burmeseclassic.com




# လူနှင့် လေယာဉ်ပျံ

www.burmeseclassic.com

www.burmeseclassic.com





# ပုံပြင်

ပုံပြင်၏ အစမှာတော့ ကလေးငယ်လေးတစ်ယောက် ကျောက်စမ်းရေအိုင်တစ်ခုနံဘေးမှာ ငါးထိုင်မျှားနေလေသည်။ ခဏအကြာမှာ နေ့စဉ်ခုန်ဖြတ်သန်းနေကျ လေယာဉ်ပျံတစ်စီးက တိမ်အစင်းစင်းတို့ ခြံရံကာ ထိုစမ်းရေအိုင်၏ အထက်မှ မနိမ့်မမြင့် ပျံသန်းသွား၏။

ငါးမျှားနေသော ကလေးငယ်သည် ထိုလေယာဉ်ပျံကို မြင်ကွင်းထဲမှ ပျောက်သွားသည်အထိ လိုက်လံငေးကြည့်နေမိ၏။ နောက်တော့မှ သက်ပြင်းတစ်ချက်ချကာ လက်ထဲမှ ငါးမျှားတံကို စိတ်ပါလက်မပါနှင့် ဟိုဟိုသည်သည် ရမ်းခါနေတော့သည်။ သူ့စိတ်သည် လေယာဉ်ပျံနှင့်အတူ ပါသွား၏။ သူသည် ထိုလေယာဉ်ပျံကြီး မောင်းနှင်သူ ဖြစ်ချင်လိုလှပါတော့သည်။

ထိုသို့ဖြင့် ထိုပုံပြင်ကလေး၏ အစပိုင်းမှာပင် ကလေးငယ် ကြီးပြင်း

ကြောင်ရုပ်တောင်တစ်အုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လာသောအခါ သူမျှော်လင့်သည့် လေယာဉ်ပိုင်းလော့ကြီး ဖြစ်သွားပါတော့သည်။

ပုံပြင်အဆုံးမှာတော့ လေယာဉ်ပိုင်းလော့ကြီးက လေယာဉ်ကို မောင်းနှင်၍ ဟိုးမြေပြင်ဆီမှ မှုန်ပျပျ မြင်ရရုံသာရှိသော ကျောက်စမ်းရေ အိုင်ရှိရာကို ငုံ့ကြည့်သွားသည်။

ဤနေရာကိုဖြတ်တိုင်း လေယာဉ်ပိုင်းလော့သည် ဤသို့ငုံ့ကြည့်တတ်မြဲ။ တွဲဘက်လိုက်ပါလာသူက တစ်နေ့မှာ မေးကြည့်မိသည်။ ထိုအခါ သူက သက်ပြင်းချ၏။ အရှေ့မှာ ပိတ်ဆို့ကာဆီးထားသော တိမ်ထုကြီးကို စိတ်ရှုပ်ထွေးစွာကြည့်ရင်း ပြန်ဖြေသည်။

"ကျုပ် ငယ်ငယ်တုန်းက ဒီနေရာလေးမှာထိုင်ပြီး အေးအေးဆေးဆေး ငါးမျှားနေလေ့ရှိတယ်ဗျ၊ သိပ်ငြိမ်းချမ်း သိပ်ပျော်စရာကောင်းတယ်၊ အခုလို ထာဝန်တွေနဲ့ ပိမနေဘဲ အင်မတန် လွတ်လပ်ပေါ့ပါးတယ်ဗျာ… ရမယ်ဆိုရင် အဲဒီဘဝကို ပြန်လိုချင်တယ်"

စကားအဆုံးမှာ ပုံပြင်ဆုံးပါသည်။ လေယာဉ်ပိုင်းလော့ကြီး၏ ဝင့်သက်ရှိုက်သံကိုပင် ကျွန်တော့်စိတ်ထဲမှ ကြားလိုက်ရသလိုရှိ၏။ ကျွန်တော့်မှာ တွေးစရာလေးတွေ ရလာပါသည်။

*





## အက်ဆေး

ကျွန်တော် စဉ်းစားမိသည်။ လူဆိုသည့် သတ္တဝါသည် 'မျှော်လင့်' တတ်သော သဘာဝရှိ၏။ ကိုယ်မျှော်လင့်သည်များ ဖြစ်မြောက်လာရန် မျှမ်းနိုင်သမျှ ကြိုးစားကြ၏။ အချို့ အောင်မြင်ကြသည်။ အချို့ မအောင်မြင်ကြ။

အောင်မြင်သည်ဆိုပါစို့။ သူမျှော်လင့်သည့် အရာများဖြစ်သွားသည် ဆိုပါစို့။ သူ့ဘဝ ပြီးပြည့်စုံသွားပြီလား။ စဉ်းစားစရာ ဖြစ်လာပါသည်။

တစ်ခါတစ်ခါမှာတော့ လူတစ်ယောက်၏ ဘဝအတွက် မျှော်လင့်ချက်ဆိုသည်မှာ လှပဆန်းကြယ်သော 'သိပ္ပံလွှန်လက်နက်'တစ်ခု ဖြစ်နေတတ်၏။ တစ်ခါတစ်ခါကျတော့လည်း ထိုမျှော်လင့်ချက်ကပင် ဘာနဲ့မှ မတူအောင် မူးသည့် အိပ်မက်ဆေးခါးကြီးတစ်ခွက် ဖြစ်နေတတ်ပြန်သည်။ တစ်ခုကို လိုချင်လျှင် တစ်ခုကို ပေးဆပ်ရသည်။ ထိုလောကနိယာမတရား



www.burmeseclassic.com

www.burmeseclassic.com



ကို လေယာဉ်ပိုင်းလော့ကြီး နားမလည်ဘူးလား။ မရသေးတဲ့၊ မရတော့တဲ့၊ ဘဝတွေကို တမ်းတပြီး ဘာဖြစ်လို့ ဒုက္ခတွေကို တူးဖော်ခွဲစိတ်နေတာလဲ။

ပုံပြင်လေးကို ပြန်ဖတ်မိ၏။ ပုံပြင်ထဲမှ လေယာဉ်ပျံကြီးကတော့ မိုးကောင်းကင်မှာ ပျံသန်းနေဆဲ။

(ထိုလေယာဉ်ပျံကြီးထဲမှာ) ထိုလေယာဉ်ပိုင်းလော့ကြီးနှင့်အတူ ကျွန်တော်နှင့် အခြားလူများ လိုက်ပါနေသည်ဆိုပါစို့။

*





## ၀၅

ကျွန်တော့်နံဘေးမှ အမျိုးသမီးက ပြောသည်။ “ရှင် ဒီပိုင်းလော့ကြီးအကြောင်းကို ဖတ်ဖူးလား… ပုံပြင်ထဲမှာလေ” ရွှေ့လျားနေသော တိမ်တိုက်များကို ပြတင်းမှန်မှတစ်ဆင့် ငေးကြည့်နေရင်း ခေါင်းညိတ်ပြလိုက်၏။ အမျိုးသမီးက ဆက်ပြောသည်။

“ကျွန်မလည်း ငယ်ငယ်ကတည်းက ဖတ်ဖူးတယ်… အရမ်းသဘောကျတာပဲ… ဟိုလေ… သနားစရာလည်း ကောင်းတယ်… ခင်စရာလည်း ကောင်းတယ်နော်…”

ကျွန်တော် မည်သို့မျှ ပြန်မပြောရသေးခင် မျက်စောင်းထိုးခုံမှလူက ဝင်ပြော၏။ “ဟုတ်တယ်ဗျာ… ကျွန်တော်လည်း အဲဒီအတိုင်းပဲ၊ ဒီပိုင်းလော့ကြီးကို ဘယ်လိုပြောရမလဲတောင် မသိဘူး အဟဲဟဲ…”

“ရှင့်ကိုယ်ရှင် မထူးပါဘူး… ငါလည်း ဒီပိုင်းလော့ကြီးလိုပါပဲလို့



www.burmeseclassic.com

www.burmeseclassic.com



ရော မတွေးမိဘူးလား"

"အို... တွေးမိတာပေါ့... အစစ်ပေါ့"

ထို့နောက် သူတို့ ပြိုင်တူရယ်ကြသည်။ ရယ်သံအဆုံးမှာ အမျိုးသမီးက-

"ဒါနဲ့ နေပါဦး... အခု ကျွန်မတို့ လေယာဉ်က ဘယ်ကွင်းမှာ ဆင်းမှာလဲ"

ထိုလူက သူ့ဘေးမှလူကို လှည့်မေးသည်။

"ဘယ်ကွင်းမှာ ဆင်းမှာလဲဗျ..."

ထိုလူကလည်း ခေါင်းခါပြသည်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။ ထိုစဉ်အချိန်မှာ လေယာဉ်မယ်လေး ရောက်လာသည်။

"ပိုင်းလော့ကြီးက မေးခိုင်းလိုက်ပါတယ်ရှင်... ဘယ်ကွင်းမှာ ဆင်းကြမှာလဲတဲ့"

"အင်း..."

ခရီးသည်များက လေယာဉ်မယ်လေးကို ကျော်ကာ ပိုင်းလော့ကြီးဆီ တိုက်ရိုက်လှမ်းမေး၏။

"ဘယ်ကွင်းမှာ ဆင်းမှာလဲ..."

ပိုင်းလော့ကြီးက ဘာမှကြားပုံမပေါ်။ လေယာဉ်မယ်ကလေးကို ကျော်ကာ ခရီးသည်တွေဆီ တိုက်ရိုက်လှမ်းမေး၏။

"ဘယ်ကွင်းမှာ ဆင်းကြမှာလဲ..."

"အင်း... အင်း... ဘယ်ကွင်းလဲ..."

"ဘယ်ကွင်းလဲ... ဆို..."

"ဟော... ဘယ်ကွင်းလဲလို့"





ပုံပြင်ထဲမှ လေယာဉ်ပျံကြီးကတော့ ပုံပြင်ထဲက မိုးကောင်းကင်မှာ ပျံသန်းနေဆဲ။ တိမ်နှင့်အတူ လွင့်ဝဲခြင်းဖြစ်၍ လှပမည်မှာလည်း သေချာပါ၏။

ပုံပြင်ထဲမှ လေယာဉ်ပျံကြီးကတော့ ပုံပြင်ထဲက မိုးကောင်းကင်မှာ ပျံသန်းနေဆဲ။ ပိုင်းလော့ကြီးလည်းပါ၏။ ခရီးသည်များလည်းပါ၏။ လေယာဉ်အပျံ လမ်းတစ်လျှောက် စကားသံတွေက ဆူညံအုံ့သည်း။

သို့သော်...

တစ်ခွန်းတည်း...

"ဘယ်ကွင်းမှာ ဆင်းမှာလဲ..."။

✦



www.burmeseclassic.com


www.burmeseclassic.com



# လူနှင့် လေ့လာရေး

www.burmeseclassic.com

www.burmeseclassic.com






(၁)

သူ့လိုမဖြစ်ချင်လျှင် သူ့ကိုလေ့လာပါ။

သို့သော်…

သူ့ကိုလေ့လာရင်း သူ့လိုလည်း ဖြစ်သွားတတ်၏။

**(အမည်မသိ)**

www.burmeseclassic.com

www.burmeseclassic.com



(၂)

ညဥ့်လေက တသုန်သုန်တိုက်ခတ်နေသည်။ မီးရောင်တလက်လက်နှင့် လှပနေသောမြို့တော်ကို ငုံ့ကြည့်ရင်း လေစီးနှင့်အတူ သူလည်း လိုက်ပါမျှောရွေ့နေသည်။

ခလှမ်းမကမ်း ကင်းမျှော်စင်မှ သန်းခေါင်လွန် သံချောင်းခေါက်သံကို ကြားရ၏။ သူ့ခန္ဓာကိုယ်သည် အိမ်ရှိ စာကြည့်ခန်းထဲတွင် တင်ပလ္လင်ခွေထိုင်ရင်း မျှော်ဝင်ယောက် ကျန်ရစ်နေသည်ဖြစ်ကြောင်း သတိရမိ၏။ (သူက James M. Mcintock ၏ Getting out of your Body စာအုပ်ကို ကျော်လွန်အောင်မြင်ထားသူ ဖြစ်၏။ ရုပ်ခန္ဓာကိုချန်ထားပြီး ဝိညာဉ်ချည်း သက်သက် ခရီးထွက်နိုင်သူ ဖြစ်လေသည်။)

သူက လှေလှော်ရေးကို အလွန်ဝါသနာပါသူ ဖြစ်၏။ ဗဟုသုတကိုလည်း အလွန်လိုလားသည်။ ခရီးတစ်ခုထွက်ခြင်းသည် စာအုပ်တစ်ရာ





ဖတ်ခြင်းနှင့် ညီမျှသည်ဟုလည်း ခံယူထားပြန်၏။ ထိုသို့ဖြင့် လူမအားလျှင် ဝိညာဉ်ဖြင့် ခရီးသွားနိုင်အောင် လေ့ကျင့်ခဲ့ရခြင်းဖြစ်လေသည်။

ထိုကျင့်စဉ်ကို ပေါက်မြောက်အောင်မြင်ခဲ့၍ သူ့ဘဝကို သူ ကျေနပ်အားရဖြစ်မိပါသေးသည်။ ခုဆို... တာ့ဂျ်မဟာဝှမ်မာန်ကိုလည်း သူ သွားခဲ့ပြီးပြီ။ နိုင်းလ်မြစ်ပေါ်မှာလည်း ဖြတ်ပျံဖူး၏။ အီဖယ်မျှော်စင်၏ထိပ်ဖျားမှာလည်း သူ ခိုနားဖူးပါပြီ။ ဘာမြို့ဒါကိုသာ သွားရကောင်းနိုး မသွားရကောင်းနိုး ဖြစ်နေမိ၏။

အဝေးမှ ခွေးအူသံကြားသည်။ အိမ်ပြန်ရန် သူ သတိရလာ၏။ ရပ်ကွက်ထဲသို့ပြန်အဝင်မှာ ခွေးလေခွေးလွင့်တစ်ကောင်က သူ့ရှိရာကို ခံသက်သလို လိုက်လံမော့ကြည့်ရင်း မာန်ဖီသည်။ သူ့အိမ်ဆီ ပြန်ရောက်ပြီ။ စာကြည့်ခန်း၏ပြတင်းဘောင်မှာ တစ်ချက်နားပြီး စာကြည့်ခန်းထဲ လှမ်းကြည့်မိသောအခါ

"ဟင်..."

သူ အကြီးအကျယ် အံ့သြတုန်လှုပ်သွားရလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



(၃)

သူ့ခန္ဓာကိုယ်သည် သူထားသည့်အတိုင်း တင်ပလ္လင်ခွေထိုင်ပြီး မျက်စိမှိတ်လျက် မဟုတ်တော့...။

သူ့ခန္ဓာကိုယ်သည် စာကြည့်စားပွဲမှာ ထိုင်ပြီး ကျကျနနပင် စာတစ်အုပ်ကို ဖတ်နေလေသည်။

"အို..."

*



(၄)

အံ့သြခြင်းကြီးစွာနှင့် သူ ငေးကြည့်နေမိသေးသည်။ ထို့နောက်မှ အဖြေကို သူ ရှာတွေ့လိုက်၏။ ထိတ်ထိတ်ပျာပျာလည်း ဖြစ်မိသည်။ သူ့ရုပ်ခန္ဓာထဲသို့ အခြားဝိညာဉ်တစ်ကောင် ဝင်ရောက်နေခြင်း ဖြစ်လေသည်။

"အောင်မာ ရာရာစစ ဘယ်က သတ္တဝါလဲ"

ဒေါသဖြင့် အခန်းထဲဝင်သွားပြီး...

"ဟေ့ကောင်"

ထိုသတ္တဝါက သူ့ခန္ဓာကိုယ်ဖြင့် စာထိုင်ဖတ်နေပြီး သူခေါ်သည်ကိုပင် ချက်ချင်းမကြား။

"ဟေ့ကောင်"

နောက်တစ်ခေါက် ထပ်ခေါ်မှ ကြား၏။ လှည့်အကြည့်မှာ သူက...

"မင်း ဘယ်ကကောင်လဲ၊ ဘာကိစ္စ ငါ့ကိုယ်ထဲ ဝင်နေရတာလဲ"


ကြောင်နှစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



ထိုသတ္တဝါ သူ့ကို မျက်မှောင်ကြုတ်လျက် ပြန်ကြည့်ရင်း...

"ဘာလဲ ဘာတွေပြောနေတာလဲ"

"ဘာကွ ဘာတွေပြောရမှာလဲ၊ မင်း အခု ပြန်ထွက်စမ်း"

"ဘာလို့ ထွက်ရမှာလဲ"

"ဘာ ဟောကောင် အောင်မာ ထွက်စမ်း၊ ဒါ ငါ့ကိုယ်ကွ မင်းလို ဘယ်ကမှန်းမသိတဲ့ ကလေကချေကောင်က ဝင်ချင်တိုင်း ဝင်လို့ရမလား သွား ခုထွက်"

ထိုသတ္တဝါက သူ့ကို ဂရုမစိုက်သလို စာအုပ်ကို ဆက်ဖတ်ရင်း...

"မထွက်ပါဘူး ငါ့ဘာသာငါဝင်နေတာ ဘာဖြစ်လဲ"

ဒေါသက အလိပ်လိုက်ထွက်လာသဖြင့် သူ အတော်နှင့်ပင် စကား ပြန်ပြော၍ မရ။ ထို့နောက်မှ...

"ဒါ ငါ့ကိုယ်ကွ ငါ အပြင်ခဏထွက်သွားတာ"

"မင်း ဘာဖြစ်လို့ထွက်သွားလဲ၊ ဘယ်သူမှမရှိလို့ ငါဝင်နေတာ ဘာဖြစ်လဲ"

"ရမလားကွ မင်းလို ကိုယ်မရှိ ရုပ်မရှိကောင်က"

တစ်ဆက်တည်းမှာ သူ အမျိုးမျိုး ဆဲရေးတိုင်းထွာလိုက်သည်။ သို့သော် ထိုသတ္တဝါက နားတတ်ပုံမပေါ်လှ။ သူ့ကိုလည်း သိပ်အရေးမလုပ်ဘဲ စာအုပ်ကိုသာ တစ်ရွက်ချင်းလှန်လှောဖတ်နေသည်။

သူက ခံပြင်းလှစွာ...

"ငါ ခဏတဖြုတ် လေ့လာရေးထွက်သွားတာ"

"ဘာထွက်သွားတာ"

"လေ့လာရေး၊ လေ့လာရေး၊ လေ့လာရေးထွက်သွားတာ"





ထိုသတ္တဝါက နှုတ်ခမ်းတွန့်၍ မဲ့လိုက်ရင်း...

"ဟွန်း... ဒီလောက်လေ့လာချင်မှတော့ကွာ၊ ညဥ့်ဦးပိုင်းကတည်းက ဒီနားမှာ ငါလျှောက်ပျံနေတာကို မင်းလေ့လာမိဖို့ ကောင်းတယ်"

"ငါက အဝေးကြီးသွားလေ့လာနေရတာကွ"

"လုပ်မနေစမ်းပါနဲ့ကွာ၊ မင်း ဒီလိုထွက်သွားတာနဲ့ ငါ ဒီလို ဝင်လာလိမ့်မယ်ဆိုတာကို မင်း အစောကြီးကတည်းက လေ့လာထားဖို့ကောင်းတယ်"

သူ ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်နေပြီးမှ...

"ဟောကောင် မင်း ထွက်သွားမလား၊ မထွက်ဘူးလား"

"မထွက်ဘူး"

"ကဲကွာ"

ထိုသတ္တဝါကို သူ ပြေးထိုးလိုက်၏။ သို့သော် ထိုး၍မရ။ ထိုသတ္တဝါက ရှောင်သည်မဟုတ်ပါဘဲ သူကလည်း ဘယ်လိုမှ ထိုး၍ မထိ။ ထိုသတ္တဝါက သူ့ကို အထူးအဆန်းလို ပြန်ကြည့်လေသည်။

ထိုအချိန်မှာပဲ...

"ဘယ်အချိန်ရှိနေပြီလဲ မအိပ်သေးဘူးလား"

*



www.burmeseclassic.com

www.burmeseclassic.com

(၅)

တံခါးဝမှာ ညဝတ်အင်္ကျီ ကပိုကရိုနဲ့ ခပ်နွဲ့နွဲ့ရပ်နေသည်က သူ့မိန်းမ။ သူ တုန်လှုပ်သွား၏။

"ဟော့... ဟော့... အဲဒီကောင်က ငါမဟုတ်ဘူး။ အဲဒါ ဘယ်ကကောင်လည်းမသိဘူး။ ငါက ဒီမှာ"

သူ အော်သော်လည်း သူမက မကြား။ သူ သွားဆွဲသော်လည်း သူမအသားက ခံစားရပုံ မပေါ်။ သူမက ထိုသတ္တဝါကိုပဲ မျက်လုံးကလေးမှေးစင်းကြည့်လိုက်ရင်း...

"ထားတော့ အဲဒီစာအုပ်ကို မနက်ကျမှ ဆက်ဖတ်၊ ခု အိပ်ဖို့ကောင်းပြီ"

ထိုသတ္တဝါက ပြုံးပြုံးကြီးဖြင့်...

"အဟီး... အင်း... အင်း အိပ်ကြတာပေါ့ အဟဲ"





သူက ထိန်းမရ သိမ်းမရ ဒေါသဖြင့် လှမ်းအော်လိုက်သည်။

"ဟေ့ကောင်"

သို့သော် ထိုသတ္တဝါက သူ့ကို လုံးဝအမှုမထား။ သူ့မိန်းမ၏ ခါးသိမ်ကို သိုင်းဖက်ရင်း အိပ်ခန်းဆီ တွဲထွက်သွားသည်။

"ဟာ"

သူ နောက်ကလိုက်ဆွဲ၏။ သူတို့နှစ်ယောက်ကို ပြန်ခွဲ၏။

"ဟေ့ကောင်... ဒါ... ငါ့မိန်းမ ဟေ့ကောင်"

သူလုပ်သမျှ ဘာမှအရာမရောက်ဘဲ ဖြစ်နေသည်။ သူတို့နှစ်ဦး အိပ်ခန်းထဲ လှမ်းအဝင်မှာ...

"ဟေ့ကောင်"

အသံနက်ကြီးဖြင့်အော်လိုက်ရင်း သူပါ လိုက်ဝင်မည်ပြု၏။ ထိုသတ္တဝါက သူ့ကို ဆတ်ခနဲ လှည့်ကြည့်ပြီး...

"ဘာလဲ မင်း လိုက်လေ့လာဦးမလို့လား"

သူ ကြောင်သွားသည်။ ထိုအချိန်မှာပဲ သူတို့နှစ်ဦးက အိပ်ခန်းထဲဝင်သွားပြီး အိပ်ခန်းတံခါးကလည်း ချပ်ခနဲ ပိတ်သွား၏။

"............................"

သူ ဘာလုပ်ရမည်မသိ။

အိပ်ခန်းထဲမှ သူ့မိန်းမ၏ ရယ်သံတစ်ချက်ကို ခပ်တိုးတိုးကြားလိုက်ရ၏။ သူ မခံမရပ်နိုင်အောင် ဒေါသတွေထွက်လာသည်။ ပူလောင်ပေါက်ကွဲနေသောဒေါသကို သူမထိန်းနိုင်တော့။ သို့သော် ဘာမှလည်းလုပ်၍ မရ။

ထိုသို့ဖြင့် သူသည် လေထဲမှာပဲ ဇွေ့ဇွေ့ခုန်နေရတော့သည်။

✦



www.burmeseclassic.com

www.burmeseclassic.com




# လူနှင့်တောအုပ်



www.burmeseclassic.com

www.burmeseclassic.com






(၁)

“သတိထားနော်… တောအုပ်ကြီးကို တစ်ရက်တည်းနဲ့ ဆောက်မိရင် လေတိုက်တာနဲ့ သစ်ပင်တွေ ပြန်လဲသွားလိမ့်မယ်”

ပြောသူကို မော့မကြည့်မိ။ သို့သော် ထိုစကားလုံးများက လေ၏ လှေကားထစ်တို့ကို နင်းကာ သူ့အကြားအာရုံတွင်းသို့ ဝင်ရောက်လာသည်။

သူ ခေါင်းညိတ်ပြလိုက်သည်။ ကောင်းကင်နှင့် မြေပြင်အကြား သူ့ဦးခေါင်း တစ်ချက်လှုပ်ရှားသွားခြင်းသာဖြစ်သည်။

တစ်ယောက်က မေးသည်။

“လှေလှော်တတ်တယ် မဟုတ်လား”

“ဟုတ်ကဲ့”

“မြင်းစီးတတ်တယ် မဟုတ်လား”

“ဟုတ်ကဲ့”

www.burmeseclassic.com

www.burmeseclassic.com



"လိုအပ်ရင် စကားပြောတတ်မယ် မဟုတ်လား"

"ဟုတ်ကဲ့"

"လိုအပ်ရင် စကားမပြောဘဲကော နေနိုင်မယ်မဟုတ်လား"

" ... ... ... ... ..."

တိတ်ဆိတ်စွာတုံ့ပြန်၏။ 'လျှာ' ဟူသည်မှာ အာခံတွင်းထဲ၌သာ ပျံသန်းနိုင်သောသတ္တဝါ ဖြစ်၏။

သူ့လက်က သူ့ပစ္စည်းများကိုသိမ်း၏။ အခြားသောလက်များက လည်း ကူညီသိမ်းဆည်းပေး၏။ သူ့ကိုယ်သူ အားပေးနေမိသလို အခြား သောလူများကလည်း အားပေးနေသည်။ သူက အခြားသူများကို နှုတ် ဆက်၏။ အခြားသူများကလည်း သူ့ကို နှုတ်ဆက်၏။

လက်တစ်ဖက်နှင့် အခြားသောလက်များ၏ အပြန်အလှန် ဖေ့ယမ်း နှုတ်ဆက်မှုများကြားတွင် အသံမဲ့စကားနှစ်ခွန်းရှိသည်။

"ဒီကျေးရွာလေးမှာပဲ အားလုံးငြိမ်းချမ်းကြပါစေ"

"မြို့တော်ကြီးမှာ မင်းတစ်ယောက် အောင်မြင်ပါစေ"

*





(၂-က)

မြစ်ထဲတွင် ရေတို့က တစ်စက်ချင်းရွေ့လျားနေ၏။ လှော်တက် တစ်လက်ဖြင့် လှေကလေးကလည်း သူတို့နှင့်အတူ စီးနင်းလိုက်ပါသွား သည်။

"ဗွမ်း..."

အသံနှင့်အတူ ရေထဲမှ ခုန်တက်လာသော ငါးတစ်ကောင်က လှေဝမ်း ထဲသို့ ရောက်လာသည်။ တမင်ခုန်တက်လာသလို ခံစားရမိချိန်မှာ ငါးက သူ့ကို အရယ်တစ်ဝက်ဖြင့် ပြော၏။

"ကြုံလို့ လှေလိုက်စီးတာပါ"

"သြော် သြော်... ငါးက လှေစီးချင်လို့"

"နောက်နောင် ရေထဲရောက်ရင်လည်း ခေါ်ပေါ့ဗျာ၊ သွားပြီ"

ပြောပြောဆိုဆို ငါးက ရေထဲသို့ ပလုံကနဲ ပြန်ခုန်ဆင်းသွား၏။ သူက လှေကို ကမ်းမှာကပ်လိုက်သည်။ ရှေ့မှာ... ကုန်းမြေ။



www.burmeseclassic.com

www.burmeseclassic.com



(၂၁)

မြင်းကုန်းနှီးကို ပြင်၏။ မြင်းဇက်ကြိုးကို စစ်ဆေး၏။ အားလုံး သေချာပြီးစီးသောအခါ ခရီးကို ဆက်နိုင်ရန်အတွက် မြင်းပေါ်တက်လိုက်၏။

ထိုစဉ်မှာပဲ မြင်းနှင့် အတူ လူပါ လန့်ဖျပ်သွားမိသော အမှတ်မထင် ဖြစ်ရပ်တစ်ခုကို ကြုံလိုက်ရ၏။ မြင်း၏ကျောပေါ်သို့ ကြွက်တစ်ကောင် တက်လာခြင်းဖြစ်၏။

ကြွက်ကို ရိုက်ရမှာ လက်ထဲက ကြာပွတ်ကို အားနာသဖြင့် သူ မျက်မှောင်ကြုတ်နေမိတုန်း ကြွက်က မလှုမပ ပြုံးပြလေသည်။

"ကြုံလို့ မြင်းလိုက်စီးတာပါ"

"သြော် သြော်... ကြွက်က မြင်းစီးချင်လို့"

"ဟုတ်တယ် ဖြစ်တယ်မို့လား"

"သြော် သြော်... ဖြစ်ပါတယ်၊ ဖြစ်ပါတယ်"





ထိုသို့ဖြင့် လူတစ်ယောက်နှင့် ကြွက်တစ်ကောင်တို့သည် တောင်စဉ် အထပ်ထပ်ကို မြင်းခွာလေးဘက်ပေါ်မှ ဖြတ်သန်းခဲ့ကြ၏။

ဟိုအရှေ့မှ မြူနှိုးများကြားတွင် မြို့ဝင်တံခါးကို တွေ့ရလေပြီ။ ကြွက်က သူ့ကို နှုတ်ဆက်၏။

"ကဲ... သွားတော့မယ်၊ ကျေးဇူးပဲ"

"သြော် သြော်... ဟုတ်ကဲ့ ဟုတ်ကဲ့"

"နောက်နောင် တွင်းထဲရောက်လဲ ခေါ်ပေါ့ဗျာ၊ သွားပြီဗျို့"

ပြောပြောဆိုဆို ကြွက်က မြေပေါ်သို့ပြန်ဆင်းပြီး ပြေးလွှားပျောက်ကွယ်သွား၏။ သူ မြင်းပေါ်မှာ ငြိမ်သက်စွာကျန်ရစ်ခဲ့ရင်း ရှေ့ကိုငေးနေမိ၏။

မြူ... နှင်း... မှုန်ဝေ ဖြိုးဖျော့သောအလင်းတို့ကြားမှ သူ ရောက်ချင်၍ လာခဲ့သော... မြို့တော်...။

*

www.burmeseclassic.com

www.burmeseclassic.com



(၃)

ဤခန္ဓာကိုယ်ကိုဝတ်ဆင်ကာ ဤမြို့တော်သို့ သူရောက်လာခဲ့ခြင်းဖြစ်သည်။ သူ့ခန္ဓာကိုယ်သည် ၂၈ နှစ်တာပြက္ခဒိန်တစ်အုပ်ဖြစ်၏။

တစ်ဖန် သူသည်ပင် သူ၏နေ့စဉ်မှတ်တမ်းစာအုပ် ဖြစ်လေသည်။ သူ့ကိုယ်သူ တစ်ရွက်ချင်းလှန်လှောဖတ်ရှုရင်း သက်ပြင်းတို့ တစ်စတစ်စ ရင့်ကျက်လာခဲ့ဖူး၏။

ယခုတော့ ထိုသက်ပြင်းတို့ကလည်း သူ့ကို ငြင်းလေပြီ။

“အိမ်လာလည်နော်၊ အင်း... ပြောသာ ပြောရတယ်၊ ရှိချင်မှ ရှိ တတ်တာ... အဟင်း”

“ဒီသချ်ာပုစ္ဆာကိုတော့ တွက်မနေပါနဲ့ဗျာ၊ တကယ်လို့ ခင်ဗျားက အဖြေမှန်သွားရင် ပုစ္ဆာကော၊ ပုစ္ဆာထုတ်သူကော သိက္ခာကျတယ်ဗျ”

“ဟဲ ဟဲ ဟဲ... လူ့ဘဝဆိုတာ ရှန်းရင်းကန်ရင်း ချိုရတာ





လက်ဖက်ရည်ခွက်ထဲကျနေတဲ့ ယင်ကောင်လိုပေါ့ဗျာ”

“တစ်ခါတစ်ခါကျတော့လည်း စစ်ဘုရင်သဘောလို ချင့်ချိန်တက်ရမယ်၊ တစ်ခါတစ်ခါကျတော့လည်း ဖဲသမားလို ပုံအောတတ်ရမယ်၊ တစ်ခါတစ်ခါကျတော့လည်း...”

“ယမ်တွေရှင်ကိုရဲ့ကဗျာထဲမှာ ပါတယ်ဗျ၊ လူတွေဟာ အသက်ကြီးလာလေလေ ပိုပြီးရိုးလေလေတဲ့”

“အဖော်လိုက်ခဲ့စမ်းပါ၊ ဘယ်သွားမှာလဲလို့ မမေးနဲ့ဗျာ... နော်၊ ဒါတော့ သည်းခံပါ”

သူ့ခေါင်းကိုသာ ဖြည်းညင်းစွာ ခါယမ်းနေမိတော့၏။ ကောင်းကင်နှင့် မြေပြင်အကြား သူ့ခေါင်းက ကန့်လန့်ခံထားသလို ဖြစ်သွား၏။

ဖြူစင်သန့်ရှင်းသော စာအုပ်ကလေးတစ်အုပ်တွင် ဖျက်ရာများ၊ ပြင်ရာများ၊ ကြက်ခြေခတ်များ၊ မျဉ်းကွေးမျဉ်းကောက်များ အားလုံး့လုံး ထွေးသတ်ပုတ်နေကြပေပြီ။ သူသည် ထိုစာအုပ်ဖြစ်၏။ လွယ်အိတ်ထဲမှ ထုတ်၍ သူ့ကိုယ်သူ ဆွဲဆုတ်ပစ်တော့မည်။

*



www.burmeseclassic.com

www.burmeseclassic.com



(၄)

တောအုပ်လည်း မမည်၊ သစ်ပင်လည်း မဖြစ်၊ ဘာကို တွယ်တာကျွမ်းချစ်ရမည်နည်း။

တောင်ကမ်းပါးယံစွန်းတွင် ရပ်လိုက်၏။ အောက်ဆီမှာ နက်ရှိုင်းသောချောက်ကမ်းပါးကို မထီတရီငုံ့ကြည့်လိုက်သည်။ လေကြမ်းတွေက တဟူးဟူးဖြင့် အူသံ ဝိုင်းပေးနေကြသည်။

စိတ်ထဲမှ တိုးတိုးလေးရွတ်လိုက်သည်။

တစ်...

နှစ်...

သုံး...

ခုန်အချ လေထဲသို့ တစ်ဘဝစာပုံကျသွားသည်။

လေတွေထဲ ထိုးခွဲ၍ သူ့ခန္ဓာကိုယ် ဒလိမ့်ခေါက်ကွေးကျနေစဉ်





အာရုံထဲ၌ နက်မှောင်ပြာလင်းသောအရုပ်၊ အရောင်နှင့် အရိပ်များစွာမြင်၏။

ထိုစဉ် သတိထားလိုက်မိသည်က သူ့အပေါ်လာနားသော စာကလေးတစ်ကောင်ကို ဖြစ်၏။

စာကလေးက သူ့ကို ပြုံးပြ၏။

"ကြိုလို့ လူလိုက်စီးတာပါဗျာ၊ ဖြစ်တယ်မို့လား"

သူ ဘာမှပြန်မပြောနိုင်ချေ။ အောက်သို့ အတားအဆီးမဲ့ ထိုးကျနေ၏။ အောက်မှ ကျောက်မြေနှင့် နီးကပ်လာသောအခါ သူ့ကိုယ်ပေါ်မှ စာကလေးက ဖြုတ်ခနဲ ပျံထွက်ကာ နှုတ်ဆက်စကားဆိုသွား၏။

"ကျေးဇူးပဲဗျာ... သွားဦးမယ်၊ နောက်လည်း လေထဲရောက်ရင် ခေါ်ပေါ့"

စာကလေးလှည့်ထွက်စဉ်မှာပဲ လူခန္ဓာကိုယ်နှင့် ကျောက်မြေတို့ ဝုန်းခနဲ ထိရိုက်သံကို အပြင်းအထန်ကြားရ၏။

ထို့နောက် ချက်ချင်းဆိုသလိုပင်...

"ဟဲလို... သူငယ်ချင်း မှတ်မိတယ်မို့လား၊ ကိုယ် လေထဲရောက်လာပြီလေ"

စာကလေးက သေသေချာချာကြည့်ပြီးမှ မှတ်မိဟန်ဖြင့် နှုတ်တုံ့ပြန်သည်။

"ဩော်... ခင်ဗျားက ဝိညာဉ်ဖြစ်သွားပြီကိုး၊ လေထဲပျံလို့ ရပြီပေါ့၊ ကောင်းတယ် ကောင်းတယ်၊ ဒါထက်..."

စာကလေးက ဇဝေဇဝါဖြစ်ဟန်ဖြင့် ဝိညာဉ်၏ကျောဘက်သို့ လှမ်းကြည့်ကာ...

"ခင်ဗျားကျောပေါ်က ဘာတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်က သူ့ကျောကို သူ့လက်ဖြင့် ပြန်စမ်းလိုက်၏။ လက်ဖျားတွင် မြေမှုန့်များ ကပ်ပါလာသည်။

သူ အံ့ဩနေစဉ် စာကလေးက ပြော၏။

"ဒီတောင်နံရံက မြေမှုန့်တွေပဲဗျ၊ ကြုံလို့ ဝိညာဉ်လိုက်စီးကြတာ ဖြစ်မှာပေါ့၊ နောက် တောင်ထဲရောက်ရင်လည်း သူတို့ကို ခေါ်ပေါ့ဗျာ"

ပြောပြီးသည်နှင့် စာကလေးက လှည့်ထွက်သွား၏။ ထိုစဉ်မှာပင် သူ့တစ်ကိုယ်လုံး တုန်ခနဲ ဖြစ်သွားရလောက်အောင် ဝိညာဉ်၏နှုတ်ဖျားမှ ပြင်းထန်စွာထွက်ပေါ်လာသည့် ပေါက်ကွဲသံကို ကြားလိုက်ရ၏။

"ဘောက်..."

✦








# လူနှင့် နွေရာသီဂီတ

www.burmeseclassic.com

www.burmeseclassic.com





(၁)

စကားပြောမည့်ဟန် ပြုပြီးမှ မပြောသေးဘဲ သူ့လက်ထဲမှ ဝီစကီခွက်ကို မျှင်း၍ သောက်၏။

ထို့နောက်မှ ခွက်ကို စားပွဲပေါ်သို့ အသံမမြည်အောင် ပြန်ချကာ ဤရက်ပိုင်းများအတွင်းဝယ် သူမကြာမကြာ ပြောနေကျဖြစ်သော (ယခင်က ပြောလေ့ပြောထ လုံးဝမရှိသော) စကားတစ်ခွန်းကို ဆို၏။

"လူဟာ လှလှပပ သေတတ်ဖို့ လိုတယ်ဗျ။ Beauty in death ဆိုတဲ့ စကားလေးကို ခင်ဗျား ကြားဖူးတယ်မို့လား။ ကျွန်တော်တို့ဟာ သေခြင်းကို လှလှပပ ရင်ဆိုင်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်သင့်တယ်"

မျက်နှာကျက်မှ ပန်ကာအိုကြီး၏ တုန်ရီနေးကွေးစွာ လည်ပတ်နေမှုက နွေနေ့လယ်ခင်းကို ပို၍ ငြီးငွေ့စိတ်ပျက်ဖွယ်ရာ ဖြစ်စေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စတင်ကြာ ရစကတည်းက ဘာမှ တုံ့ပြန်ပြောဆိုမှု မပြုခဲ့မိသော သူ့စကားအတွက် ယခုအချိန်မှာတော့ ကျွန်တော် ဘာကိုမှ စောဒကတက် မနေတော့ပါ။ ဖန်ခွက်ပတ်လည်တွင် ဝန်းခိုတွဲအိနေသော ရေခဲငွေ့မှုန်များ ကိုသာ စစ်ရှုံးပြီး ပြိုကျလာသော ရေခဲတောင်ကြီးများပမာ ငေးမောစိုက် ကြည့်နေလိုက်၏။

ဆိုင်ပြတင်းမှတစ်ဆင့် ဟိုဟိုဒီဒီ လှမ်းမျှော်ကြည့်လျှင် နေရောင်ဖြင့် စိုရွှဲနေသော သစ်ပင်ကားကားကြီးများကို မြင်နေရသည်။ ကြည်နူးစရာ သိပ်မကောင်းလှ။ လက်ထဲမှ ဖန်ခွက်ကို ပြန်ချလိုက်သည်။

သူနှင့်ပတ်သက်သော အကြောင်းအရာများက မစဉ်းစားရပါပဲ ခေါင်း ထဲမှာ အညီအညာ ပေါ်လွင်လာ၏။

သူနှင့် ကျွန်တော် သိပ်ခင်ကြသည်ဆိုသောအချက်က ဘာအကြောင်း ပြချက်မှ မလိုလှဘဲ မြဲမတ်ခိုင်မာနေသည်။

နှစ်ကိုယ့်တစ်စိတ်၊ နှစ်ယောက်တစ်အိပ်မက်ဟု ပြော၍ ရလောက် အောင် သူရယ် ကျွန်တော်ရယ် အတွဲညီခဲ့ကြ၏။

ကျွန်တော်တို့ နှစ်ယောက်လုံး ဂျပန်ရုပ်ရှင်ကားတွေကို ကြိုက်လေ့ရှိ သလို ခရီးထွက်ရတာကိုလည်း သဘောကျတတ်ကြ၏။ ဝိစကီအရက် ခပ်ပြင်းပြင်းကို စွဲလန်းနှစ်ခြိုက်ရာမှာလည်း တူညီနေပြန်သည်။

ဤမြို့ကလေးတွင် သူနှင့်ကျွန်တော်သည် အတွဲအများဆုံး မိတ်ဆွေ နှစ်ယောက် ဖြစ်ခဲ့၏။

သူ့ကို ကျွန်တော်က နားမလည်တာ ရှိသည်ဟု ဆိုမိလျှင် အချို့ သူများက ယုံကြည်လိမ့်မည် မဟုတ်။





ကျွန်တော်ကလည်း သူ့ကို နားမလည်တာ တစ်ချက်တည်းရှိပြီး ထိုအချက်ကလည်း ယခု သူပြောသွားသော စကားပင် ဖြစ်လေသည်။

လှပစွာ သေဆုံးခြင်း-

ထိုစကားကို သူပြောတိုင်းမှာ သာမန်မဟုတ်သော အရိပ်ငွေ့တချို့ ဆွဲဝဲလွှန့်လူးနေသည်ဟု ကျွန်တော် ခံစားမိသည်။ သူ့အမူအရာများကလည်း ခါတိုင်းနှင့်မတူဘဲ တစ်မျိုး ဖြစ်နေသည်။

သူ့မှာ အကြောင်းတစ်ခုခု ရှိနိုင်ပါ၏။

သူမပြော၍ ကျွန်တော် မမေးဘဲ နေမိခြင်းသည် တစ်ခုခု လွဲချော် နေပြီလားဟု ကျွန်တော် စဉ်းစားဆဲ-

“ခွမ်း”

ထိုဖန်ခွက်ကွဲသံထဲမှာပဲ လျှို့ဝှက်ချက်၏ တစ်စိတ်တစ်ပိုင်းကို ကျွန်တော် သိလိုက်ရပါတော့သည်။

ကျွန်တော်တို့ ဘေးစားပွဲမှ လူတစ်ယောက် ဖန်ခွက်လွတ်ကျပြီး ကွဲသွားခြင်း ဖြစ်ပါသည်။

ထိုသို့သောကိစ္စသည် စာသောက်ဆိုင်များတွင် ဆန်းလေ့ဆန်းထ ရှိပါ။

သို့သော် သူက လန့်ဖျပ်ကာ မတ်တပ်ရပ်ပြီးမှ ဣန္ဒြေပြန်ဆယ်၏။ 'ဟာက်'ခနဲရယ်ပြီး 'ကျွန်တော်က ကျည်ဆန်မှန်တာလားလို့ ...'

ကျွန်တော်က ဘာမှ ပြန်မပြောသောအခါ သူက သက်ပြင်းတစ်ချက် ချရင်း သူ့စကားကို ဆက်ဆိုလေသည်။

'ကျွန်တော်.......................'



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း စကားလုံးတွေ တိုးငြိမ်သွား၏။

'ကျည်ဆန်တစ်တောင့်ကို စောင့်နေတာပါ'

*





(၂)

အကြောင်းတိုက်ဆိုင်၍ ထိုကိစ္စကို ပြောပြမိသည့်အခါတိုင်းမှာ သူငယ်ချင်းအားလုံးသည် မျက်လုံးအဝိုင်းသားနှင့် စိတ်ဝင်တစား နားထောင်နေတတ်ပြီး သိပ်မထူးခြားလှပါဟု ထင်မြင်သူကပင်လျှင် ဤဖြစ်ရပ် သိပ်မရိုးစင်းလှပဟု ထပ်ဆင့် ထင်မိသဖြင့် ရေငုံနှုတ်ဆိတ်ပြီးသား နားထောင်နေတတ်သည်။

နောက်ပိုင်းရက်တွေမှာလည်း အဲဒီလိုပဲ။

သူ့ဆီ ကျည်ဆံတစ်တောင့် ရောက်လာမယ်ဆိုတဲ့ အသိနဲ့ သူစောင့်နေတော့တာပဲ–

"ဘာဖြစ်လို့လဲ အဲဒါ ဘယ်လိုဖြစ်တာလဲ"

ဝေဝေဝါးဝါးပင် ကျွန်တော် ပြုးလိုက်မိ၏။

နံရံဆီ ငေးကြည့်ရင်း နှုတ်ခမ်းကိုလည်း ဖွဖွကိုက်ထားမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်တော်မပါဘဲ ရုပ်ရှင်သွားကြည့်သည်ဆိုတာ သူ့အတွက် အတော်ရှားပါးလှပါသည်။

ကျွန်တော်တို့ နားမလည်နိုင်မိသော ဤဖြစ်ရပ်ကလည်း ကျွန်တော်မပါဘဲ သူတစ်ယောက်တည်း သွားကြည့်သော ရုပ်ရှင်ပွဲတစ်ခုမှ စတင်ခဲ့ခြင်းဖြစ်၏။

ထိုရုပ်ရှင်ကား နာမည်ကို သူမမှတ်မိတော့ဟု ကျွန်တော် သိရသည်။

သူမှတ်မိသည်က နှင်းဆီဖူးလေးတစ်ခုက 'ဖန်း'ခနဲ မြည်ဟည်းပြီး နှင်းဆီပွင့်အဖြစ် ပြောင်းလဲသွားခြင်းကို ဖြစ်သည်။ နှင်းဆီဖူးကလေး ပွင့်ထွက်သည့် ထို'ဖန်း'ခနဲမြည်သံကို သေနတ်သံဟု သူခံစားလိုက်ရသည်။ နှင်းဆီပန်းကလေး ပွင့်ထွက်လာစဉ် ပန်းဖူးထဲမှ ကျည်ဆံတစ်တောင့်က သူ့ရင်ဘတ်ဆီ 'ဝီ'ခနဲ တိုးဝင်လာသည်ဟု သူသိလိုက်၏။

ထိုခဏမှာ သူ အသက်မဲ့သလို ဖြစ်သွားရ၏။

အသက်ရှူရပ်မိသည်နှင့်အမျှ ဝိညာဉ်လည်း လွင့်ကျွတ်ထွက်သွားသည်။

ပတ်ဝန်းကျင်တစ်ခုသည် လုံးဝ တိတ်ဆိတ်။

ရထားဘီးက သံလမ်းကို မီးပွင့်အောင် ပွတ်ကြိတ်လိုက်သည့်နှယ် သူ့စိတ်တွေ တကျိကျိ အသံမြည်ပြီးမှ ငြိမ်ကျသွားသည်။

သူ အိမ်ပြန်လာခဲ့သည်။

အရာရာကို စိတ်မပါဘဲလျက် အရာပေါင်းများစွာကို ကျော်ပေးပြီး သူအိမ်ပြန်လာခဲ့ရသည်။

ရထားကြီးတစ်စင်းက သူနောက်မှ ဥသြဆွဲပြီး ပြေးလိုက်လာသလို ချောက်ချား၏။





သူ့ခြေအစုံကို ရပ်လိုက်မိ၏။

ဖြည်းဖြည်းချင်း ပြန်လှော့က်၏။

ကျည်ဆံတစ်တောင့်က သူ့နောက်မှ (အေးအေးဆေးဆေး) ပျံသန်းလိုက်လာပါသည်ဟု သူ သိလိုက်လေသည်။

"သူ ငါတို့မြို့မှာ ကျန်ခဲ့တယ်၊ သိပ် စိတ်ဝင်စားရင်တော့ ဒီတစ်ခါ ငါပြန်ရင် လိုက်ခဲ့ကြပေါ့၊ သူ့ကို တွေ့မှာပေါ့၊ အခုထိ သူဟာ သူ့ဆီလာမယ့် ကျည်ဆံကို စောင့်နေတုန်းပဲ"

ညနေသည် မြူတချို့ကို ရွှေရောင် ဝင်းစေသည်။

မည်သူသိဆိုနေမှန်းမသိသော ဘဝသံသရာသီချင်းကိုလည်း ခပ်လှမ်းလှမ်းမှ တိုးသဲ့စွာ ကြားနေရ၏။

ကျွန်တော်တို့အားလုံး အတန်ကြာ ငြိမ်သက်နေမိပြီးမှ ကျွန်တော်တစ်ယောက်တည်း ပြောသလို ရေရွတ်မိပြန်သည်။

"လှလှပပ သေဆုံးသွားတာဟာ လှလှပပ ရှင်သန်ခဲ့တာပဲ ဖြစ်မှာပေါ့ ...၊ ဒါဟာ ..."

*



www.burmeseclassic.com

www.burmeseclassic.com



(၃)

သူ၊ ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းတစ်ယောက်တို့ လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်မှာ ဆုံစည်းမိကြပါသည်။ သူ့ဘာသာ စားပွဲတစ်လုံးမှာ တစ်ယောက်တည်း ထိုင်နေရင်းက မမျှော်လင့်ဘဲ ကျွန်တော့်ကို တွေ့လိုက်ရသဖြင့် သူ ဝမ်းသာသွားပုံရလေသည်။ အင်္ဂလိပ်ဝတ္ထုစာသားတစ်ပုဒ်ထဲက အတိုင်း–

'နွေရာသီကတော့ ပျံလွှားတွေနဲ့အတူ ခင်ဗျားကိုပါ ယူလာတာကိုး' ဟု အင်္ဂလိပ်လို လှမ်းပြော၏။

ကျွန်တော်တို့ တွေ့ရာလေးပါးစကားတွေကို ရယ်ကာမောကာ ထိုင်ပြောဖြစ်ကြ၏။

ကျွန်တော်နှင့်သူ နောက်ပြောင်ပြောဆိုနေသမျှကို ကျွန်တော့် သူငယ်ချင်းက နံဘေးမှ အကဲခတ်နေသည်။





(သူ့ကို အကဲခတ်ခြင်းသာ ဖြစ်လေသည်)

သူက နှစ်လိုဖွယ်ရာကောင်းလောက်အောင် လန်းဆန်းတက်ကြွနေသည်။

တစ်ချက်တစ်ချက် လက်မှ နာရီကို ကြည့်လိုက်၊ ဆိုင်ပေါက်ဝကို လှမ်းကြည့်လိုက်နှင့် တစ်စုံတစ်ရာကို စောင့်မျှော်ဟန်လည်း ရှိ၍ ကျွန်တော်က မေးလိုက်မိသည်။

"ခင်ဗျားက ဘာကို မျှော်နေတာလဲ"

ထိုအခါ သူက ကျွန်တော့်ကို အပြစ်တင်သလိုကြည့်ရင်း–

"ခင်ဗျား သိရက်သားနဲ့ဗျာ"

"ဘာလဲ ဘာကို သိရမှာလဲ"

သူက သူ့အကြည့်ကို ကျွန်တော့်မျက်နှာဆီမှလွှဲပြီး မသဲမကွဲ ရယ်ဟန်ပြုသည်။ ခပ်တိုးတိုးလေးဖြင့်–

"ကျွန်တော့်ကျည်ဆံကို ကျွန်တော် စောင့်နေတာ"

ပြောပြီး သူက စားပွဲမျက်နှာပြင်ကို ငေးစိုက်ကြည့်နေလိုက်သည်။

ထို့ကြောင့် ကျွန်တော့် သူငယ်ချင်းများ၏ မျက်နှာအမူအရာပြောင်းလဲမှုကို သူ မရိပ်မိပါချေ။ သူငယ်ချင်းက စားပွဲပေါ်သို့ ကက်ဆက်သေးသေးလေးတစ်လုံးကို မသိမသာ တင်လိုက်၏။

(သူ့စကားကို အသံဖမ်းရန် ဖြစ်သည်။)

"ခင်ဗျား ကျည်ဆံကရော လာမှာမို့လို့လားဗျာ"

"လာလိမ့်မယ်၊ အခု လာလိမ့်မယ်"

ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် အံ့သြသလို ဖြစ်သွားမိကြပြီး သူ့ကို ခပ်စူးစူးကြည့်မိကြလေသည်။ ကျွန်တော်တို့ကို ပြုံးပြပြီး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အငိုက်မိသွားစေမည့် စကားတစ်ခွန်းကို ပြောချလိုက်သည်။

"ပြောရင်းဆိုရင်းကို လာနေပြီ၊ အခု ဆိုင်ထဲဝင်လာသူဟာ ကျွန်တော် ဆိုလာတဲ့ ကျည်ဆံပဲ"

ကျွန်တော်တို့ စကားဝိုင်းကလေး အံ့မှိုင်းတိတ်ဆိတ်သွား၏။ စိတ်ထဲမှာလည်း ယမ်းခိုးရနံ့တွေ ရှူလိုက်ရသလို ခံစားလိုက်ရသည်။

ဆိုင်ထဲဝင်လာသူကလည်း အခြားစားပွဲလွတ်တွေ ရှိလျက်နှင့် ကျွန်တော်တို့ စားပွဲကိုမှ တည့်တည့်လျှောက်လာနေလေသည်။

ငယ်ရွယ်လှပသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်မှာ ...

ထူးခြားသော အချက်တစ်ချက် ဖြစ်နေ၏။

သူမ ကျွန်တော်တို့ဆီ လျှောက်လာပုံက နှင်းဆီပန်းလေးတစ်ပွင့် လမ်းလျှောက်လာသလိုပင် သိမ်မွေ့နေသည်။

(ကျည်ဆံတစ်တောင့် ပျံသန်းလာသလိုလည်း ပြင်းထန်လေသည်။)

သူမက ကျွန်တော်တို့ကို အကဲခတ်သလို ဝေ့ကြည့်ရင်း သူ့ရှေ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။

"ရောက်နေတာ ကြာပြီလား"

ဟု ဘယ်သူ့ကိုမှ မကြည့်ဘဲ ပိုင်နိုင်ရဲရင့်စွာ မေး၏။

"မကြာသေးပါဘူး"

ဟု တိုးညင်းတုံ့ဆိုင်းစွာ သူဖြေလေသည်။

ထို့နောက် သူနှင့် သူမတို့ စကားတိုးတိုးပြောကြလေသည်။

ဂစ်တာကြိုးတစ်ချောင်းဝယ်ရန်၊ ကလေးအချို့ကို စာသင်ပေးရန်၊ ပန်းအလှပြိုင်ပွဲတစ်ခုကို သွားကြည့်ရန်။

စသော သိပ်အရေးမကြီးလှသည့် ကိစ္စများဖြစ်ပြီး ထိုကိစ္စများ





အားလုံးကလည်း အင်မတန် အရေးကြီးနေသယောင်ပင် သူတို့နှစ်ယောက် အကြားမှာ စုန်ဆန်လူးလားနေသည်။

သူ့ကို ကျွန်တော် တွေ့မြင်နေရသည်ကလည်း မည်သည့်အခါကနှင့်မှမတူအောင် နူးညံ့ယဉ်ကျေးနေပေသည်။

ကျွန်တော်တို့ ရှူရှိုက်မိသော ယမ်းခိုးရနံ့က ချိုရီသော နှင်းဆီရနံ့ အဖြစ် ပြောင်းလဲကာ ကျွန်တော်တို့အားလုံးအပေါ် စိမ့်ယိုပျံ့စီးကျနေ၏။

သူငယ်ချင်းက သက်ပြင်းတစ်ချက်ချရင်း စားပွဲပေါ်မှ ကက်ဆက်ကလေးအပေါ် လက်တင်လိုက်၏။

ကက်ဆက်ထဲမှ သာယာသော ဂီတသံများ ထွက်ပေါ်လာပြီး နွေးရာသီသည် ဂီတနှင့်အတူ သူနှင့် သူမတို့အပေါ်သို့ ကျသွားသည်။

ကျွန်တော်တို့ ငေးကြည့်နေရလေသည်။

အတန်ကြာမှ ကျွန်တော်က သူ့ကို စကားဆိုမိပြန်သည်။

"ခင်ဗျားနဲ့ ကျွန်တော် ခရီးမထွက်ဖြစ်တာ အတော်ကြာပြီနော်"

"အင်း... ဟုတ်တယ်၊ အားလဲ မအားပါဘူးဗျာ"

ဘာကြောင့်ရယ်တော့ မသိချေ။ သူက သူ့ကို ကျွန်တော် ခရီးထွက်ဖို့ခေါ်မှာကို စိုးရွံ့နေဟန် ရှိလေသည်။ တစ်ခါမှ ထိုသို့ မကြုံဖူးသဖြင့် ကျွန်တော့်မှာ အထူးအဆန်းသဖွယ် ဖြစ်ရပါသေးသည်။

"ခု ဂျပန်ကားသစ် ရုံတင်နေတယ်၊ သွားကြည့်ကြရအောင်"

"ကျွန်တော် ကြည့်ပြီးပြီဗျ၊ သူနဲ့ပေါ့"

သူ့ကျည်ဆံကလေးကို မေးဆတ်ပြပြီး ပြန်ဖြေခြင်း ဖြစ်သည်။

ကျွန်တော့်မှာ ခေါင်းညိတ်လက်လျှော့ရုံမှတစ်ပါး အခြားဘာကိုမှ တောတ်နိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အနေနှင့်သာ–

“ကျွန်တော့်မှာ ဝီစကီအပြင်းစားတွေလဲ ပါတယ်”

သူ စိတ်ဝင်စားသွားလေသည်။

“ဟင်... ဟုတ်လား ဘာတွေ”

သူ့စကားမဆုံးခင်မှာ သူ့ကျည်ဆံလေးထံမှ သတိပေးချောင်းဆိုးသံလေး တဟွတ်ဟွတ် ထွက်လာ၏။

သူက ပြောလက်စ စကားကို ပြန်ပြောင်းကာ–

“မသောက်တော့ပါဘူး၊ အရက်ကတော့ မသောက်တာပဲ ကောင်းပါတယ်၊ ဘီယာလောက်ပဲ”

ဤတစ်ကြိမ်မှာလည်း သူ့စကားက မဆုံးလိုက်ပြန်ပါ။ မအောင့်နိုင်သော ကျွန်တော်နှင့် သူငယ်ချင်းဖြစ်သူတို့က ဝါးခနဲ ရယ်လိုက်မိသောကြောင့် ဖြစ်သည်။ ကျည်ဆံကလေးကို တစ်ချက် ခိုးကြည့်ပြီးမှ သူကလည်း ကျွန်တော်တို့နှင့်အတူ လိုက်ရယ်ရှာသည်။

ခဏအကြာမှာ ကျွန်တော်တို့စားပွဲပေါ်သို့ ဘီယာပုလင်းများ ရောက်နေပြီ ဖြစ်၏။

သူ၊ ကျွန်တော်နှင့် သူငယ်ချင်းတို့ ဘီယာခွက်များ ဆန့်မြှောက်လိုက်ကြသည်။

ထို့နောက် တိုင်ပင်မထားသော စကားတစ်ခွန်းသည် သုံးယောက်၏ နှုတ်များမှ ညီတူညာတူ ထွက်ကျသွား၏။

"Beauty in death"

ကျွန်တော်တို့ ရယ်လိုက်မိပြန်သည်။

ဤတစ်ကြိမ်မှာတော့ သူ့ကျည်ဆန်ကလေး၏ ရယ်သံလွင်လွင်





ကလေးပါ ရောရောနှောနှောပါဝင်လာပြီဖြစ်၍ နွေရာသီကလည်း ကြည်နူးချမ်းမြေ့ဖွယ်ရာ ဖြစ်လာသည်။

နွေရာသီသည်လည်းကောင်း၊
ဂီတသည်လည်းကောင်း၊
သူနှင့် သူမအကြောင်းကို
များစွာ ပြောပြလိမ့်ဦးမည်ဟု
ယူဆရလေသည်။

✦



www.burmeseclassic.com

www.burmeseclassic.com




# လူနှင့် သံသရာတေးသွား

www.burmeseclassic.com

www.burmeseclassic.com





- အသက်ရှူသံကြီး။
- ကြောက်လန့်မှုအားကြီးပြီး အသက်ရှူမမှန် ဖြစ်နေသည့် လူတစ်ယောက်၏ မူမမှန်သောမျက်နှာ။
- လူတစ်ကိုယ်လုံးပြ။ (နံငယ်ပိုင်းလေးပဲ ဝတ်ဆင်ထားသည်။)
- သူ့ရှေ့မှာ စားပွဲတစ်လုံးနဲ့ ငရဲမင်းကြီး။ (ငရဲမင်းကြီး၏ စားပွဲပေါ်မှာ တယ်လီဖုန်းလည်းရှိ) သူ့ကိုကြည့်နေ။
- သူ့နောက်မှာ မိန်းကိုင်ထားသောငရဲသား (မျက်နှာထားတင်းတင်းဖြင့်ရပ်နေ။) ငရဲသား၏ နဖူးမှာ 'စောမင်းဝေ' ဟု ရေးထား။
- ကြောက်လန့်နေသောသူ့ကို ပြန်ပြ။
- ငရဲမင်းကြီးက သူ့ကိုကြည့်ရာမှ စားပွဲပေါ်မှ ဖိုင်တွဲဆီ အကြည့်ပြောင်း၊ စာကြည့်မျက်မှန် ယူတပ်။
- စာရွက်ကောက်ကိုင်၊ အရာရှိဟန်ဖြင့် ဖတ်နေ (ထိုရုံးခန်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဗီးရှင်း ရှိသည်ကိုလည်း ပြထားပါ။)

- သူ့ကို မျက်မှန်ပေါ်မှ ကျော်ကြည့်။ စာရွက်ဆီ ပြန်ကြည့်။
- သူ့ဘာသာ တစ်ယောက်တည်းပြောသလိုနှင့်...

**ငရဲမင်း ။** မင်းနာမည်က မောင်မောင်နီကိုရဲ... ဟုတ်လား၊ အလုပ်အကိုင် က စာရေးကြီး၊ ဘတ်စ်ကားနဲ့ သစ်ပင်နဲ့ တိုက်တာမှာ တစ်ကား လုံး မင်းတစ်ယောက်ပဲ သေ၊ သေသေချင်း ငရဲပြည်ကျလာ တာပါလား။

**နီကိုရဲ ။** ဟို ဟို...မှားပြီးကျလာတာ ဖြစ်ပါလိမ့်မယ်။

- ငရဲမင်းကြီး နီကိုရဲကိုကြည့်၊ ခေါင်းတဆတ်ဆတ်ညိတ်။
- နီကိုရဲ ရှိုးတိုးရှန်းတန်းဖြစ်နေ။
- ငရဲမင်းကြီးက ရီမု(တ်)ကွန်ထရိုးတစ်ခုကို ဆွဲယူပြီး

**ငရဲမင်း ။** ကြည့်ကြသေးတာပေါ့ကွာ၊ ကဲ... (ခလုတ်နှိပ်လိုက်)

* **တီဗွီထဲမှာ ရုပ်ပုံတွေပေါ်လာ။**

- နီကိုရဲ သူ့အထက်အရာရှိကြီး ဦးစိုးဝင်းငြိမ်းရှေ့မှာ ရိုရိုကလေး ရပ်နေ။

**အရာရှိ ။** ခင်ဗျားဟာ အမြဲတမ်း ရုံးနောက်ကျတယ်၊ ဘယ်လိုပြောပြော မရပါလား။

**နီကိုရဲ ။** ဘတ်စ်ကားက ကျပ်လွန်းတဲ့အတွက် ဂိတ်ကနေ ပြန်ပတ်စီး နေလို့ပါ ဆရာ။

- ငရဲမင်းကြီး ခေါင်းတစ်ချက်ညိတ်ပြီး ခလုတ်ကို တစ်ခါထပ်နှိပ်။

* **တီဗွီထဲမှာ အရုပ်တွေ တစ်မျိုးထပ်ပေါ်လာ။**

- နီကိုရဲနှင့် သူ့မိန်းမ စကားပြောနေ။

**မိန်းမ ။** ရှင့်ဟာ ရုံးကလည်း အမြဲတမ်း သူများထက်နောက်ကျပြီး





ပြန်ရောက်တယ်၊ ကျုပ်မပြောခဲ့ဘူး။

**နီကိုရဲ ။** အိုကွာ... မင်းကလည်း ကားကကျပ်လွန်းလို့ ငါပတ်စီးနေရတာပဲ၊ ဒီလောက်တော့ နောက်ကျမှာပေါ့။

- ငရဲမင်းကြီး ခေါင်းထပ်ညိတ်။

**ငရဲမင်း ။** မင်းက ကားပတ်စီးတာကို ဝါသနာပါသလား။

**နီကိုရဲ ။** (ခေါင်းကုတ်ရင်း) ဟို... အဲလိုတော့လည်း မဟုတ်...

**ငရဲမင်း ။** နေ နေ... ဒီမှာ ငါ့ဘာသာ ကြည့်မယ်။

- ခလုတ်ကို တစ်ခါထပ်နှိပ်။

* **တီဗွီထဲမှာ အရုပ်တွေ ထပ်ပေါ်လာ။**

- နီကိုရဲ ရုံးခန်းသို့ဝင်လာ။ သူ့အလုပ်စားပွဲဆီသွား။ သူထိုင်ရမည့် ကုလားထိုင်ကို သဘောကျစွာကြည့်။ ကုလားထိုင်ကို ဂရုတစိုက် လှည့်ပတ်ဖုန်ခါ။ ကုလားထိုင်ကို ဖြည်းဖြည်းကလေး နေရာဆွဲရွှေ့။ ကုလားထိုင်ပေါ်မှာ အရသာရှိစွာ ဝင်ထိုင်။ ကုလားထိုင်ပေါ်ထိုင်ရင်း မျက်စိကလေးမှိတ်၍ ဇိမ်ခံနေ။
- ငရဲမင်းကြီး (သဘောပေါက်သွားသလို) မိန့်မိန့်ကြီးပြုံး။

**ငရဲမင်း ။** လက်စသတ်တော့ ဒီလိုကိုး... ဟိုး ဟိုး။

- နီကိုရဲနောက်မှ ငရဲသားကလည်း မဲ့ပြုံးပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ်။
- တယ်လီဖုန်းခေါ်သံမြည်လာ။
- ငရဲမင်းကြီး ဖုန်းကောက်နားထောင်။

**ငရဲမင်း ။** ဟဲလို... အမိန့်ရှိပါ၊ ငရဲပြည်ကပါ။ ဩော်... ဆေး၊ ပြော ...။ (တစ်ဖက်မှ စကားသံကို ဖုန်းပြောသံအတိုင်း တိုက်ရိုက်

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးပါ။)

**အသံ** ။ ငရဲမင်းကြီးခင်ဗျား... ကျွန်တော်ရရှိထားတဲ့ သတင်းတွေအရ ဆိုရင် အခု ငရဲမင်းကြီးဆီရောက်နေတဲ့ နီကိုရဲဟာ လူ့ပြည်မှာနေခဲ့စဉ်က အင်မတန် မက်သူလို့ သိရပါတယ်။ သူနဲ့ ပတ်သက်တဲ့ တိုင်တန်းစာတွေ ကျွန်တော့်ဆီမှာ အများကြီး ရောက်နေပါတယ်။ ဘတ်စ်ကားစီးရာမှာလဲ သူဟာ သူ ထိုင်ခုံ ရဖို့ဆိုရင် ကျန်တဲ့သူတွေကို မျိုးစုံ လုပ်ခဲ့ပါတယ်။ အဲဒီ ပြစ်မှုတွေနဲ့ပဲ သူဟာ အခုလိုသေသေချင်း ငရဲပြည်ကို တန်း ရောက်လာတာ ဖြစ်ပါတယ်။

- ငရဲမင်းကြီး နီကိုရဲကိုကြည့်ရင်း ဖုန်းကို ပြန်ချလိုက်။
- နီကိုရဲက ရပ်ရတာ ညောင်းသလိုလုပ်ရင်း ဟိုဟိုသည်သည်မှ ထိုင်ခုံလိုက်ရှာ၊ မျက်စိကစား။
- ငရဲသားက နောက်မှ မိုန်းနှင့် ထိုး၊ နီကိုရဲ တွန့်သွား။

**ငရဲသား** ။ ငြိမ်ငြိမ်နေစမ်း။

- နီကိုရဲ ငြိမ်သွား။

**ငရဲမင်း** ။ နီကိုရဲ... နီကိုရဲ... မင်းဟာ လူသေးသလောက် အင်မတန် အတ္တကြီးတာကိုးကွ၊ ကိုယ်ရဖို့အတွက်ဆိုရင် ဟိုလူကို တက်နင်း၊ ဒီလူကို ဆောင့်တွန်း၊ တခြားလူတွေ နစ်နာအောင် အများကြီးလုပ်ခဲ့တယ်။ ဒါကြောင့် မင်းဟာ ငရဲပြည်ကို ဘတ်စ်ကားစီးပြီး ရောက်လာရတာပဲ။

- နီကိုရဲ မျက်နှာသေလေးနှင့် ငြိမ်နေ။

**ငရဲမင်း** ။ သူတော်ကောင်းတရားကို မသိတဲ့ သူမိုက်အတွက် သံသရာ





ဟာ ရှည်တယ်တဲ့၊ သံသရာဟာ မှောင်မိုက် ရှည်မျောလွန်းတယ်ကွ၊ မင်း မကြောက်ဘူးလား။

**နီကိုရဲ** ။ ကြောက်... ကြောက်တော့ ကြောက်ပါတယ်။ ဒါ... ဒါပေမဲ့...

**ငရဲမင်း** ။ အင်း... ဆက်ပြော၊ ဒါပေမဲ့ ဘာဖြစ်လဲ။

**နီကိုရဲ** ။ (မျက်လုံးပေကလပ် ပေကလပ်ဖြင့်) ဟို ဟိုလေ... ထိုင်... ထိုင်စရာခုံသာ ရမယ်ဆိုရင်တော့ ဒီမှောင်မိုက်ရှည်မျောတဲ့ သံသရာကြီးကိုလည်း ကျွန်တော်... ကျွန်တော်... ပတ်စီးရဲပါတယ်။

**ငရဲမင်း** ။ (ပါးစပ်အဟောင်းသားဖြင့်)ဟေ...

**ငရဲသား** ။ ဟိုက်... (လက်ထဲမှ မိုန်းလွှတ်ကျ)။

- နီကိုရဲက သူတို့ကို ပြောင်မြောက်စွာပြုံးပြ။
- ထိုမျက်နှာကို အနီးကပ်ပြပြီး ရပ်သေဖမ်း။

◆

www.burmeseclassic.com


www.burmeseclassic.com


# ဦးထုပ်ဆောင်းသော လူတစ်ယောက်အကြောင်း


www.burmeseclassic.com

www.burmeseclassic.com





(၁)

သူက ဖဲသုံးချပ်သမားဖြစ်၏။ သူ တင်ပြချင်သောအကြောင်းအရာချိုကို နှလုံးသားမှ လာသယောင်ယောင်၊ စကားလုံးများမှ စီးဆင်းသယောင်ယောင်၊ မျက်လုံးဖြင့်ပြောသယောင်ယောင် ရုပ်ဖျက်ထားသော ပုံသဏ္ဌာန်အစ်ရုပ်ရုပ်ဖြင့် တင်ပြတတ်၏။

*

www.burmeseclassic.com

www.burmeseclassic.com



(၂)

သူ ဦးထုပ်တစ်လုံးလိုအပ်နေစဉ်က ကျွန်တော့်ကို လှလှပပ ရှင်းပြ

ဖူး၏။

"ငှက်တစ်ကောင်ဟာ အတောင်ပံကလွဲရင် ဘာကိုမှ အပိုယူမသွား

ဘူးလို့ ပြောကြတယ်ကွ"

"အင်း..."

"ဒါပေမဲ့ သူက ငှက်ကိုးကွ"

"........."

"တို့လူတွေက အဲဒီလိုလုပ်လို့မှ မရဘဲ၊ လူတစ်ယောက် ခရီးထွက်

အနည်းဆုံး ဖိနပ်တစ်ရံတော့ လိုတာပဲ၊ ဟုတ်တယ်မို့လား"

"........."

"သူ့ရဲကောင်း စီးချင်းထိုးဖို့သွားတာ သံချပ်ကာအင်္ကျီတော့ ဝ





သွားရမှာပဲ"

"........."

"ဘုရင်တွေ ဘိသိက်ခံတာ သရဖူတော့ ဆောင်းထားရမှာပဲ"

"........."

"အဲဒီလိုပေါ့ကွာ"

သူက ညည်းညူရင်း ညက်ညောစွာ ပြုံးလာပြန်၏။ သူ့အပြုံးက

ကော်ပါဆန်လေသည်။ မျဉ်းကွေးမျဉ်းကောက်၊ ထောင်ချောက်နှင့် စက်ဝိုင်း

ခြမ်း၊ ၁၈၀° ဖြောင့်တန်းနေသော... မာယာ။

"အကြောင်းကြောင်းကြောင့်ပေါ့"

"........."

"ငါလည်း ဦးထုပ်တစ်လုံး လိုတယ်ကွာ"

*



www.burmeseclassic.com

www.burmeseclassic.com



(၃)

သူ ဦးထုပ်တစ်လုံး ဝယ်လေသည်။ သူ့နံဘေးမှာ ကျွန်တော်ပါပြီး သူ့ရှေ့မှာ ဦးထုပ်များနှင့် ဦးထုပ်ရောင်းသမား ရှိ၏။

ဦးထုပ်ရောင်းသမားက သူ့ကို ဦးထုပ်တစ်လုံးပြသည်။ သူက ဦးထုပ်ကို ဆောင်းကြည့်ပြီး…

"ကြီးနေတယ်ဗျ"

နောက်ထပ် ဦးထုပ်တစ်လုံးပြသည်။

"သေးနေတယ်"

နောက်တစ်လုံးပြသည်။

"ဒီဦးထုပ်က ရှေ့ငိုက်နေတယ်"

နောက်တစ်လုံး ပြပြန်သည်။

"နောက်ဘက် ငိုက်နေပြန်ပြီဗျို့"





ဦးထုပ်ရောင်းသမားက ခဏစဉ်းစားသည်။ သူ့ ဦးထုပ်များကို စေ့စပ်စွာ မျက်လုံးကစားနေသည်။ ထို့နောက် ဦးထုပ်တစ်လုံးကို ခက်ခဲစွာ ဆွဲထုတ်ပြီး သူ့ရှေ့သို့ ပစ်ချလိုက်၏။ သူက ဆွဲယူပြီး ဆောင်းကြည့်သည်။

ထို့နောက် ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဒီဦးထုပ်နဲ့ တော်တယ်ဗျ၊ အဆင်ပြေတယ်"

ထိုသို့ဖြင့် သူသည် ထိုဦးထုပ်ကို ဝယ်ယူလာလေသည်။ လမ်းမှာလည်း ကျွန်တော့်ကို ပြောသေး၏။

"ဘယ်လိုအရာမျိုးမှာမဆိုပေါ့၊ လူဟာ ကိုယ်နဲ့သင့်တော်တာကို ရွေးချယ်တတ်ဖို့ သိပ်အရေးကြီးတယ်"

*

www.burmeseclassic.com

www.burmeseclassic.com



## (၄)

မှန်ရှေ့မှာ သူ ဦးထုပ်ဆောင်းကြည့်လေသည်။

မှန်ထဲမှ ဦးထုပ်ဆောင်းထားသော သူ့ရုပ်ပုံကို ပြန်ကြည့်ပြီး သူ ဘဝင်မကျချေ။ ကျွန်တော့်ကိုလည်း လှည့်ကြည့်ပြီး တစ်စုံတရာပြောချင်ပုံ ရှိ၏။

ထို့နောက်မှ မျက်မှောင်ကြုတ်ပြီး...

"ဦးထုပ်က တော်တော့်တော်တယ်၊ ဒါပေမဲ့ သေသေချာချာ စွပ်ကြည့်တော့ နည်းနည်းစောင့်နေသလိုပဲ"

ထို့နောက် မှန်ထဲမှ သူ့ရုပ်ပုံကို မမိုတ်မသုန်ကြည့်နေပြန်သည်။ မကျေမချမ်းအမူအရာဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း...

ဦးထုပ်ကို ခေါင်းပေါ်မှာ ပြင်စွပ်၏။ ခေါင်းခါသည်။

"ဒါလည်း စောင်းနေတာပဲ"





"........."

"ဒီလိုစွပ်တော့လည်း စောင်းတာပဲ"

"........."

"ဒါလဲ မတည့်ဘူး"

"........."

"ဒါလည်း မဟုတ်သေးဘူး"

ထို့နောက် ဦးထုပ်ကို ခေါင်းမှဆွဲချွတ်ပြီး ပြင်းထန်စွာတောက်ခေါက်၏။ မျက်နှာကလည်း တငွေ့ငွေ့မှုန်လာသည်။ သူ့ပုံစံက မီးစာ ခွဲနေပြီဖြစ်သော ဒိုင်းနမိုက်တစ်ခုနှင့် တူနေ၏။

ထို့နောက်...

"မှန်ကများ စောင်းနေတာလား"

"........."

မှန်သားပြင်ကို သွားစမ်းကြည့်သေးသည်။ ထို့နောက် ခြေတစ်လှမ်းချင်း နောက်ပြန်ဆုတ်လာ၏။ ခါးထောက်ပြီး တင်းမာသောမျက်နှာထားဖြင့် ရပ်နေလေသည်။

မှန်က မစောင်းပါ။ ကျွန်တော်ပြောချင်သော စကားတစ်ခွန်းကို မပြောဘဲနေလိုက်၏။

ကျွန်တော့်အထင်တော့ သူ ခေါင်းစောင်းနေတာဖြစ်မည်။ သို့ မဟုတ်...

*

*



www.burmeseclassic.com

www.burmeseclassic.com


(၅)

ကျွန်တော် အိမ်ပြန်လာခဲ့သည်။ အပြန်လမ်းမှာ စဉ်းစားဖြစ်သေး၏။

သူသည် ဦးခေါင်းထဲမှ ကွေ့ကောက်သောနည်းပညာများကို ဦးထုပ်ဖြင့် ဖုံးကွယ်ရန် ကြိုးစားနေသူဖြစ်၏။

ထို့ကြောင့် သူ့ဦးခေါင်းပေါ်စွပ်သော ဦးထုပ်သည် မညီမညာတိမ်းစောင်းသွားလေသည်။

✦






# အာလူးကောက်သူများ


www.burmeseclassic.com

www.burmeseclassic.com





(၁)

ကျွန်တော့်အတွက်ကတော့ ထူထဲလေးလံနေတဲ့ အမှောင်ကို စောင်လိုခြုံထားရတဲ့ ညပါပဲ။ အနက်ရောင်မြူတွေက လူပေါ်ကို တလွင့်လွင့် ခုန်ချနေကြတယ်။ အဲဒီအခိုက်အတန့်မှာ ဟိုးအဝေးကနေ တစ်စစ,နီးလာတဲ့ ညခြေသံတစ်ခုကို ကျွန်တော်ကြားလိုက်ရတယ်။

"ဖျပ် ဖျပ်... ဖျပ် ဖျပ်"

ကျွန်တော်က ခြေသံတွေကို အသက်အောင့်ပြီး နားထောင်နေရတယ်။ မြေပက်ကြားအက်တို့ ဆွဲဆွဲငင်ငင်အူနေကြသလို ခြေသံတွေကလည်း ဆွေးမြည့် ရှည်လျားလှတယ်။ ဒါပေမယ့် နောက်ဆုံးတော့ ခြေသံတို့ တိုးတိတ်သွားတယ်။

ခြေသံရှင်ဟာ ကျွန်တော့်ရဲ့မလှမ်းမကမ်းမှာ ရောက်နေပါပြီ။ အပြာရောင်မီးခိုးတွေက သူ့ရှေ့မှာ ဒိုင်းလိုကာထားကြလို့ ကျွန်တော်ကြည့်ရတာ

www.burmeseclassic.com

www.burmeseclassic.com



ဝေဝေဝါးဝါးဖြစ်နေပါတယ်။ မီးခိုးဖြူတွေ လွင့်ပျံပြယ်ရှင်းသွားတော့မှပဲ လူတစ်ယောက်ကို မြင်ရတယ်။

အဲဒီလူဟာ လွင့်မျောနေတဲ့ ဆံမျှင်ရှည်တွေနဲ့ စိတ္တဇဆန်တယ်။ မသေသပ်တဲ့ တေလေဝတ်ရုံတစ်ထည်နဲ့ ဒီညကို ပင်လယ်လို ဖြတ်ကူး လာခဲ့တယ်။ သူ့ကိုယ်မှာလည်း နှင်းမြူတွေ ဖိတ်လက်စိုရွှဲလို့။ ကျွန်တော်က သူ့ကိုမေးလိုက်တယ်။

"ခင်ဗျားက ဘယ်သူလဲ"

သူ့ဖြေသံက တိုးညင်းပေမယ့် ပြတ်သားတယ်။

"ငါ... ဗင်းဆင့်ဗန်ဂိုး"

"ဟင်..."

ကျွန်တော် အပြင်းအထန်ဝမ်းသာအံ့ဩသွားတယ်။ သူကတော့ တည်ငြိမ်စွာရပ်တန့်နေရင်းက ကျွန်တော့်ကို မေးလာတယ်။

"မင်း... ငါ့ရဲ့အာလူးစားသူများဆိုတဲ့ ပန်းချီကားကို သိလား"

ခေါင်းညိတ်ပြရင်း ပြန်ဖြေလိုက်တယ်။

"သိတာပေါ့၊ အဲဒီပန်းချီကားရဲ့မိတ္တူပုံတွေကိုလည်း ကျွန်တော် ကြည့်ဖူးတာပေါ့၊ သိပ်ကြိုက်တယ်၊ ပန်းချီကားထဲမှာ အာလူးကိုကြည့်နေတဲ့ လူတွေရဲ့မျက်လုံးတွေကလည်း သိပ်လက်ရာမြောက်တယ်၊ အဲဒီမျက်လုံး တွေဟာ ဆာလောင်မွတ်သိပ်မှုတွေနဲ့..."

ကျွန်တော်က အားတက်သရောပြောနေတုန်းမှာ သူက ဆူပွက်တဲ့ သက်ပြင်းရှည်တစ်ချက်ကို ချတယ်။ လောင်မီးဆန်တဲ့ အဲဒီအငွေ့အသက် ကြောင့် ကျွန်တော့်စကားတွေ ရပ်သွားရတယ်။

သူက အက်ကွဲကွဲလေသံနဲ့ ပြောလာတယ်။



"အဲဒီပန်းချီကားပေါ့ကွာ"

ကျွန်တော်က နားမလည်ပါ။

"အဲဒီပန်းချီကားက ဘာဖြစ်လို့လဲ"

ကျွန်တော်မေးတော့ သူက နောက်ဘက်အမှောင်ထုထဲကို လက်နဲ့ တစ်ချက်ယမ်းလိုက်တယ်။ သူ့လက်ထဲမှာ ပန်းချီကားတစ်ချပ်ပါလာတယ်။ ကျွန်တော့်ကို ပြတယ်။

"ကြည့်စမ်းပါဦးကွာ၊ ဒါ အာလူးစားသူများ ပန်းချီကားပေါ့"

ကျွန်တော်က ဆွဲယူကြည့်ပြီး 'ဟင်' ခနဲ ဖြစ်သွားမိတယ်။ သူ့ကို ပြန်မော့ကြည့်တော့ သူက ခေါင်းကို ဖြည်းဖြည်းချင်းညိတ်ပြတယ်။

"အေး... အဲဒီလိုဖြစ်နေတယ်"

"မျက်လုံး... မျက်လုံးတွေ ဘယ်ရောက်သွားလဲ"

ပန်းချီကားထဲမှာ အာလူးကိုစိုက်ကြည့်နေသူတွေရဲ့ မျက်လုံးတွေ မရှိတော့ဘူး။ သူတို့ဟာ မျက်လုံးဟောက်ပက်တွေနဲ့ ငေးငိုင်နေကြတယ်။

ကျွန်တော်က ထပ်မေးလိုက်တယ်။

"မျက်လုံးတွေ ဘယ်ရောက်သွားတာလဲ"

ဗန်ဂိုးက တစ်ပိုင်းတစ်စ နာကြည်းဟန်နဲ့ ပြုံးတယ်။

"ငါလည်း အဲဒါကို သိချင်နေတာပဲ"

"ဟင်..."

"ဟုတ်တယ်၊ ငါ့ရဲ့အာလူးစားသူများ ပန်းချီကားထဲက မျက်လုံး တွေ အလိုအလျောက် ပျောက်ဆုံးသွားတယ်၊ ငါလည်း လိုက်ရှာနေတာ ခုထိတော့ မတွေ့သေးဘူး"

အဲဒီလို ကျွန်တော်တို့စကားပြောနေကြတုန်းမှာပဲ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မှာ မိုးရိပ်လေရိပ်တွေ သက်ဝင်လာတယ်။ လေနီကြမ်းတွေကလည်း သစ်ပင်တွေကို တောင်ပံနဲ့ တဖြန်းဖြန်းရိုက်ကြတယ်။ တန်ခိုးရှင်တစ်ယောက်က သူ့လက်ချောင်းတွေကို ကောင်းကင်ဆီ ဆန့်မြှောက်ပြီး မိုးကြိုးတွေ တစ်ပွင့်ချင်း ပစ်ဖောက်နေတယ်။

နောက်တော့လည်း ဗန်ဂိုးဟာ မိုးတွေလေတွေကြားထဲမှာပဲ ပန်းချီကားကိုပိုက်ပြီး ခေါင်းငိုက်စိုက်နဲ့ ပြန်သွားပါတယ်။ ကျွန်တော့်ကိုလည်း ပန်းချီကားထဲက ပျောက်ဆုံးနေတဲ့ မျက်လုံးတွေ ကူရှာပေးဖို့ ပြောသွားလေရဲ့။

*





(၂)

ငြီးငွေ့စရာကောင်းတဲ့ ညနေခင်းဟာ မီးခိုးခေါင်းတိုင်တွေရဲ့အာပုပ်ငွေ့တွေနဲ့ ထိုင်းမှိုင်းခြောက်သွေ့နေတယ်။ ကျွန်တော်စီးလာတဲ့ ဘတ်စ်ကားအိုကြီးကလည်း ချိုင့်ခွက်များတဲ့ကတ္တရာလမ်းပေါ်မှာ ဘီးတပ်ထားတဲ့ လိပ်ကြီးတစ်ကောင်လို တွားသွားနေတယ်။

လမ်းဘေးသစ်ပင်တွေက မိုးတိုးမတ်တတ်နဲ့ လူတွေနဲ့ ချွေးလေချွေးလွင့်တွေဟာ တစ်နေရာက တစ်နေရာကို သုတ်သီးသုတ်ပျာ သွားနေကြတယ်။ အားမရှိတဲ့နေရောင်တွေကလည်း မြေပေါ်မှာ ကြောင်စီစီနဲ့ မှုန်းပေနေကြရဲ့။

ဘတ်စ်ကားအိုကြီးပေါ် ကျွန်တော်ငေးမောလိုက်ပါနေတယ်။ အချို့ခရီးသည်တွေက စကားတိုးတိုးပြောနေကြတယ်။ ခရီးသည်အများစုကတော့ တစ်ယောက်ကိုတစ်ယောက် စိတ်မဝင်စားကြပါဘူး။ မှတ်တိုင်တွေ တစ်ခုပြီး တစ်ခု ဖြတ်လာတယ်။ လူတွေက တက်လိုက်ကြ ဆင်းလိုက်ကြ ဘတ်စ်ကားကြီးထဲ ကိုယ့်ကိုယ်ကို လွှဲဝင်ကြ၊ ငှက်တွေ ခေါင်းဝှက်အိပ်ကြသလို အပေါ်က လက်ကိုင်တန်းကို ခိုပြီး မတ်တတ်ကြီးတွေ တည်လိမ်အိပ်ငိုက်နေကြ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အတက်အဆင်းပေါက်ရဲ့ အနီးဆုံးထိုင်ခုံမှာ ထိုင်နေတယ်။ ဘတ်စ်ကားပေါ်တက်လက်စရှိသေးတဲ့ အဘိုးအိုတစ်ယောက်ဟာ ကံအားလျော်စွာ ကျွန်တော့်နံဘေးမှာ နေရာရသွားပါတယ်။ ကျွန်တော် သူ့ကို ဂရုမစိုက်မိပါဘူး။ ဒါပေမယ့် သူက ကျွန်တော့်ကို ခပ်သဲ့သဲ့ခေါ်တယ်။

"လူလေး…"

ကျွန်တော်လှည့်ကြည့်တော့ သူ့မျက်နှာက အေးအေးချမ်းချမ်းပြုံးနေတယ်။ သူသွားချင်တဲ့နေရာကို ဘယ်မှတ်တိုင်မှာ ဆင်းရမလဲဆိုတာရယ်၊ အဲဒီအတွက် ကားခ ဘယ်လောက်ပေးရမလဲဆိုတာရယ်ကို မေးတာပါ။ ကျွန်တော် ပြောပြလိုက်တဲ့အခါ သူက ခေါင်းညိတ်ရင်း ဘတ်စ်ကားခအတွက် နှိုက်ယူတယ်။ အဲဒီမှာ သူ့ကို ကျွန်တော် သတိထားမိစရာဖြစ်သွားတယ်။

*(အဘိုးအိုဟာ ဘတ်စ်ကားစီးနေကျလူ မဟုတ်ဘူး။ သူက ဘတ်စ်ကားစီးစရာမလိုတဲ့ လူတန်းစားထဲကဆိုတာ သူ့ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး ရိပ်မိနားလည်ရပါတယ်။ သူ့အိတ်ထဲမှာလည်း ငွေအတော်များများ ပါလာတယ်။ ဒါကို ကျွန်တော်အပါအဝင် ဘေးက ခရီးသည်တွေအားလုံး မြင်လိုက်တယ်။)*

အဘိုးအိုက စပယ်ယာကို ကားခပေးတယ်။ သူ့မျက်နှာက ကြည်လင်ငြိမ်းချမ်းနေပြီး သူ့ရဲ့ပြောဆိုလှုပ်ရှားမှုတွေဟာလည်း နူးညံ့သိမ်မွေ့တယ်။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ ဘာမှစိတ်ဝင်စားစရာ မကောင်းဘူး။ အဲဒါကြောင့် ဘေးပတ်ဝန်းကျင်ကိုပဲ ပြတင်းပေါက်ကတစ်ဆင့်ကြည့်ရင်း ငေးရင်း အဘိုးအိုကို ကျွန်တော် ပြန်လည်မေ့လျော့သွားတယ်။

အဲဒီလိုနေရင်းက ကားအတွင်းဘက်ကို တစ်ချက်ငဲ့စောင်းကြည့်





တဲ့အခါ ကျွန်တော် မျက်မှောင်ကြုတ်သွားမိပါတယ်။ ခရီးသည်တွေကြားမှာ ဘိုးရောက်ရှိနေတဲ့ စပယ်ယာကို အဘိုးအိုက ပိုက်ဆံထပ်ပေးနေတာ တွေ့လိုက်လို့ပါပဲ။ ပထမတော့ ကျွန်တော် ကြောင်သွားသေးတယ်။ နောက်တော့လည်း သူ မူလမှတ်တိုင်မှာ မဆင်းတော့ဘဲ ရှေ့ကို ဆက်သွားမလို့ ကားခထပ်ပေးတာ ဖြစ်မှာပေါ့လို့ စဉ်းစားမိတယ်။

အဲဒီလိုနဲ့ ဘတ်စ်ကားအိုကြီးဟာ ကျွန်တော့်အတွက်တော့ အတော်အတန်ခရီးပေါက်ရောက်လာခဲ့ပါပြီ။ စပယ်ယာက ယာဉ်စီးခတွေ ပေးကြဖို့ အော်ဟစ်ပြောဆိုရင်း ကျွန်တော်တို့အနားကို ရောက်လာပြန်တယ်။ ကျွန်တော် ပျင်းပျင်းရိရိ သန်းဝေနေလိုက်စဉ်မှာပဲ အဘိုးအိုက စပယ်ယာကို ပိုက်ဆံထပ်ပေးပြန်တယ်။

"ဟင်…"

မဟုတ်တော့ဘူးလို့ စိတ်ထဲမှာ ထင်လိုက်တယ်။ မျက်လုံးတွေလည်း ကျယ်သွားတယ်။ ဘယ်လိုဖြစ်နေရတာလဲ။ ဒီအချိန်မှာ ကားစပယ်ယာက လည်း ကျွန်တော့်လိုပဲ အံ့သြသွားတယ်။

အဘိုးအို ပထမဆုံးအခေါက်ပေးတာကို သူ မမှတ်မိပေမယ့် ဒုတိယအခေါက်ပေးတာကိုတော့ မှတ်မိထားတယ်။ အဲဒါကြောင့် သူက အဘိုးအိုပေးတဲ့ပိုက်ဆံကို လက်နဲ့ ပြန်တွန်းရင်း ပြောတယ်။

"အဘိုး… ခုနက ပေးပြီးပြီလေ၊ အဘိုး မေ့နေတယ်ထင်တယ်။ အဘိုး ကားခပေးပြီးသားပါ"

"သြော် အင်း… အဟင်း"

အဘိုးအိုက ရယ်ရယ်မောမောကလေးနဲ့ သူ့ပိုက်ဆံကို ပြန်ယူတယ်။ ကားပေါ်က ခရီးသည်တွေအားလုံးလိုလိုက သူ့ကို သတိထားမိသွားကြ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တယ်။ အားလုံးက သူ့ကို စူးစမ်းသလို ကြည့်နေကြတယ်။

အဘိုးအိုက ကျွန်တော့်ကို လှည့်ပြောတယ်။

"ဒီနေ့က အဘိုးဘဝရဲ့ အထိမ်းအမှတ်နေ့တစ်နေ့ကွဲ့."

"ဟုတ်ကဲ့"

"ဒီနေ့မှာ အဘိုးက ကုသိုလ်ယူချင်လို့"

"ဟုတ်ကဲ့"

"အဲဒါကြောင့် နံဘေးမှာ ငွေလာတောင်းသူရှိရင် ဘယ်သူ့ကို မဆို ပေးမယ်၊ ဒီနေ့မှာတော့ ဒါနသန့်သန့်ပြုမယ်လို့ အဓိဋ္ဌာန်ထားတာ၊ ကားခပေးထားပြီးသားကို မေ့လို့ မဟုတ်ပါဘူး၊ ကိုယ့်အဓိဋ္ဌာန်အရ ဘေးမှာ သူလာတောင်းနေလို့ ပေးတာကွဲ့... အဟင်း..."

အဘိုးအိုရဲ့စကားကို တစ်ချက်ချင်း ခေါင်းညိတ်ပြ နားထောင်နေရင်း ကျွန်တော့်စိတ်အာရုံထဲမှာ တစ်စုံတစ်ရာကို ရှိုးရှိုးရိပ်ရိပ် ခံစားလာရတယ်။ အဲဒါနဲ့ ကားထဲက တခြားလူတွေဆီ ခေါင်းမော့ကြည့်လိုက်တယ်။

"အို..."

ကျွန်တော့်ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားတယ်။

..........................................................................

..........................................................................

..........................................................................

..........................................................................

..........................................................................

*





(၃)

..........................................................................

..........................................................................

..........................................................................

..........................................................................

..........................................................................

ဟေး... ဇန်ဂိုးရေ၊ ဇန်ဂိုးရေ... ဇန်ဂိုးရေ... ဇန်ဂိုးရေ...။ ကျွန်တော့်နှလုံးသွေးအစက်စက်တို့က ဇန်ဂိုးကို သံပြိုင်အော်ခေါ်နေကြတယ်။

ဇန်ဂိုးရေ... လာ၊ ဒီမှာ တွေ့ပြီ။

ခင်ဗျားရဲ့ ပျောက်ဆုံးနေတဲ့မျက်လုံးတွေကို ကျွန်တော် ပြန်ရှာတွေ့ခဲ့ပြီ။ အဲဒီမျက်လုံးတွေဟာ လူတချို့ဆီမှာ ရောက်နေတယ်။ အဲဒီလူတွေ ဒီမှာရှိတယ်။ ခု ရှိတယ်။

အဲဒီလမ်းကြား... အဲဒီလမ်းကြား...

သူတို့တွေ အာလူးကောက်သွားကြလေရဲ့။

✦

www.burmeseclassic.com

www.burmeseclassic.com



# ဒုတိယဘီလူး

www.burmeseclassic.com

www.burmeseclassic.com





(၁)

ပင့်ကူအိမ်တစ်ခုပမာ အကိုင်းအမျှင်များယှက်နွယ် ထူထပ်နေသော တောအုပ်တစ်ခုတွင် လူတစ်ယောက်နှင့် ဘီလူးတစ်ကောင် အမှတ်မထင် တွေ့ဆုံကြ၏။ တွေ့တွေ့ချင်းမှာပင် လူကို စူးစူးဝါးဝါးကြည့်ကာ ဘီလူးက ပြုံးရယ်ပြလေသည်။

သူ၏အာခံတွင်းမှ အစွယ်များကို ထွန်တုံး ထယ်သွားများပမာ ထုတ်ပြပြီး လူ၏ခန္ဓာကိုယ်ကို သူပိုင် မြေယာတစ်ကွက်လို ကြည့်ရှုလိုက်ခြင်း ဖြစ်သည်။

လူက အထိတ်တလန့်ဖြင့်...

"ဟာ... ဘီလူး"

ထိုအခါ ဘီလူးက မျက်လုံးဖြင့် လျှပ်စီးလက်ပြီး ပါးစပ်ဖြင့် မိုး ခြိမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်း… ဟုတ်တယ်၊ ငါ ဘီလူးပဲ"

လူက အကြီးအကျယ်ကြောက်ရွံ့သွား၏။ သို့သော် မကြောက်သယောင် အချိန်မီ ဟန်ဆောင်လိုက်ရင်း…

"ဩော်… ဘီလူးကိုး"

*



(၂)

ဘီလူးက လူကို မျက်လုံးမှေးစင်းကာကြည့်ပြီး…

"မင်း… ဒီကို ဘာလာလုပ်တာလဲ"

"တောင်ခုတ်မလို့"

"တောခုတ်မလို့တောင် မဟုတ်ဘူး၊ တောင်ခုတ်မလို့ဆိုတော့ မင်းကြည့်ရတာ တော်တော်စွမ်းပုံရတယ်၊ ဟုတ်လား"

လူက တွံတွေးမျိုချလိုက်ရင်း…

"ဒီလိုပေါ့ဗျာ… လူဆိုတော့ ကြိုးစားရတာပေါ့"

"ဘီလူးကကော မကြိုးစားရဘူးလားကွ"

"ဘီလူးလည်း ကြိုးစားရင် ရတာပေါ့ဗျာ"

"အေး… အဲဒီလို ငါကြိုးစားဖို့က မင်းဆီက အကူအညီတစ်ခု တောင်းရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



လူက အံ့ဩဟန်ဖြင့် ဒီသာပါမောက္ခဟန် ပြလိုက်ပြီး…

"ဩော… ဆိုစမ်းပါဦး၊ ဘာများတုန်း"

ဘီလူးက တမျှင်းမျှင်းရယ်၏။ ကလောက်ကလက်ဖြင့် သွားချင်းထိခတ်သံကိုလည်း ပေး၏။ ထိုအသံက မြားကျည်တောက်အတွင်းမှာ မြားများ လှုပ်ခတ်နေကြသလို ရှိလေသည်။

ထို့နောက်…

"ငါ့ခြေထောက်ကို ခွာတပ်ပေးစမ်းပါ"

"ဗျာ…"

"သာမန်လူတွေက မြင်းကို ချိုတပ်ပေးရမှာတောင် ကြောက်တယ်မို့လား၊ မင်းကတော့ သာမန်လူမဟုတ်ဘူးလို့ ငါထင်တယ်လေ၊ အဲဒါကြောင့် ဘီလူးကို ခွာတပ်ခိုင်းရတာပါ"

လူက ဆိတ်ဆိတ်နေ၏။ ဘီလူးက…

"ဘယ်လိုလဲ ဖြစ်မလား"

လူက ဖြည်းညင်းစွာ ခေါင်းခါလိုက်၏။

"မဖြစ်နိုင်ပါဘူးခင်ဗျာ"

"ဘာလို့လဲ"

"ကျွန်တော်က အဲဒီလို မစွမ်းနိုင်လို့ပါ၊ ခင်ဗျားကို ကျွန်တော် ခွာတပ်မပေးတတ်လို့ပါ စိတ်မရှိပါနဲ့"

"မင်း ကြိုးစားမကြည့်တော့ဘူးလား"

"ဒီကိစ္စကတော့ မရနိုင်တာ သေချာပါတယ်ခင်ဗျာ"

"ဒါဖြင့်လည်း ကောင်းပြီလေ"

ဘီလူးက သူနှင့်လူကို ဗဟိုပြု၍ မြေပေါ်မှာ စည်းဝိုင်းတစ်ခု ဝိုင်း





ချလိုက်သည်။ မြေပေါ်မှာ စိမ်းဖန့်ဖန့်စည်းဝိုင်းတစ်ခု ပေါ်လာပြီး သူတို့နှစ်ဦးက အလယ်မှာဖြစ်သည်။

"ဒီစည်းဝိုင်းထဲကို အပြင်က ဘယ်သူမှ ဝင်လာလို့မရဘူး၊ မင်းလည်း ထွက်လို့မရဘူး၊ ငါကလည်း ငါ့စည်းကို ငါပြန်ကျော်လေ့မရှိတော့ မထွက်ဘူး၊ ဒီစည်းဝိုင်းထဲမှာ မင်းနဲ့ငါပဲ ရှိမယ်၊ မင်းကို ငါစားမယ်၊ ပြီး… မြေပေါ်မှာ စည်းပြယ်မှ ငါပြန်ထွက်မယ်၊ ပြောရတာ ဗိုက်တောင် ဆာလာပါရဲ့ကွာ၊ ကဲ…"

ဘီလူးက လူ၏ရင်ဘတ်ကို လှမ်းကုတ်ဆွဲမည်ပြု၏။ လူက ကမ္ဘာကယာအော်လိုက်သည်။

"နေဦး…"

*

www.burmeseclassic.com

www.burmeseclassic.com



(၃)

ဘီလူး၏လက်က လေထဲမှာရပ်သွား၏။

"ဘာလဲ..."

"ခင်ဗျားက ကျုပ်ကို ဘယ်နေရာက အသားကို စ,စားမှာလဲ"

"ငါ မင်းကို ခေါင်းက စ,စားမယ်"

"ဟာ... အဲဒါဆို ခင်ဗျားသေသွားမှာပေါ့"

ဘီလူးက ကြောင်အမ်းသွားသည်။

"ဘာဖြစ်လို့လဲ"

လူက ဘေးဘီဝဲယာကို အံ့အံ့ဖျာဖျာ ကြည့်ရှုအကဲခတ်လိုက်သေး၏။ ထို့နောက်မှ ခပ်တိုးတိုးလေသံဖြင့်...

"ကျုပ်ရဲ့ခေါင်းကို စားရင် ခင်ဗျား ဒုက္ခရောက်သွားလိမ့်မယ်၊ ကျုပ်က ခင်ဗျားကို စေတနာနဲ့ပြောတာ"



"မင်းခေါင်းက ဘာဖြစ်လို့လဲ"

လူက သက်ပြင်းတစ်ချက် ချလိုက်၏။

"ကျုပ်ခေါင်းထဲမှာ အပုပ်နံ့တွေ ပျံ့နှံ့စီးဆင်းနေတယ်၊ ဦးနှောက်က နက်ကြုတ်ဖောင်းပွပြီး လောက်တွေထ,နေတယ်"

"ဟေ..."

"ဟုတ်တယ်၊ ကျုပ်ခေါင်းထဲမှာ မကောင်းတဲ့ နည်းစနစ်တွေပဲ တဖျတ်ဖျတ် အစေးထွက်နေကြတယ်၊ ကျုပ်ဟာ လူတစ်ဖက်သားကို ခင်ဗျားလို ဝါးစားတာမဟုတ်ဘူး၊ ရှူးခနဲ ရှူးခနဲ တစ်ချက်ချင်းစုပ်သောက်တဲ့လူ ဖြစ်တယ်၊ ညကလည်း လူတစ်ယောက်ရဲ့အိပ်မက်ကို တွက်ချက်ပြီး သူ့ကို အမိဖမ်းဖို့ ကျုပ် အကွက်ချ စီစဉ်နေခဲ့တယ်၊ ခုမနက်လည်း ဘုရားရှိမခိုးဘဲ အိမ်က ထွက်လာတာ၊ ကျုပ်ခေါင်းဟာ တခြားလူတွေကို မြှုပ်နှံပေးနေတဲ့ အုတ်ဂူကောင်းကောင်းတစ်လုံးဖြစ်တယ်၊ ခင်ဗျား ကျုပ်ခေါင်းကို စားလို့မရဘူး၊ ကျုပ်ခေါင်းကို စားလိုက်တာနဲ့ ခင်ဗျားဗိုက်အိုးကြီး ဖောင်းခနဲပေါက်ထွက်လိမ့်မယ်"

"ဟေ... ဟုတ်လား"

ဘီလူးက နဝေတိမ်တောင်ဖြစ်သွားပြီး...

"ဘာဖြစ်လဲကွာ၊ ခေါင်းမစားရလည်း ဗိုက်စားမှာပေါ့"

"ဟင်း ဟင်း... ပိုဆိုးတာပေါ့ဗျ"

"ဘာ..."

"ကျုပ်ဗိုက်က ........ တွေပဲ စားလာခဲ့တဲ့ဗိုက်ဗျ၊ [illegible] အဆိပ်ဖြစ်နေပြီ၊ ကျုပ်ဗိုက်ကိုစားရင် ခင်ဗျားတစ်ကိုယ်လုံး ဆပ်ပြာ[illegible] လို ရိပါးသွားလိမ့်မယ်၊ နောက်ဆုံးမှ အိတွဲပြီး အရည်ပျော်[illegible]မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အလို..."

ဘီလူးလည်း မျက်လုံးပေကလပ် ပေကလပ်ဖြစ်သွား၏။ ဤလူသည် စားသောက်ရန်မကောင်းသော လူတစ်ယောက်ဟု သူ ခါးခါးသီးသီး သိသလို ရှိလာ၏။ သို့သော် ရလိုရငြား သွေးတိုးစမ်းကြည့်သေးသော သဘောဖြင့်...

"ဒါဖြင့် လက်ကိုဖြုတ်စားမယ်"

"ကျုပ်လက်က ကမ္ဘာပေါ်မှာ ကြောက်စရာအကောင်းဆုံးလက်ဗျ။ ရက်စက်မှုတစ်ခုကို အသိမ်မွေ့ဆုံးကျူးလွန်နိုင်တဲ့ လက်၊ ဘယ်လိုလက်လဲ သိလား၊ သူတစ်ပါးကို မျက်ရည်ညှစ်ထုတ်တဲ့လက်ဗျ၊ ဘယ်လောက် ပညာပါသလဲ"

"အို..."

"အကုသိုလ်နဲ့ အတိပြီးနေတဲ့ လက်ပေါ့ဗျာ၊ ခင်ဗျား စားချင်လည်း စား၊ ခင်ဗျားလျှာ မီးဟုန်းဟုန်းတောက်သွားလိမ့်မယ်"

"အဲ..."

ဘီလူးက အိုးနင်းခွက်နင်းဖြစ်လာရင်း...

"ခြေထောက်လေးလောက် စားရလည်း အဆာပြေပါတယ်"

"အိုဗျာ... လူတွေကို ချောက်ကမ်းပါးထဲ အခါခါ ကန်ချခဲ့တဲ့ ခြေထောက်ဗျ၊ ဆူးတွေတောင် ပေါက်နေပြီ၊ ဒီခြေထောက်ကို စားရင် ခင်ဗျားလည်ချောင်း အမြှောင်းလိုက် ကွဲသွားမှာပေါ့"

ထိုလူ့တွင် စားစရာ ဘာမှမရှိ။ သူနှင့် စကားပြောနေရခြင်းက ပင်လျှင် မအီမသာ ခံစားလာရသည်။ အရေးတကြီး ဆွဲထားရသည့် အစိမ်းရောင်စည်းဝိုင်းထဲမှာ ဘီလူးက လူကို အဓိပ္ပာယ်မဲ့စွာ ရပ်ကြည့်နေရတော့သည်။





ထိုစဉ်မှာပဲ လူက မထီတရီပြုံးလာ၏။

"ခင်ဗျားက ဘီလူးထဲမှာတော့ အသက်ငယ်သေးပုံရတယ်"

ဘီလူးက ဘာမှပြန်မပြောချေ။

*

www.burmeseclassic.com

www.burmeseclassic.com



(၄)

"ဟင်း... ဟင်း... ဟင်း"

လူက တဟင်းဟင်းရယ်ပြီး ဘီလူးကို ခြေဆုံး ခေါင်းဆုံးကြည့်၏။ သူ့အကြည့်က ဘီလူး၏ခန္ဓာကိုယ်ထဲသို့ မီးရထားတစ်စင်းလို တဂျုံးဂျုံး ခုတ်မောင်းဝင်ရောက်နေသည်။

ဘီလူးက အနေခက်လာလေသည်။ အတန်ကြာမှ လူက...

"ဟင်း ဟင်း... ခင်ဗျားရဲ့အရေပြားက အတော်ထူတာပဲ၊ ဒီ အရေပြားကိုသာ ဒရမ်လုပ်တီးရရင် သိပ်ကောင်းမှာပဲ၊ ရောင်းလိုက်ရင် လည်း မိုက်ကယ်ဂျက်ဆင်ကတောင် ဝယ်ဦးမယ်၊ ဘီလူးဒရမ်ဆိုပြီးတော့ လည်း နာမည်ကြီးသွားလိမ့်မယ်"

ဘီလူး၏ကျောထဲမှ ယားသွား၏။

"မင်း ဘာတွေ လျှောက်တွေးနေတာလဲ"





"ခင်ဗျားလက်သည်းတွေကိုလည်း ဂစ်တာတီးတဲ့လက်ခတ် လုပ်လို့ ရတယ်"

"အို... ငါတော့ မထင်ပါဘူးကွာ"

"အရေးကြီးတာက ကျုပ်ထင်ဖို့ပဲဗျ၊ ကျုပ်ထင်ရင် ဟုတ်နေတာ ချည်းတယ်၊ ခင်ဗျားဟာ ဆေးဖက်လဲ ဝင်နိုင်တယ်၊ ခင်ဗျားရဲ့သွေး၊ သည်းခြေ၊ အရိုး အဲဒါတွေအားလုံး အင်မတန်ဈေးကောင်းရနိုင်တယ်၊ ယောကျ်ားတွေ အတွက် အားတိုးဆေး ဆိုပြီး ရောင်းလိုက်ရရင် လက်လည်မှာတောင် မဟုတ်ဘူး၊ စီးပွားရေးအကွက်ပဲဗျို့"

"အဲဒီလို မပြောကောင်းပါဘူးကွာ"

"ခင်ဗျားနှလုံးသားမှာ ဘီလူးမလေးတစ်ကောင်ရဲ့ပုံရိပ်ပါလာရင် သည်း အတော်ပဲ၊ အဲဒီဘီလူးမလေးရဲ့ဖက်ရှင်ကို ပုံနှိပ်ဖြန့်ဝေရမယ်"

"ဟော့... ငါခွင့်မပြုဘူးကွာ"

"အို... ခင်ဗျား အသာနေစမ်းပါဗျာ၊ ခင်ဗျားကို ဖျက်ရောင်းလိုက် ရင် အဲ... ဖျက်မရောင်းဘဲ ဒီအတိုင်း ကမ္ဘာလှည့်ပြီး ရုံသွင်းပြစားရင် တောင် ငွေတွေ သောက်သောက်လဲ ရမှာပဲ၊ အံမယ်မင်း မတွေးဝံ့စရာပဲ၊ သော့ ဟော့..."

"မတွေး... မတွေးတာ ကောင်းပါတယ်ကွာ"

လူက အားမလို အားမရဖြစ်ပြီး ဘီလူးကို ပခုံးလှမ်းပုတ်လိုက်၏။

"ဒီမှာ... ဒီမှာ"

ဘီလူးက ဆတ်ခနဲတုန်သွားသည်။

"ဘာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် တစ်ခုစဉ်းစားမိပြန်ပြီ၊ ကောင်းလိုက်တဲ့စိတ်ကူး၊ ခင်ဗျား ကို ကျွမ်းထိုးတွေ၊ စက်ဘီးစီးတွေ သင်ပေးပြီး ဘီလူးဆပ်ကပ်လို့သာ ပြစားလိုက်ရရင် ကျုပ် ကမ္ဘာကျော်ပြီဗျို့၊ ဘီလျံနာလည်း ဖြစ်ပြီ... ဟား ဟား... ဟား ဟား"

လူက မျက်လုံးများအရောင်တောက်ပြီး တဟားဟားရယ်မောလျက် မနောခွေ့နေသည်။ ရယ်ရင်းတန်းလန်း ဘီလူးကို အာသာငမ်းငမ်းကြည့် ပြီး သွားရည်များလည်း ရွှတ်ခနဲ ကျလာ၏။

ဘီလူးက ကျောချမ်းသွားမိပြန်သည်။

"ခင်ဗျားက ဘာလို့ နောက်ဆုတ်ဆုတ်သွားတာလဲ၊ လာပါဗျ... ရင်းရင်းနှီးနှီးပေါ့"

ထိုသို့ပြောခါမှ ဘီလူးက ပို၍ နောက်ဆုတ်သွား၏။ သူက ရှေ့ တိုးလိုက်လာသောအခါ ဘီလူးက နောက်ကို ထပ်ဆုတ်၏။ ထိုသို့ဖြင့် စည်းနားမှာ ချောင်ပိတ်မိသွားသည်။

"မင်း မင်း... ဘာလုပ်မလို့လဲ"

ဘီလူးက ထစ်ထစ်ငေါ့ငေါ့ဖြင့်မေး၏။ လူက...

"မှန်း... ကိုင်ကြည့်ရအောင်"

ဘီလူးကို လှမ်းကိုင်ရန် လက်ကို မြှောက်လိုက်၏။

"နေဦး..."

ဘီလူးက အော်ထည့်လိုက်၏။ သို့သော်...

"အို... မနေနိုင်တော့ဘူး"

ဘီလူးလည်း အူလှိုက်သည်းလှိုက် ချောက်ချားသွား၏။ ထိုင် မှာပဲ ကံကောင်းထောက်မစွာ သူ တားထားသောစည်းဝိုင်းက ဖျက်ခ





ချောက်ပြယ်သွားသည်။ စည်းဝိုင်းအပျောက်မှာပဲ အရိပ်သဏ္ဍာန်နှစ်ခု ချုပ်ထွေးသွား၏။

ထို့နောက်...

*



www.burmeseclassic.com

www.burmeseclassic.com



(၇)

"ဝူး…"

ဘီလူးအရုပ်တစ်ခု ထွက်ပေါ်လာပြီး တစ်တောလုံး ကျွက်ကျွက်ညံ သွားလေသည်။ ဘီလူးက ကြောက်ရွံ့တုန်လှုပ်စွာ ထွက်ပြေးသွားလေ သည်။ လျှင်မြန်သောအရှိန်အဟုန်ဖြင့် ပြေးထွက်သွား၍ သူ ဝင်တိုက်မိ သောသစ်ပင်များ ကျိုးပြတ်လဲကျကုန်သည်။

ဘီလူး၏အမြန်နှုန်းကို မမီလိုက်သဖြင့် လူက မချင့်မရဲ ကျန်ရစ် ခဲ့လေသည်။ ပေါင်ကို လက်ဖြင့်ပုတ်လိုက်ရင်း…

"တောက်… နာတယ်ကွာ၊ နည်းနည်းလေး လိုသွားတယ်"

ထို့နောက် ဘီလူးထွက်ပြေးသွားရာဘက်သို့ ကြည့်ရင်း အေး အေးစက်ပြုံးသည်။ စကားတစ်ခွန်းကိုလည်း တီးတိုးရေရွတ်လိုက်သေး၏

"မင်းကို ငါ ခွာတပ်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ မင်းကို ငါ ခွာတပ်





ပေးတာဟာ ဇက်ကြိုးနဲ့ ကုန်းနှီးကိုပါ တစ်ခါတည်းတပ်ပေးဖို့ ဖြစ်လိမ့် မယ်"

ထို့နောက် သူ့လမ်းသူ ဆက်လျှောက်ရင်း ပျောက်ကွယ်သွား၏။ တောအုပ်က ခွေခေါက်ကျန်ရစ်ခဲ့လေသည်။

✦



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် သိပ္ပံမှတ်စုများ

www.burmeseclassic.com






## ၁။ ABSOLUTE ZERO - ပကတိသုည

ဆင်းရဲတဲ့လူ အများကြီးကို ကျွန်တော် မြင်ဖူးတယ်။ တချို့ကလည်း မြည်သံပါအောင် ညည်းတတ်ကြတယ်။ တချို့ကတော့ ခပ်မာမာပဲ။ "ဆင်းရဲသားမာန"နဲ့ပဲ၊ ဝဝဖြိုးဖြိုး နေထိုင်ကြတယ်။

အဆိုတစ်ခုရှိတယ်။ "လူတိုင်းဟာ မွေးကာစကထက်တော့ ပိုချမ်းသာကြတယ်"တဲ့။ အဲဒါလည်း ဟုတ်တာပဲ။ လူက မွေးတုန်းက ဘာမှပါလာတာမှမဟုတ်ဘဲ။ ဘာမှမရှိဘူး။ အခု အင်မတန်ဆင်းရဲနေပါတယ်ဆိုတဲ့ လူကလည်း မွေးစကထက်တော့ ချမ်းသာတယ်။ အနည်းဆုံး ခါးဝတ်တော့ ရှိမယ်။

ဘာမှမရှိအောင် ပကတိဆင်းရဲတဲ့လူကို ကျွန်တော်တော့ မတွေ့ဖူးသေးဘူး။ အဲဒီလိုလူတွေကို ကျွန်တော်က "ပကတိသုည" လို့ နာမည်ပေးထားတယ်။ ဒါပေမယ့် "သုည"ဟာလည်း တကယ်တမ်း သုညပီသလာ

www.burmeseclassic.com



ရင် ရေးပြစရာ သင်္ကေတ (ဝ) တောင် မရှိဘူးလေ။ အဲဒါဆိုရင် သူ့ကို ဘယ်လိုသိရမလဲ။

အဲဒီလိုမျိုးပဲပေါ့။ တကယ်ဆင်းရဲတဲ့ "ပကတိသုည" ဆင်းရဲသား ကို ရှိနေရင်တောင် ကျွန်တော် တွေ့နိုင်ပါ့မလား။ စဉ်းစားစရာပဲ...။

## ၂။ ACID RAIN - အက်ဆစ်မိုး

အက်ဆစ်မိုးတွေဟာ အင်မတန်ကြောက်စရာကောင်းတယ်လို့ ကျွန်တော့်ကို တင်နင်းလာတဲ့ဆိုက်ကားသမားကပြောတယ်။ ဆိုက်ကား စီးနေတဲ့ ကျွန်တော်က ထီးဆောင်းထားပေမယ့် ဆိုက်ကားနင်းနေတဲ့ သူကတော့ ဘာမှ ဆောင်းမထားဘူးလေ။ "မိုးမကြောက်ဘူးလား" လို့ ကျွန်တော်ကမေးတော့ "အက်ဆစ်မိုးမှ မဟုတ်တာပဲဗျာ" လို့ သူက ပြန်ဖြေတယ်။ အိမ်ရောက်တော့ ကျွန်တော့်ထီးကို ကျွန်တော် အ... အကြည် နည်းလာတယ်။ တကယ်လို့သာ အက်ဆစ်မိုးကြီးရွာရင် သူ ကျွန်တော့်ကို အကာအကွယ်ပေးနိုင်ပါ့မလား။

## ၃။ ANDROMEDA GALAXY - အင်ဒရိုမီဒါ စကြဝဠာ

တချို့လူတွေက အတ္တသိပ်ကြီးကြတယ်။ အတ္တကြီးမှန်းကိုလည်း သိသာမြင်သာ ရရှိတယ်။ သူတို့တွေကို ကျွန်တော်က Milky Way လို့ နာမည်ပေးထားတယ်။ မစ်လကီးဝေးဆိုတာ မဟာစကြဝဠာတစ်ခုလော မှောင်မိုက်ပြီး မိုးသားစင်ကြယ်တဲ့ ညတွေမှာ မြင်ရတတ်တယ်။ ခုံးညွှ တဲ့သဏ္ဍာန်ရှိပြီး ပျပျကလေး တောက်ပနေတဲ့ ကြယ်အစုအဝေးပေါ့။

တဖြည်းဖြည်းနဲ့ အဲဒီ "မစ်လကီးဝေး" တွေထက် ပိုပြီး အတ္တကြီး





...တဲ့လူတွေကို ကျွန်တော် တွေ့လာရပြန်တယ်။

သူတို့ကတော့ သိသာမြင်သာ မရှိဘူး။ ထင်လည်းမထင်ရဘူး။ ...ပေမယ့် တကယ့်တကယ်မှာ ရှိုင်းနက်လိမ္မာစွာ အတ္တကြီးကြတယ်။ သူတို့ရဲ့ အတ္တလက္ခဏာကို အကြာကြီးပေါင်းပြီး အနုစိတ်လေ့လာမှ မြင်ရတယ်။ ကျယ်ပြန့်လွန်းလို့ ရေစီးသံမကြားရတဲ့ ပင်လယ်ကြီးအတိုင်း ...ပဲ။ ကျွန်တော်က သူတို့ကို "အင်ဒရိုမီဒါ" လို့ နာမည်ပေးလိုက်တယ်။ "အင်ဒရိုမီဒါ" ဆိုတာက "မစ်လကီးဝေး" ထက် ပိုပြီးကြီးတဲ့ စကြဝဠာပေါ့။ ...လွယ်တကူမမြင်ရဘူး။ ကြီးတာကတော့ ကြီးတယ်၊ အကြီးကြီးပဲ...။

## ၄။ ANTIMATTER - ဆန့်ကျင်ဒြပ်

လောကကြီးမှာ ဒြပ်တွေရှိသတဲ့။ သူတို့ကို တိုးဝင် တိုက်ဖျက်တဲ့ ဆန့်ကျင်ဒြပ်တွေလည်း ရှိတယ်။ သူတို့ချင်းတွေ့ရင် ကြေပျက်သွားကြ တယ်။ တစ်ခုကိုတစ်ခုက ချေမှုန်းပစ်တယ်။ ဒြပ်မှုန်တစ်ခုရယ်၊ ဆန့်ကျင် ဒြပ်မှုန်တစ်ခုရယ်ဟာ ခမ်းခမ်းနားနား ဝင်းဝင်းလက်လက်နဲ့ တိုက်ဖျက် ပျောက်ကွယ်သွားကြတယ်။

အာရုံထဲမှာ မြင်ကြည့်မိတယ်။ အတော်လှမှာပဲ။ ရှက်သလိုလည်း ...ရတယ်။ လူတွေနဲ့ ယှဉ်တွေးမိလို့ပါ။

လူ့လောကမှာလည်း လူတွေရယ်၊ ဆန့်ကျင်လူတွေရယ် ရှိတယ်။ ဆန့်ကျင်လူတွေက ဆန့်ကျင်ဒြပ်တွေလို မဟုတ်ဘူး။ စကားတွေ လျှောက် ...တယ်။ ဘယ်သူ့ကိုမှလည်း အကောင်းမမြင်ဘူး။ စိတ်ပျက်စရာကောင်း ...တဲ့ ရုပ်၊ နာမ်အတွဲကြီးတွေပေါ့။

အဲဒီဆန့်ကျင်လူတွေဟာ အခွင့်အရေးရတာနဲ့ အချို့အချို့သော



www.burmeseclassic.com

www.burmeseclassic.com




လူတွေကို တိုက်စားဖျက်ဆီးနိုင်အောင် ကြိုးစားတယ်။ ဆန့်ကျင်ဒြပ်တွေ လို ခမ်းနားဝင်းလက်စွာ တိုက်ခိုက်လာခြင်းမျိုး မဟုတ်ဘူး။ စုတ်ပြတ် မည်းမှောင်စွာ တိုက်ခိုက်တတ်ကြတယ်။

သူတို့ကို ကျွန်တော် မကြိုက်ဘူး။ ဒါပေမယ့် မောင်းထုတ်လို့လည်း မရဘူး။ ဘာမှမတတ်နိုင်ဘူး။ "လူ" ရှိနေရင် သူတို့လည်း ရှိနေမှာပဲ။ သဘာဝပဲလေ...။

## ၅။ ARIMUTH - ကြယ်တာရာထောင့်ချိုး

လူရဲ့ မြောက်ဘက်တည့်တည့်ကို မျဉ်းဖြောင့်တစ်ခု ဆွဲလိုက်။ ကြယ်ရဲ့ အောက်တည့်တည့် အမှတ်ကိုယူ။ ပြီးတော့ လူနဲ့ ဆက်လိုက်။ လူရဲ့ တည်နေရာမှာ ထောင့်ချိုးတစ်ခု ဖြစ်လာမယ်။ ကျွန်တော်က ကြယ်ထောင့် ချိုးလို့ နာမည်ပေးထားတယ်။

အသေအချာ "တွက်" တာတော့ မဟုတ်ဘူးပေါ့။ ပျင်းတဲ့အခါ အိမ်ရှေ့လမ်းပေါ် ထွက်ပြီး ကျွန်တော် အဲဒီလို လုပ်ဖူးတယ်။ ကြယ်တွေ၊








သချာသဘောတရားတွေနဲ့ ဆက်ဆံလုပ်ကိုင်ရတာမို့လို့ ကိုယ့်ကိုယ်ကို ကြီးမြတ်လာသလိုတောင် ခံစားရသေးတယ်။

ခင်ဗျားလည်း အားရင်လုပ်ကြည့်ပါလား...။

## ၆။ ARTIFICIAL INTELLEGENCE - ဉာဏ်တု

ဟိုနေ့က မဂ္ဂဇင်းတစ်အုပ်ထဲမှာ ဖတ်လိုက်ရတယ်။ ကွန်ပျူတာတွေမှာ "ဉာဏ်တု" ကို ထည့်တော့မယ်တဲ့။ စာအုပ်ကို ဘေးချပြီး ကျွန်တော် မျက်မှောင်ကြုတ် စဉ်းစားနေမိတယ်။ ကွန်ပျူတာနဲ့ ပတ်သက်မှ "ဉာဏ်တု" ရှိလာတာမဟုတ်ပါဘူး။ လူတွေမှာလည်း အစောကြီးကတည်းက "ဉာဏ်တု" ရှိတယ်။

တချို့လူတွေမှာရှိတဲ့ ဉာဏ်က အစစ်မဟုတ်ဘူး။ မွေးရာပါအတုကြီး။ သူတို့ဉာဏ်နဲ့ သူတို့ ဘာမှမလုပ်နိုင်ဘူး။ သူများဉာဏ်နဲ့ ဖော်ထုတ်ထားတာတွေကိုပဲ အတုခိုးပြီး လိုက်လုပ်နေရတယ်။

ကွန်ပျူတာကို "ဉာဏ်တု" တပ်ပေးတာ ကောင်းမကောင်းတော့ ကျွန်တော် မပြောနိုင်ဘူး။ လူတွေမှာ ဉာဏ်တုရှိနေတာတော့ မကောင်းဘူး။

## ၇။ ASTEROID - မျက်နှာမဲ့ဂြိုဟ်

ဗေဒင်ဆရာကြီးက ပြောတယ်။ ကျွန်တော့်ဇာတာက ဂြိုဟ်စီး ဂြိုဟ်နင်း အရမ်းကောင်းတယ်တဲ့။ ခုထိတော့ ကိုယ့်ကိုယ်ကိုယ် အဆောင် ပြေတယ်လို့ကို မထင်မိသေးဘူး။ အနှောင့်အယှက်၊ အပျက်အစီး[illegible] ချည်းပဲ။

ဟိုတစ်နေ့ကမှ ရေဒီယိုနားထောင်ရင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဇာတာမှာ "စီး" ထားတဲ့ ဂြိုဟ်တွေက မျက်နှာမွဲဂြိုဟ်တွေ ဖြစ်နေလို့ နေမှာပေါ့။

ကြေကွဲရပါတယ်။

## ၈။ BIG BANG - မဟာပေါက်ကွဲမှုကြီး

ကြယ်တွေ၊ ဂြိုဟ်တွေ၊ စကြဝဠာတွေဟာ မဟာပေါက်ကွဲမှုကြီးတစ်ခုကနေ ပေါ်ပေါက်ဖြစ်တည်လာတာတဲ့။ ပေါက်ကွဲမှုတစ်ခုက ဖြစ်တည်မှုတစ်ခုကို ပေးသလား။ ခေါင်းထဲမှာ လန့်သွားတယ်။

အခု ကျွန်တော့်မှာ ဖြစ်တည်မှုတစ်ခု ရှိတယ်။ အဲဒီနောက်မှာ မဟာပေါက်ကွဲမှုကြီးတစ်ခုက အခံရှိခဲ့လေသလား။ ဒိုင်ယာရီအဟောင်းတွေကို အပြေးအလွှား ရှာဖွေဖတ်မိရဲ့။ ရှိခဲ့ဖူးမယ်၊ ရှိခဲ့ဖူးတယ်။

"မဟာပေါက်ကွဲမှု"တဲ့…။

## ၉။ BIOSPHERE - ဇီဝဝန်းကျင်

သက်ရှိ ဇီဝရုပ်တွေရဲ့ နေထိုင်ရာဝန်းကျင်ကို "ဘိုင်အိုစဖီးယား" လို့ ခေါ်တယ်တဲ့။ ကမ္ဘာကြီးထဲမှာ မြေ၊ ရေ၊ လေထုတွေ ရှိတယ်။ အဲဒါမျိုးပေါ့။ ဒါဆိုရင် လူတစ်ယောက်ရဲ့ ဇီဝဝန်းကျင်ဟာ ဘာဖြစ်မလဲ။ ငွေ၊ ရိက္ခာ၊ ကျော်ကြားမှု၊ လိင်ကိစ္စ၊ အဲဒါတွေလား။ ဒါမှမဟုတ်၊ မေတ္တာ၊ မျှော်လင့်ချက်၊ ကိုယ်ချင်းစာတရား အဲဒါတွေလား။

## ၁၀။ BLACK HOLE - တွင်းနက်

ကျွန်တော့်မှာ မိတ်ဆွေတစ်ယောက် ရှိခဲ့ဖူးတယ်။ ဆင်းရဲတယ်။





တွင်းဆုံးကျနေပြီလို့ သူ့ကိုယ်သူ မကြာမကြာ ပြောလေ့ရှိတယ်။ နောက်တော့ သူ ချမ်းသာသွားပါတယ်။ ချမ်းသာဖို့အတွက်လည်း နည်းမျိုးစုံ ကို သူသုံးခဲ့တယ်။

ဒါပေမယ့် တစ်ခုတော့ ရှိတယ်။

ဆင်းရဲသားဘဝတုန်းကလို ကြည်လင်နွေးထွေးတဲ့ ရယ်သံမျိုးကို မရယ်နိုင်တော့ဘူး။ သောကတွေကို ငယ်ထိပ်မှာ ရွက်ထားရတယ်။ သူ့ဘာသာသူပဲသိတဲ့ ဒုက္ခတွေ အများကြီးနဲ့ ဘဝသေနေလေရဲ့။

ဆင်းရဲသားဘဝတုန်းကလိုပဲ သူ…တွင်းဆုံးကျပြန်တယ်။ နိမ့်ဝပ်တဲ့ မြေပြင်ကတွင်းတော့ မဟုတ်ဘူး။ မြင့်မားတဲ့ ကောင်းကင်ပေါ်ကတွင်း။

သူမို့လို့ Black Hole ထဲ ဆင်းသွားတယ်။

## ၁၁။ COMET - ကြယ်တံခွန်

Comet ဆိုတာ "ဂရိ"ဘာသာနဲ့တော့ "ဆံရှည်ကြယ်"လို့ အဓိပ္ပာယ်ရသတဲ့။ သူတို့မှာ တိကျတဲ့ ပုံသဏ္ဌာန်ရှိတယ်။ ဦးခေါင်းပိုင်း၊ အတွင်းပိုင်းနဲ့ အမြီးပိုင်းဆိုပြီး သုံးပိုင်းရှိတယ်။

တချို့တွေက "ကြယ်တံခွန်"ကို တုပြီး "လူတံခွန်" ဖြစ်အောင်လုပ်ကြတယ်။ ဖြစ်သူတွေလည်းရှိရဲ့ မဖြစ်သူတွေလည်းရှိရဲ့။ ဖြစ်သူတွေကတော့ ရင်ကော့ပြီး လမ်းလျှောက်ထွက်လေ့ရှိတယ်။ "လူတံခွန်"မှန်းလည်း သိသာတယ်။

## ၁၂။ DECIBEL - အသံယူနစ်တစ်မျိုး

နေ့ရှိသရွေ့ ကျွန်တော်တို့ ကြားနာထုတ်လွှင့်နေရသမျှ အသံတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ဒက်ဆီဘယ်လ်စနစ်နဲ့ တိုင်းတာရင် အောက်ပါတိုင်း တွေ့ရတယ်တဲ့။

| | |
|---|---|
| လေသံတိုးတိုးဖြင့် ပြောခြင်း | 15-30db |
| နာရီတစ်ချက်ချက်မြည်သံ | 20-40db |
| စကားစမြည်ပြောခြင်း | 30-60 db |
| ဒစ္စကိုတေးသံ | 105-115db |
| မိုးခြိမ်းသံ | 120-139db |
| ပေါက်ကွဲသံ | 120-140db |

ကျွန်တော် စဉ်းစားမိတယ်။ တချို့လူတွေရဲ့အကြည့်တွေ၊ တချို့လူတွေရဲ့ မျက်နှာတွေမှာလည်း "အသံ" တွေ ပါလာတတ်တယ်။ အဲဒီအသံတွေကို ဘယ်လိုတိုင်းတာမလဲ။

## ၁၃။ ENEGRY - စွမ်းအင်

အလုပ်တစ်ခုကို ဆောင်ကျဉ်းပေးနိုင်စွမ်းတဲ့ စွမ်းအားကို "စွမ်းအင်" လို့ ခေါ်တယ်။ ညက ကျွန်တော် စားခဲ့တဲ့ ကန်စွန်းရွက်ကြော်ဟာ ဘာအရသာမှမရှိသလိုဘဲ။ ကျွန်တော့်ကို စားမြိန်စေတဲ့ စွမ်းအင် သူ့မှာ ပါမလာဘူး။ ဒီမနက်လည်း အဲဒီကန်စွန်းရွက်ကြော်ကိုပဲ ဆက်စားရဦးမယ်။

'စွမ်းအင်ကူးပြောင်းမှု'ဆိုတာရှိတတ်ကြောင်း ကျွန်တော် ကြားဖူးတယ်။ ဥပမာ–အလင်းစွမ်းအင်ကနေ အပူစွမ်းအင်ကို ပြောင်းတယ်။ အဲဒါဆိုရင် ကျွန်တော်ကလည်း တစ်မျိုးထွင်ရတော့မယ်။ 'စွမ်းအင်ဘက် ပြောင်းမှု' လို့ ဆိုကြပါစို့။

နှုတ်မြိန်စေမယ့် စွမ်းအင်ကို ကန်စွန်းရွက်ပေါ်က ထုတ်ယူမယ့်အစားလျှာပေါ်ကပဲ ထုတ်ယူတော့မယ်။ မကောင်းတဲ့ ဟင်းတွေကို ကောင်း





သယောင်စားတတ်ဖို့အတွက် ကိုယ့်လျှာမှာပဲ စွမ်းအင်တစ်ခုခု တပ်ပေးရတော့မယ်။

## ၁၄။ ENTROPY - နောက်ဆုံးအခြေအနေတစ်မျိုး

အမြင်ကျယ်တဲ့လူတွေကို ကျွန်တော် သဘောကျတယ်။ တိုးတက်ထက်မြက်တဲ့ လူတွေနဲ့ တွေ့ရင်လည်း အရမ်းစိတ်အားတက်တာပဲ။ ဒါပေမယ့် ကပ်သီးကပ်သပ်နိုင်တဲ့ တချို့လူတွေကိုလည်း ကျွန်တော် တွေ့ဖူးတယ်။

အတွေ့အဆုံများလာ၊ မှတ်ရပြုရများလာတဲ့အခါမှာ အဲဒီလိုလူတွေကို ကျွန်တော်က "အင်ထရိုပီ" လို့ သင်္ကေတပြုလိုက်တယ်။ "အင်ထရိုပီ" ဆိုတာက ပြောင်းလဲမှုမရှိနိုင်တော့တဲ့ အဆုံးစွန် အခြေအနေလေ။ သူတို့ကို ပြောင်းလဲအောင် (ဒါမှမဟုတ်) အပြောင်းအလဲတစ်ခုခုကို သူတို့လက်ခံအောင် ဘယ်လိုမှ လုပ်လို့မရတော့ဘူး။

## ၁၅။ EVOLUTION - ဆင့်ကဲဖြစ်စဉ်

ဒါဝင်ရဲ့ "အီးဗော်လူရှင်း" သီအိုရီအရ လူဟာ မျောက်ဝံက ဆင်းသက်လာတာတဲ့။ လက်ရှိအခြေအနေမှာ ကျွန်တော်ဟာ နာမည်လေးအထိုက်အလျောက်ရနေတယ်။ ငယ်ငယ်တုန်းက ဆရာတစ်ယောက်က "မင်း လူဖြစ်ပြီပေါ့ကွာ"လို့ ကျောသပ်ပြီး ပြောသွားတယ်။

သူ့စကားအတိုင်းဆို ဒီအခြေအနေမတိုင်ခင် အစောပိုင်းကာလတွေမှာ ကျွန်တော်ဟာ လူမဖြစ်သေးဘူးပေါ့။ (တစ်နည်း) မျောက်ဖြစ်နေဆဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လူဟာ မျောက်ကနေ ဆင်းသက်လာရုံတင် မဟုတ်ဘူး။ လူ့ဘဝ ထဲမှာကို မျောက်ဘဝတစ်ပိုင်းပါနေတယ်။

## ၁၆။ EXPANDING UNIVERSE - ပြန့်ကားစကြဝဠာ

အနန္တ စကြဝဠာကြီးဟာ ပြန့်ကားနေတယ်တဲ့။ လူတွေကတော့ မူလအရွယ်အစားအတိုင်း ဆက်ရှိနေရင် ခက်မယ်။ အချိုးအစားအရ အရမ်းကွာသွားလိမ့်မယ်။

'ကြီးကျယ်' ချင်လို့ သိပ်မရတော့ဘူး။

ဟုတ်တယ်လေ။ 'ဘယ်နေ့လဲ၊ ဘယ်တော့လဲ'...။

## ၁၈။ GALAXY - မဟာစကြဝဠာ

ဖြစ်နိုင်ရင် မဟာစကြဝဠာထဲမှာ သွားနေမလားလို့ ကျွန်တော် စဉ်းစားတယ်။ အဲဒီလိုနဲ့ ဝေခွဲမရဖြစ်စရာလေးတွေလည်း ကြုံနေရတယ်။ မဟာစကြဝဠာက အမျိုးမျိုးရှိတယ်လေ။

ဘဲဥပုံသဏ္ဌာန်(Elliptical) စကြဝဠာမှာဆိုရင် ကျွန်တော်လည်း ပုပုဝိုင်းဝိုင်း ရွေ့လျားနေရမှာပဲ။ ခရုပတ်ပုံသဏ္ဌာန် (Spiral) စကြဝဠာ ထဲမှာဆိုရင် အနုစိပ်ဆန်လွန်လှတဲ့ ပတ်ချာလည်မျဉ်းကွေး၊ မျဉ်းကောက် တွေထဲမှာ ကျွန်တော် မူးနောက်နေနိုင်တယ်။ ပုံသဏ္ဌာန်မမှန်တဲ့ စကြဝဠာ (Irragular) ထဲမှာကျတော့ ပိုဆိုးနိုင်ပါရော။

ဘာပုံပေါက်ပြီး ဘယ်လို ခန့်ပေါက်နေမိမယ်မှန်းကို မသိဘူး။





## ၁၉။ HEART ATTACK - နှလုံးအလုပ်ရပ်ဆိုင်းခြင်း

နှလုံးရပ်သွားတာကို Heart attack လို့ ခေါ်သတဲ့။

ကျွန်တော့်ဘဝမှာ ရင်ခုန်ခဲ့၊ မျှော်လင့်ခဲ့ရတဲ့ အရာတွေ ရှိတယ်။ သူ့အချိန်နဲ့သူ၊ သူ့အရွယ်နဲ့သူတော့ အရေးကြီးခဲ့တာပဲ။ တချို့လည်း ဖြစ်မြောက်ခဲ့တယ်။ တချို့လည်း မဖြစ်မြောက်ခဲ့ဘူး။ တချို့အတွက် နှလုံးခုန်ခဲ့ရတာက တန်တယ်။ တချို့အတွက် နှလုံးခုန်ခဲ့ရတာက မတန်ဘူး။

နှမြောလိုက်တာ၊ နှလုံးတစ်ချက်ခုန်ရင် သွေးက လက်ဖက်ရည်ဇွန်း (၃၀) လောက် ထွက်မြောက်လည်ပတ်ရတယ်တဲ့။ ခုအချိန် ပြန်စဉ်းစား တော့ ရယ်စရာ မောစရာလေးတွေလည်း ပြန်ဖြစ်နေလေရဲ့။ ကျွန်တော့် မှာလည်း Heart Attack ဖြစ်နေပြီထင်တယ်။ ကျွန်တော် ဘာကိုမှ ရင် ခုန်တော့ဘူး။ နှလုံးမလှုပ်ရှားတော့ဘူး။ နေတတ်လာတယ်လို့ ပြောရ မလား၊ ရင့်ကျက်လာတယ်လို့ ပြောရမလား။ နှလုံးမခုန်တော့တာတော့ များတယ်။ သေနေတဲ့ နှလုံးသားနေရာကို Infarction လို့ ခေါ်တယ်။ ကျွန်တော်လည်း အဲဒီလို ဖြစ်နေပြီ။

ကျွန်တော်တော့ Heart attack ဖြစ်နေပြီ။

## ၂၀။ IMMUNE SYSTEM - ကိုယ်ခံအားစနစ်

ခန္ဓာကိုယ်ကို ပြင်ပရောဂါကနေ ကာကွယ်ပေးတဲ့ အဖွဲ့တဲ့။ ရုပ် ခန္ဓာအတွက် အင်မတန်လိုအပ်ပုံရတယ်။

ဒါပေမဲ့ လူတွေမှာ အဲဒီထက် ပိုပြီး လိုအပ်နေတဲ့အရာ ရှိတယ်။ သိချင်လို့ ရှာဖွေဖော်ထုတ်နေတယ်။ "နာမ်" ခန္ဓာကို ကာကွယ်ပေးတဲ့ အဖွဲ့ပေါ့။ လူဆိုတာ လောကဓံရဲ့ မားရှစ်လက်ကြားမှာ အသက်ရှင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတာ မဟုတ်လား။

နာမ်ခန္ဓာအတွက်လည်း Immune Systemလိုတယ်။ ဘယ်မှာလဲ။

## ၂၁။ LIGHT YEAR - အလင်းနှစ်

အလင်းဟာ တစ်စက္ကန့်မှာ ၁၈၆၀၀၀ မိုင် သွားတယ်။ တစ်နှစ်အတွင်းမှာ အလင်းပေါက်ရောက်တဲ့ အကွာအဝေးကို အလင်းနှစ်လို့ ခေါ်တယ်။ အလင်းနှစ်နဲ့ တွက်ကြည့်တဲ့အခါ အကွာအဝေးအားလုံးဟာ ကြုံ့ကျဉ်းသွားကြလေရဲ့။

လတောင်မှ ကမ္ဘာနဲ့ (1.5 Light-second)ပဲ ကွာသတဲ့။ လက်တွေ့ဘဝနဲ့ ကွာဝေးလွန်းနေတဲ့ ကျွန်တော်တို့ရဲ့ အိပ်မက်တွေ၊ မျှော်လင့်ချက်တွေကိုလည်း အလင်းနှစ်နဲ့ တွက်ကြည့်ပြီး "နီး" ယူကြရအောင်။ မကောင်းဘူးလား။

## ၂၂။ MATTER - ဒြပ်

စာပေလောက၊ အနုပညာလောကမှာ "တစ်နေရာတော့ လိုချင်တယ်" ဆိုတဲ့လူတွေ ကျွန်တော် တွေ့ဖူးတယ်။ စာပေ အနုပညာလောကထဲမှာ သူတို့ကလည်း "ဒြပ်" တစ်ခုအဖြစ် ပါဝင်ချင်တယ်တဲ့။

"ဒြပ်" ဆိုတာက ဟင်းလင်းတစ်ခုထဲမှာ နေရာယူထားတဲ့ အရာကို ခေါ်တာ။ စာပေအနုပညာလောကထဲမှာလည်း ဟင်းလင်းကွက်တွေ အများကြီး ကျန်နေတုန်းပါပဲ။ ဘယ်သူမှ မမြင်ကြသေးတဲ့ နေရာတွေ မြင်ရက်နဲ့ မဖော်ထုတ်ကြရသေးတဲ့ နေရာတွေ အများကြီးပါပဲ။

အဲဒီအထဲကို တိုးဝင်ဖို့လိုတယ်။





## ၂၃။ MOLECULAR BIOLOGY - မော်လီကျူးဇီဝဗေဒ

စက်ယန္တရားဆန်နေတဲ့ သက်ရှိတွေရဲ့ ဘဝအဖြစ်ကို ဖော်ပြတဲ့ သိပ္ပံပညာပေါ့။ လူတွေအတွက်တော့ မှန်ကန်လွန်းလှချည်ရဲ့လို့ မြင်မိပါတယ်။ မြေပုံစာရွက်ကိုင်ပြီး ရပ်တည်နေရတယ်။ နာရီဒိုင်ခွက်ကြည့်ပြီး လှုပ်ရှားနေရတယ်။ မွေးနေ့နဲ့ သေနေ့ကြားမှာ စာရေး၊ ဝတ်ရေး၊ နေရေး၊ ခရီးသွားလာရေးနဲ့အတူ...

သိပ္ပံနည်းကျ ကားရားကြီးဖြစ်လို့။

## ၂၄။ OORT CLOUD - အူးတ်တိမ်တိုက်

စကြဝဠာထဲက တိမ်တိုက်ထုကြီးတစ်ခုကို "အူးတ်တိမ်တိုက်"လို့ ခေါ်တယ်။ ရှာဖွေဖော်ထုတ်ခဲ့တဲ့ သိပ္ပံပညာရှင် "ဂျန်အူးတ်"ရဲ့ အမည်ကို အစွဲပြုပြီး ခေါ်တာပေါ့။ သတင်းစာပို့တဲ့ "တက်ပု" ကို ကျွန်တော်က အဲဒီအကြောင်း ပြောပြမိတယ်။

နောက်နေ့မှာ "တက်ပု" က ကျွန်တော့်ကို ကျောက်ခဲတစ်ခဲလာပြတယ်။ ပုံစံထူးခြားနေတဲ့ လမ်းဘေးကျောက်ခဲတစ်ခဲပါပဲ။ သူရှာဖွေဖော်ထုတ်လိုက်တာလို့ ပြောတယ်။ အဲဒီကျောက်ခဲကို "တက်ပုကျောက်ခဲ"လို့ သတ်မှတ်ကြောင်း သူက ပြောတယ်။

ကျွန်တော်လည်း လက်ခုပ်လက်ဝါးတီးပြီး ထောက်ခံအားပေးလိုက်တယ်။

## ၂၅။ PHYSICS, GEOPHYSICS - ဘူမိရူပဗေဒ

ရူပဗေဒပညာရပ်ကြီးရဲ့ အခွဲတစ်ခုပေါ့။ လျှော်ပညာ၊ မိုးလေဝသ

www.burmeseclassic.com

www.burmeseclassic.com



ပညာ၊ အဲဒါတွေကို လေ့လာတယ်။ ကျွန်တော် တကယ်ချင်လိုက်တာ။

ကျွန်တော့်ဘဝမှာ ဘယ်တော့ လျှောင်လှုပ်မလဲ၊ ကျွန်တော့်ဘဝမှာ ဘယ်တော့မိုးရွာမလဲ၊ အဲဒါတွေကို သရုပ်ခွဲကြည့်ချင်လို့။

## ၂၆။ QUANTUM THEORY - ကွမ်တမ်သဘောတရား

အကူးအပြောင်းတွေဟာ ပွိုင့်တူပွိုင့် (Point to point) ကူးပြောင်းတာတဲ့။ မြင့်တက်သွားတဲ့ အကူးအပြောင်းပဲဖြစ်ဖြစ်၊ နိမ့်ဆင်းသွားတဲ့ အကူးအပြောင်းပဲဖြစ်ဖြစ်၊ အကူးအပြောင်းဟူသမျှဟာ အမှတ်စက်လေးတစ်ခုကနေ အမှတ်စက်လေးတစ်ခုဆီကို ကူးပြောင်းတာပဲ။

လှသမိုင်း၊ ကမ္ဘာ့သမိုင်းထဲက ထင်ရှားလှတဲ့ ကြောက်မက်ဖွယ်ရာ အပြောင်းအလဲအားလုံးဟာ ဘာမှမဟုတ်လှပါဘူး။ ပြောထားပြီးပြီလေ။ point to point တဲ့။

## ၂၇။ QUASAR - ကွေဆာ (ကြယ်နှင့်တူသောအရာ)

ဘယ်နယ်ပယ်မှာဖြစ်ဖြစ် "စတား" ဖြစ်ချင်တဲ့လူတွေ ရှိတယ်။ ကြယ်ပွင့်တစ်ပွင့်လို လင်းလက်တောက်ပချင်တာပေါ့။ တချို့လည်း ဖြစ်မြောက်အောင်မြင်ကြတယ်။ သူ့နယ်နဲ့သူတော့ "ကြယ်"တွေပေါ့။ တချို့ကျတော့လည်း ဖြစ်မလိုလိုနဲ့ မဖြစ်ဘူး။ ကြယ်နဲ့တူတဲ့ အရာတစ်ခုအဖြစ်ပဲ ရပ်တည်သွားကြတယ်။

အဲဒီလိုလူတွေကို ကျွန်တော်က "ကွေဆာ" လို့ ခေါ်တယ်။



## ၂၈။ RADIANT ENERGY - ဖြာထွက်စွမ်းအင်

| | |
|---|---|
| 1. ဂမ္မာရောင်ခြည် | Gamma rays, $10^{20}$ Hz |
| 2. အိတ်စ်ရောင်ခြည် | X- rays, $10^{18}$ Hz |
| 3. ခရမ်းလွန်ရောင်ခြည် | Ultraviolet rays, $10^{16}$ Hz |
| 4. မြင်ရသောရောင်စဉ် | Visible spectrum |
| (a) ခရမ်းရောင် | Violet |
| (b) မဲနယ်ရောင် | Indigo |
| (c) အပြာရောင် | Blue |
| (d) အစိမ်းရောင် | Green |
| (e) အဝါရောင် | Yellow |
| (f) လိမ္မော်ရောင် | Orange |
| (g) အနီရောင် | Red |
| 5. အနီအောက်ရောင်ခြည် | Infra red rays, $10^{13}$ Hz |
| 6. ရေဒါလှိုင်းများ | Radar waves, $10^{10}$ Hz |
| 7. တီဗွီလှိုင်းများ | TV waves $10^{8}$ Hz |
| 8. ရေဒီယိုလှိုင်းများ | Radio waves, $10^{6}$ Hz |

ကျွန်တော်တို့ရဲ့ဘဝကို အဲဒီလှိုင်းတွေက လွှမ်းမိုးနေတယ်တဲ့။ အလွှမ်းမိုးခံရတယ်ဆိုတာ ကောင်းတဲ့အရာတော့ မဟုတ်ဘူး။ တွန်းဖယ်ကြည့်ရင် ကောင်းမလား။

www.burmeseclassic.com

www.burmeseclassic.com



## ၂၉။ RELATIVIỴİTY THEORY - နှိုင်းရတရား

အိုင်စတိုင်းဖော်ထုတ်ခဲ့တဲ့ ကမ္ဘာကျော်သီအိုရီပဲ။ သူ့သီအိုရီကို ကြားပြီးတဲ့အခါမှာ ကျွန်တော့်အတွက်တော့ လူတွေကို မှတ်ချက်ပေးဖို့ ခက်သွားတယ်။

လူဆိုးလူကောင်းကို သိပ်မခွဲနိုင်တော့သလိုပဲ။ အကောင်းအဆိုး ဆိုတာ နှိုင်းယှဉ်ပြီးမှ သိရတာမဟုတ်လား။ လူဆိုးတစ်ယောက် ဆိုပါစို့၊ သူ့ထက်ဆိုးတဲ့လူနဲ့ ယှဉ်ရင် သူကကောင်းပြီး သူ့ထက်ကောင်းတဲ့လူနဲ့ ယှဉ်ရင် သူကမကောင်းသလို ဖြစ်သွားတယ်။

လမ်းထဲက "ဒေါ်ကောက်ပု"ကြီးကို ကျွန်တော် မကြိုက်ဘူး။ နှုတ်ကြမ်းလျှာကြမ်းနဲ့ ဆိုးတယ်လို့ ထင်ရတယ်။ ဒါ... သူ့လောက်မဆိုးတဲ့ မိန်းမကြီးတွေနဲ့ ယှဉ်ကြည့်မိလို့လေ။ သူ့ထက်ဆိုးတဲ့ မိန်းမကြီးတွေနဲ့ ယှဉ်ကြည့်ရင် သူက ကောင်းနေမှာပဲ။ သူ့ကို ကျွန်တော် အကောင်းအဆိုး မှတ်ချက်မပေးလိုတော့ဘူး။ အောက်ပါအတိုင်းပဲ မှတ်ချက်ပေးလိုက်ရတယ်။ ကြားချင်ရင်ပေါ့လေ။

"ဒေါ်ကောက်ပုသည် မိန်းမကြီးတစ်ယောက် ဖြစ်သည်။"

## ၃၀။ SMOKING - ဆေးလိပ်သောက်ခြင်း

ဆေးလိပ်သောက်တဲ့အတွက် လူတွေဟာ အချိန်မတိုင်မီ သေကြတယ်တဲ့။ Premature Death လို့ ခေါ်တယ်။

စဉ်းစားစရာပဲ။ အဲရစ်ဖရွန်းကလည်း ပြောဖူးတယ်။ "လူတွေဟာ အပြည့်အဝ မရှင်သန်ရသေးခင်မှာ သေသွားကြတယ်"တဲ့။ အဲဒီစကား ဟုတ်တယ်။ လူတွေ၊ ဘဝတွေကို ကျွန်တော်လည်း မြင်တွေ့နေရတာပဲ။






ကိုယ်ကိုယ်တိုင်လည်း ပါဝင်နေရတာပေါ့။ လူတွေဟာ အချိန်မတိုင်မီ သေတတ်ကြတယ်။

မြင်မိတဲ့အချက်တစ်ချက် ရှိတယ်။ ဆေးလိပ်သောက်သောက် မသောက်သောက် အားလုံးသောလူတွေအတွက် Premature Death က စောင့်နေတယ်။

ဒါမှမဟုတ် Premature Death ဟာ လူတိုင်းမှာ ရှိတယ်။ လူတိုင်းအတွက် ရှိနေတယ်။ (အဲဒါကြောင့် လူတိုင်း ဆေးလိပ်သောက်တယ်။)

## ၃၁။ STELLAR EVOLUTION - ကြယ်တို့၏ ဆင့်ကဲဖြစ်စဉ်

**Evolution of Stars**






www.burmeseclassic.com

www.burmeseclassic.com



ကြယ်တွေကလည်း လက်ဝှေ့သမားတွေ အတိုင်းပဲ။ (ဖဲသာဝိတ်) တဲ့။ (လိုက်သ်ဝိတ်)တဲ့။ (မဒ်ဒယ်လ်ဝိတ်)တဲ့။ (ဟဲဗီးဝိတ်)တဲ့။ အမျိုးမျိုးရှိနေတယ်။ အမျိုးအစားခွဲတယ် ဆိုတာကလည်း တကယ့်တကယ်တော့ အဆင့်အတန်းခွဲတာပါပဲ။ ကြယ်တွေတောင်မနေရဘူး။ ဘယ့်နှယ်လုပ်မလဲ။

## ၃၂။ TORNADO - လေပွေလေပြင်း

"မိုးသက်မုန်တိုင်းထက်တောင် ပိုပြင်းတယ်"တဲ့။ သူ့အထဲက လေထုဟာ အနုတ်လက္ခဏာဖြစ်နေတယ်။ ပြင်ပလေထုထက် ဖိအားနည်းတယ်။ အိမ်တစ်လုံးကိုတောင် ပေါက်ကွဲသွားစေတယ်။

တချို့လူတွေဟာ အရမ်းကို ရေရွတ်ညည်းတွားတတ်ကြတယ်။ သူတို့ပြောသမျှ စကားတွေထဲမှာ အပေါင်းလက္ခဏာသဘော တစ်ခုမှမပါဘူး။

## ၃၃။ UNCERTAINTY PRINCIPLE - မရေရာခြင်းနိယာမ

အင်မတန်တိကျလှပါတယ်ဆိုတဲ့ သိပ္ပံပညာက အမှန်ကန်ဆုံးအဖြစ် ရှာတွေ့ထားတဲ့ နိယာမပေါ့။ မရေရာခြင်း နိယာမတဲ့။

အင်း... သဘောပေါက်ကြဖို့တော့ ကောင်းပြီ။

## ၃၄။ ZERO POINT ENERGY - သုညမှတ်စွမ်းအင်

အပူသုညဖြစ်နေတဲ့ အရာဝတ္ထုရဲ့ စွမ်းအင်ကို ခေါ်တာ။ ကျွန်တော်တို့ ပုထုဇဉ်လူသားတွေမှာဖြင့် အပူအပင်တွေ များလှချည်ရဲ့။ အဲဒီစွမ်းအင်ကို ဘယ်တော့များမှ ထိတွေ့နားလည်ရပါ့မလဲ။





ကြိုးစားရဦးမယ်

ကြိုးစားရဦးမယ်

ကြိုးစားရဦးမယ်...။ ။

✦

www.burmeseclassic.com


www.burmeseclassic.com



# ပေဒါစာရွက်

www.burmeseclassic.com

www.burmeseclassic.com





(၁)

ကြယ်တစ်ထောင် မျက်စိကြောင်နေတဲ့ညက ဗေဒါတွေကို ကျွန်တော် သတိရသေးတယ်။

ထက်ချပ်လိုက်ဖတ်ပါ။ ဒါဟာ စီးမျောနေတဲ့ ဗေဒါစာရွက်ပဲ ဖြစ်ပါတယ်။

*

www.burmeseclassic.com

www.burmeseclassic.com



## (၂)

ညနေဟာ ရွှေရောင်မြင်းရိုင်းတစ်ကောင်လိုပဲ၊ ကောင်းကင်မျဉ်းကွေးမှာ လုလုပပ ဇော့ဝိုက်ပြေးလွှားနေတယ်၊ ဝါလင်းပျော့ပျောင်းတဲ့ အလင်းတန်းပေါင်းများစွာကလည်း ကမ္ဘာစောင့်နတ်သမီးရဲ့ လက်ချောင်းတွေကြားက မြေပြင်ဆီ ဖိတ်စဉ် ယိုစီးကျနေတယ် ထင်ရဲ့၊ ကျွန်တော့်ကို မော့ကြည့်ဖြစ်စေခဲ့တယ်။

ဒါပေမယ့် ခဏကလေးပါ၊ လက်ညှိုးထိုးပြဖို့ ဆိုရင်တောင် မှီလိုက်မှာ မဟုတ်တဲ့ ခဏငယ်ငယ်ကလေးပါ။ ကျွန်တော့်မျက်လုံးအစုံဟာ ရေမှာ မျောသွားတဲ့ ဗေဒါတွေဆီကိုပဲ ပြန်ရောက်သွားလေရဲ့။

လမ်းတစ်လမ်းရဲ့ နံဘေး၊ ချောင်းတစ်ချောင်းရဲ့ နံဘေး၊ ဒီကမ်းပါးကလေးမှာ ထိုင်ပြီး ညနေရဲ့ ရွှေရောင်ဝတ်ရုံကို ကျွန်တော်ရယ်၊ ဗေဒါတွေရယ် အတူတူခြုံကြတယ်။





ဗေဒါကို ကျွန်တော် သိပ်ချစ်တာပဲ၊ လူတစ်ယောက်က သူ့နောက်က ဗေဒါက ရေ့ကဗေဒါကို ခလုတ်နှိပ် မောင်းမသွားဖူးဘူး၊ သူတို့ညီတူမျှတူ စီးမျောနေကြပါတယ်။

သူတို့ဟာ ချောင်းကိုရော ပင်လယ်ကိုရော တစ်သဘောတည်းထားကြတယ်၊ သူတို့ဟာ ရေစက်ကလေးရဲ့ ဗေဒါဖြစ်သလို ရေစက်ကြီးရဲ့ ဗေဒါလည်း ဖြစ်တယ်။

ဘယ်ဆီမှာ သူတို့တွေ ကမ်းကပ်ကြတယ်လို့ ကျွန်တော် မသိပါဘူး။ ဒါပေမယ့် သေသေချာချာသိတာတစ်ခုကိုတော့ ပြောပြချင်ပါရဲ့။

ဘယ်သူငြင်းမလဲ၊ ဗေဒါတွေဟာ ဘယ်မှာမှ ကျောက်ချမနားဘူး၊ ရှေ့ကိုသာ စီးမျောခရီးနှင်သွားကြတယ်...။

*



www.burmeseclassic.com

www.burmeseclassic.com



(၃)

၁။ ကျွန်တော်

၂။ ဖေဒါ

၃။ ညနေခင်းကလေး၊

တိတ်တိတ်ဆိတ်ဆိတ် တည်ဆောက်ထားတဲ့ တြိဂံရစ်သမ်ထဲကို နောက်ပိုင်းရက်တွေမှာ တုတ်ကောက်ထောက်သဲ တစ်ခုက ထိုးဖောက် ဝင်ရောက်လာတယ်။

လူတစ်ယောက်...

ပုံသဏ္ဌာန်တွေ ဘာတွေ မပြောတော့ပါဘူး၊ မကြီးရင့်လွန်းသေးဘေ မဲ့ လုံးလုံးလျားလျား မငယ်တော့တဲ့ တက်သစ်စ လူတစ်ယောက်ပေါ့။

ဟန်တွေပန်တွေနဲ့ ကျွန်တော်တို့ဘေးက လမ်းကလေးမှာ ပုံစံအမျိုး မျိုးနဲ့ သူလမ်းလျှောက်တာကို ကျွန်တော်က သနားလာတယ်။





ဒါပေမယ့် သူကတော့သိပုံမရဘူး၊ တစ်ခါတစ်ခါ သူ့ကို ကျွန်တော် ကြည့်မိတဲ့အခါ ဂုဏ်ယူသွားတဲ့ဟန်သာ ရှိတယ်။ ရင်ကို ကော့ပြီး ခုနစ် စင်ကြယ်လို အမြီးထောင်ပြတယ်။

ကျွန်တော် ရယ်ချင်သွားတာပေါ့။

ဒီလူ ညဥ့်သန်းခေါင်လို မှောင်တတ်တယ်...။

*

www.burmeseclassic.com

www.burmeseclassic.com



(၄)

ဘယ်လိုညနေမှာမဆို ကျွန်တော်ဟာ သူ့ကို သိပ်မကြည့်ဖြစ်ဘူး၊ ဗေဒါတွေကိုပဲ ငေးကြည့်ဖြစ်တယ်။

ကျွန်တော်က ဗေဒါတွေပေါ်မှာ သူ့ထက် ပိုပြီး အလေးထားတာကို သူ ခံပြင်းလာပုံရတယ်၊ ဘာမှပြောမရလို့ ဘာမှတော့ မပြောဘူးပေါ့၊ ဒါပေမယ့် တစ်ခါတစ်ခါကျရင် သူ့မျက်နှာက တော်တော်စပ်မယ့် ငရုတ်သီးကြီးတစ်တောင့်လို နီလာတယ်၊ အဲဒါလည်း ရယ်ရတာပဲ။

တစ်နေ့မှာ သူ့ဘက်က စတင် ထူးခြားလာတယ်၊ ဗေဒါနဲ့အပြိုင် လမ်းလျှောက်တာပါ၊ ရေစီးသန်တဲ့ ဒီချောင်းကလေးမှာ ဗေဒါတွေက လှမ်းဆွဲလို့ မရလောက်အောင် မြန်ကြတယ်၊ သူ မမီ မီအောင် လိုက်လျှောက်ပေမယ့် နောက်ဆုံးတော့လည်း မမီပါဘူး၊ ပုံပျက်ပန်းပျက်နဲ့ ရှုံးသွားပါတယ်။

ကြောင်နှစ်ကောင်ကအိပ်ကိုက်



"သူက ရေစီးနဲ့ဆိုတော့ဗျာ"

သူက ရှက်သလို မရှက်သလိုနဲ့ ကျွန်တော့်ကို လှမ်းပြောပါတယ်။

"တကယ်လို့ ဒီမြေကလည်း ရေတွေလို စီးနေရင် ကျုပ်နိုင်မှာပါ"

ကျွန်တော်က ဖြည်းဖြည်းချင်း ခေါင်းခါပြလိုက်တယ်။

"ရေက စီးနေလို့ကို မတည်ငြိမ်ဘူးဗျ၊ လှိုင်းတွေ ဂယက်တွေနဲ့၊ တည်ငြိမ်နေတဲ့ မြေပေါ်မှာတောင် ခင်ဗျား ဖရိုဖရဲလိုက်လျှောက်နေရတာ၊ စီးနေတဲ့၊ မတည်ငြိမ်တဲ့ မြေပေါ်မှာဆို ခင်ဗျားလဲသွားမှာပေါ့"

ကျွန်တော့်စကားကြောင့် သူကြောင်သွားတယ်၊ အသက်ရှူလိုက်တာ လေတွေ ဝင်လာပါလားဆိုတဲ့ ကြောင်ပုံမျိုးပါ၊ ဘာမှတော့ ပြန်မပြောဘူး၊ နောက်နေ့တွေမှာလည်း ဘာမှ ထပ်မပြောဘူး။

ဒါပေမယ့် ကျွန်တော် သတိထားမိတယ်၊ လမ်းလျှောက်တာကို သူ ပိုပြီး ကြိုးစားလာတယ်၊ ပိုပြီး စနစ်ကျမြန်ဆန်အောင် လေ့ကျင့်လာတယ်။

*

www.burmeseclassic.com

www.burmeseclassic.com



(၅)

ရေပေါ်က ဗေဒါတွေ မျောတာကို မြေပေါ်မှာ သူက အပြိုင်လိုက်
လျှောက်ပြန်တယ်၊ မီပါတယ်၊ မကျော်ဖြတ်နိုင်ပေမယ့် မကျန်ရစ်ခဲ့ပါဘူး
ကိုယ်ဟန်လှလှပပ ခြေလှမ်းမိမိရရနဲ့ကို ကျေနပ်စရာကောင်းအောင် လျှော
ပြနိုင်ပါတယ်။

နောက်ဆုံး တုတ်ကောက် ထောက်ချက်အပြီးမှာပဲ သူက ကျွန်တော်
ကို ချာခနဲ လှည့်ကြည့်တယ်၊ ပြီး နပိုလီယံ မျက်နှာဖုံးကို အပြုံးကလေး
စွပ်ပြီး မေးပါတယ်။

"ဘယ်လိုလဲဗျို့... တည်ငြိမ်တဲ့ မြေပေါ်မှာ တည်ငြိမ်တဲ့ လူ
ယောက် လမ်းလျှောက်တာ မလှဘူးလား"

ကျွန်တော်က မျက်နှာထားတည်တည်နဲ့ ခေါင်းညိတ်ပြလိုက်တယ်

"လှပါတယ်၊ ဒါပေမယ့် မတည်ငြိမ်တဲ့ ရေပေါ်မှာ တည်ငြိမ်တဲ့ ဗေ



တွေ လမ်းလျှောက်တာ ပိုပြီး လှတာပေါ့"

အဲဒီမှာပဲ သူ့မျက်နှာက ကျည်ဆန်ထွက်သွားတဲ့ သေနတ်ပြောင်း
ဝလို အူဝေညိုမှိုင်းသွားတယ်။

"ဒါကတော့ ခင်ဗျား ကျုပ်ကို သက်သက်သိက္ခာချချင်လွန်းလို့
ဗေဒါတွေဘက်က လိုက်ပြောတာပဲ"

ကျွန်တော်က ဖြည်းဖြည်းချင်း ခေါင်းခါပြလိုက်တယ်။

"အဲဒီလိုတော့ မဟုတ်ဘူးဗျ၊ ပြောရမယ်ဆိုရင် နောက်တစ်ချက်
တောင် ရှိသေးတယ်"

အဲ့ဒီအခါ သူ့ကိုယ်ဟာ သေနတ်တစ်လက်ကို မောင်းဆွဲတင်လိုက်
သလို ဆန့်ထွက်လာတယ်၊ တုတ်ကောက်ကို မြှောက်ပြီး ခပ်ဆတ်ဆတ်
ပြန်မေးတယ်။

"ဘာလဲ"

ကျွန်တော်ကတော့ ခပ်တိုးတိုးပဲ ပြန်ပြောလိုက်ပါတယ်။

"ဗေဒါတွေ ရေမှာ လမ်းလျှောက်ကြတာက ခင်ဗျားလို တုတ်ကောက်
ခါဘူးဗျ"

အဲ့ဒီစကားအဆုံးမှာ

သူဟာ

ခေတ္တ... ငြိမ်သက်သေဆုံးသွားပါတော့တယ်။

✦

www.burmeseclassic.com

www.burmeseclassic.com



# စာလုံးတွေမရှိတော့တဲ့ဗိုင်တွဲ

www.burmeseclassic.com

www.burmeseclassic.com





(၁)

သူမကို စတင်တွေ့ရှိသောနေ့၌ ကျောင်းစည်းရိုးက ဒေလီယာတို့သည် အဝါရောင်ဝတ်ရုံကို ခြုံထားကြလေသည်။ မိုးစက်မိုးပြောက်ကလေးများ ပိုးပိုးပေါက်ပေါက်ကျဆင်းနေသည့် ဂျူလိုင်၏ ညနေခင်းသည်လည်း သင်းမြအေးစက်နေခဲ့၏။

ချစ်သူကို တစ်ခါမျှ မြင်ဖူးရုံနှင့်ပင် အိပ်မက်တို့ အရှုးအမူး သိမ်းခဲ့ကြောင်းကို ကျွန်တော် ကောင်းကောင်းမှတ်မိပါသေးသည်။ သံယောဇဉ်အပြာရင့်တို့က လူငယ်တစ်ယောက်၏ ရင်ခွင်ထဲကို ရှက်လွင့်ခိုဝင်လာကြတော့သည်။ ကျွန်တော်၏ Major English မှတ်စုစာအုပ်မှာ သူမ၏ ဆုပ်ဆေစည်မှုများကို ဒဏ္ဍာရီတစ်ပုဒ်လို သိုဝှက်ဖွဲ့ဆိုခဲ့သေး၏။ ထိုစဉ်အခါ က ကျောင်းတော်က ညို့ညို့မှိုင်းမှိုင်း၊ အင်းလျား၏ ရေလှိုင်းတို့ကလည်း ဖျတ်ဖျတ်တောင်ပံလှုပ်ခါနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ကျောင်းဆင်းမှာ သူမအကြောင်း သီချင်းတွေ ဆိုရင်း စိတ်တွေ အိုသည်အထိ သတိရပစ်ခဲ့ဖူး၏။ ကျွန်တော်သည် သူမကို ဝိညာဉ်တစ်ပါးလို ချစ်လေသည်။

*





(၂)

စာသင်ခန်းထဲမှာ တစ်ယောက်တည်း နေတတ်သော၊ ကလပ်စ်မှန်မှန်တက်လေ့မရှိသော၊ အတိုင်းအတာတစ်ခုအထိ စကားနည်းတတ်သော ကျွန်တော့်ကို သူမတို့ အပေါင်းအပါ တစ်သိုက်က သတိပင် မထားမိလိုက်တာ သေချာခဲ့ပါသည်။ ကျွန်တော်ကသာ အခန်းထဲ လူရှင်းချိန်မှာ သူမ၏ စာသင်ခုံလေး၌ '.................ကို ချစ်တယ်' ဟူသော စာကြောင်းကို ရှင်းရှင်းနက်နက် ဖောင်တိန်ကလေး နစ်ပျက်သည်အထိ ရေးမှတ်ခဲ့ဖူး၏။

ထိုစာကြောင်းလေးကို သူမ မြင်ခဲ့သည့်တိုင် လက်မှတ်ထိုးမထားသောကြောင့် မည်သူမည်ဝါဟု ပြောနိုင်ဖို့ ခဲယဉ်းပါလိမ့်မည်။ သို့စဉ်လျက်က သူမ မြင်တွေ့ခဲ့လျှင် မည်သို့ရှိမည်နည်းဟု မျှော်ရည်ကာ ကျွန်တော့်မှာတော့ ရှက်နွယ်ရှက်ရိပ်ဖြင့် ရင်ခုန်သံ တိတ်တိတ်ကလေး မြိန်ခဲ့ရဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ရောက်လာသောအခါ ထိုစာကြောင်းလေးကို မတွေ့မိပါ။ ထိုစာလုံးများကို စာအုပ်၊ ကွန်ပါဘူး၊ ချိုချဉ်ထုပ်… စသည်တို့က ဖုံးကွယ်သွားလေ့ ရှိပါသည်။ မည်သို့ပင်ဖြစ်စေ၊ မိုးဦးကျ တောအုပ်ကလေးမှာ ဖားလျားဝေဝေ ပန်းတွေ ပွင့်ကြသလို သူမနှင့် ကျောင်းတော်မှာ နေခဲ့ရသည့် ကာလတောက်လျှောက်သည် ကျွန်တော့်ဘဝကို အလင်္ကာတွေနှင့် ငြိမ်းချမ်းစွာ သက်ဝင်စေခဲ့ပါသည်။

ပြက္ခဒိန်မှာ လိုဏ်သံပါသော နေ့တစ်နေ့ ရှိခဲ့မည်ဆိုလျှင် ကျောင်းတော်ကို သူမ ခွဲခွာသွားသောနေ့သာ ဖြစ်ပါလိမ့်မည်။ ထိုနေ့မှာ မိုးတွေ ဝလောင်ဆူကာ ရွာ၏။ စံပယ်တွေ ဖောင်းလန်အောင် ကြွေ၏။ နတ်ဆိုးတွေ ရီးသားစွာ မာန်ဖီ၏။ ကျောင်းတော်မှ ခွဲခွာကာ အဝေးမြို့တော်တစ်ခုသို့ သူမ ထွက်ခွာသွားပါတော့သည်။

ကျောင်းတော်မှာ ကျွန်တော်တစ်ယောက်တည်း ရွှေအလွမ်းကိုနမ်းရင်း ကျန်ရစ်ခဲ့လေသည်။

*





(၃)

နှစ်တစ်နှစ်၏ နောက်ဆုံးသန်းခေါင်ယံမှာ မီးပုံတစ်ခုကို ကျွန်တော်တို့ ဝိုင်းပတ်၍ ထိုင်နေကြခြင်း ဖြစ်ပါသည်။ ဖြိုးဖြိုးဖျစ်ဖျစ် ခုံးကြွနေသော မီးတောက်ကို ကျော်၍ "ကျွန်တော့်ချစ်သူအကြောင်း ပြောပြပါ"ဟု သူတို့ က တောင်းဆိုခဲ့ကြလေသည်။ ထိုအကြောင်းများကို ကျွန်တော်ပြန်လည်ပြောပြသောအခါ မီးပုံ၏ အလင်းဝါဝါမှာ သူတို့တွေ ပင့်သက်ဖြာကြသေး၏။ 'ဒါပဲလား၊ နောက်ထပ်ပြန်မတွေ့တော့ဘူးလား'ဟု တစ်ယောက်က မေး၏။ အားလုံးကလည်း ကျွန်တော့်အဖြေကို စောင့်ဆိုင်းနေလေသည်။ "နောက်ခြောက်နှစ်အကြာမှာ သူ့မြို့ကလေးကို ကျွန်တော်လိုက်သွားတယ်"

ဘာကြောင့် ခြောက်နှစ်လောက်ကြာမှ လိုက်သွားသလဲ၊ ခြောက်နှစ်အတွင်းမှာ ကျွန်တော် ဘာတွေလုပ်နေသလဲ…စသော မေးခွန်းများကို

www.burmeseclassic.com



ကျွန်တော် ဖြေမည်မထင်၍ သူတို့ကလည်း မမေးကြပါ။ သို့သော် လူငယ်တစ်ယောက်၏ ပြင်းရှသော သမုဒယကို အဆုံးအစ မျှော်ကြည့်လို၍ သူတို့က ကျွန်တော့်ကို စကားထောက်ပေးကြလေသည်။

"အဲဒီတော့ မြို့ကလေးမှာ သူ့ကို တွေ့သလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

*



(၄)

ကျွန်တော်က သူမနောက်သို့ လိုက်၍ ပန်းကလေးကို ပေးသောအခါ 'ကျွန်မခေါင်းက ပြုတ်ကျတဲ့ပန်း မဟုတ်ပါဘူး' ဟု သူမက သိမ်မွေ့စွာ ငြင်းဆန်လေသည်။ 'ဪ...အင်း...ကျွန်တော်ကလဲ မြေပေါ်က ကောက်ပေးတာ မဟုတ်ပါဘူး၊ အပင်က ခူးလာတာပါ' ဟု ပြန်ပြောမိသောအခါ သူမက ခေါင်းငုံ့ကာ မျက်နှာလွှဲလိုက်၏။ သူမ၏ ကြိမ်ဆွဲခြင်းထဲသို့ ထိုပန်းကလေးကို ထည့်လိုက်ပြီး ကျွန်တော် လှည့်ပြန်ခဲ့လေသည်။

ထိုမြို့ကလေးက ဖွံ့ဖြိုးစည်ပင်လေသည်။ ကျွန်တော်နှင့် သူမသည် ထိုမြို့ကလေး၏ လမ်းကွေးလမ်းကောက်များတွင်လည်းကောင်း၊ နေရောင်ခြည်အောက်တွင်လည်းကောင်း၊ လေပြည်သုန်သုန်ကြားတွင် လည်းကောင်း ကြာခဏ တိုက်ဆိုင်တွေ့ဆုံကြပြန်၏။ လုပသော လူငယ်သက်ဆိုးရေးအချိန်ခုမှလွဲ၍ မည်သို့သော အရိပ်အရောင်ကိုမှ ကျွန်တော် သူမကို မပေး

www.burmeseclassic.com



ခဲ့ပါ။ ထိုသို့ဖြင့် သူမကလည်း ကျွန်တော့်ကို ရှင်းမပြတတ်အောင် နားလည်လာခဲ့ပြီဟု ကျွန်တော် သိလိုက်ပါသည်။

ကျွန်တော်သည် သူမကို ပိုင်ဆိုင်နိုင်အောင် မကြိုးစားပါ။ ထို့ကြောင့် စွန့်လွှတ်စရာလည်း မလိုပါ။ ပိုင်ဆိုင်စရာ၊ စွန့်လွှတ်စရာများ မလိုဘဲ ကျွန်တော်သည် သူမကို တောက်ပစွာ ချစ်နေလျက် ရှိပါသည်။

'အချစ်ဆိုတာ ရယူခြင်းဖြစ်သည်၊ ထို့ကြောင့် ပိုင်ဆိုင်နိုင်အောင် ကြိုးစားရမည်၊ အချစ်ဆိုသော ပေးဆပ်ခြင်း ဖြစ်သည်၊ ထို့ကြောင့် စွန့်လွှတ်အနစ်နာခံရမည်' စသော သူများအားလုံးသည် ချစ်ခြင်းတရားနှင့် ပတ်သက်၍ နှလုံးသားမှာ ဗဟိုလွဲမှားနေကြသူများသာ ဖြစ်ပါသည်။

အချစ်ဆိုသည်မှာ စိတ်အာရုံ၌ လဲ့ပြာနေအောင် ပွင့်သွားသော ပန်းကလေးသာ ဖြစ်၏။ ကိုယ့်အတွက်ဟု ခြွေယူခြင်းသည် လည်းကောင်း၊ သူ့အတွက်ဟု ခူးပေးခြင်းသည်လည်းကောင်း ထိုပန်းကလေးကို ကွပ်မျက်သတ်ဖြတ်ပစ်လိုက်ခြင်းသာ ဖြစ်ပါသည်။

ကျွန်တော် သူမကို ချစ်၏။ သို့သော် ထိုအချစ်သည် ကျွန်တော် မဟုတ်သလို သူမလည်း မဟုတ်ပါ။ အချစ်ဆိုသည်မှာ ကျွန်တော်နှင့် သူမကြားမှ ငြိမ်းချမ်းစွာ ဝင်းပလက်ဖြာနေသည့် လကလေးတစ်စင်းသာ ဖြစ်ပါသည်။ လရောင်ဖြူအောက်၌ အဘယ်သူတို့ မှုလောင်ဖူးပါသနည်း။

သူမကို ချစ်မိခြင်းဖြင့် ကျွန်တော့်နှလုံးသားသည်လည်း ရဲရင့်မြင့်မြတ်၊ တစ်ဘဝစာ လူသားဆန်တတ်ခဲ့။ သူမကို ငြိမ်းချမ်းတည်ကြည်စွာ လွမ်းနေခြင်းဖြင့် ကျွန်တော့်နှလုံးအိမ်မှာ သက်ငြိမ်ယဉ်ကျေးမှုကလေးတစ်ခု ဖြစ်တည်ခဲ့၊ ဘဝမှာ လေးနက်စင်ကြယ်ခဲ့။

ထိုသို့ဖြင့် ကျွန်တော်ချစ်သော ဆရာမလေးက ကျောင်းကလေး





စာသင်ပေးနေချိန်မှာပဲ နှုတ်မဆက်သော အသိပေးရုံသက်သက်ဖြင့်သာ ရန်ကုန်ကို ကျွန်တော် ပြန်လာခဲ့ပါတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



(၅)

'ချစ်သူဆိုတာ ငါ့သမိုင်းမှာ အပြာရောင် အလံတစ်လက်ပဲဖြစ်တယ်'ဟု ကျွန်တော်က မပီဝိုးဝါး ရွတ်ဆိုမိသောအချိန်မှာ မီးပုံက မီးညွန့်ကျိုးစ ပြုပြီဖြစ်၏။ 'အဲဒီလို ပြန်လာတာ လေးနှစ်ကြာခဲ့ပြီ'

ထိုသောအခါ 'ခင်ဗျား သူ့ကို သတိမရဘူးလား'ဟု တစ်ယောက်က မေး၏။ 'သတိရတာပေါ့၊ ဒါပေမယ့် ပူပြင်းလောင်မြိုက်တဲ့ သတိရခြင်းမျိုး မဟုတ်ဘူး၊ အေးမြဆွတ်ပျံ့တဲ့ သတိရခြင်းမျိုးပါ'ဟု ပြန်ဖြေလိုက်၏။

အိပ်မက်ထဲမှာ ကြယ်တွေကြွေကျတာကို တွေ့လိုက်ရသလို သူတို့အားလုံးသည် ကြောက်မက်ဖွယ်ရာ အလင်းတန်းကို အထူးထူးအဆန်းဆန်း မြင်နေရသည် ထင်၏။ 'အခု...သူကတော့' ဟု ယောင်ယောင်ယမ်းယမ်း မေးကြ၏။

"သူ...သူကတော့ အဲဒီမြို့မှာပဲလား၊ အိမ်ထောင်ကျပြီလား၊ ခင်ဗျားကိုကော... ..."





သူတို့၏ အမေးစကား မဆုံးမီမှာပဲ ကျွန်တော်က မိုးပေါ်ကို လက်ညှိုးထိုးပြလိုက်၏။

"အဲ့ဒီကြယ်တွေမှာ ပေါက်ကွဲတတ်တဲ့ သဘောတရားရှိတယ်ဗျ၊ စူပါနိုဗာ (Supernova) ဆိုတဲ့ စကားလုံးကို ကြားဖူးကြတယ်မို့လား"

အပေးအယူလွဲသော စကားကိုသာ ကျွန်တော် ပြန်ပြောလိုက်ပါသည်။ ယေဘုယျအားဖြင့် အကြောင်းအရာသစ်တစ်ခု စတင်လိုက်ခြင်းသည် အကြောင်းအရာဟောင်းတစ်ခု နိဂုံးချုပ်ပစ်လိုက်ခြင်း ဖြစ်သည်ဟု နားလည်ထားသောသူတို့သည် ကျွန်တော့်ကို မည်သို့မှ ထပ်မမေးကြတော့ပါ။ စကားဝိုင်းသည် အကြွင်းမဲ့ တိတ်ဆိတ်သွားတော့၏။ ထိုစဉ်မှာပဲ မီးပုံကလည်း မီးသေသွားသည်။ သို့သော် မည်သူကမှ မီးပြန်မမွေးဘဲ စွတ်ဆိုသော အမှောင်နှင့် မှိုင်းမှိုင်းသစ်သော နှင်းမှုန်များကြားမှာ ဤအတိုင်း ငြိမ်သက်စွာ ထိုင်နေလိုက်ကြလေသည်။

✦

www.burmeseclassic.com


www.burmeseclassic.com



# ကြယ်စုံသောညတစ်ည

www.burmeseclassic.com

www.burmeseclassic.com





(နိဂုံး)

ကျွန်တော် ဝတ္ထုတစ်ပုဒ်ရေးဖို့ ပြင်ဆင်ပါတယ်။

အဲဒီဝတ္ထုရဲ့ ဇာတ်လမ်းလိုအပ်ချက်အရ ကျွန်တော်ဟာ နိုင်ငံခြားပြန် ပါမောက္ခကြီးတစ်ဦးကို ကျေးရွာလေးတစ်ရွာဆီ ပို့ထားလိုက်ပါတယ်။

ရွာသူရွာသားတွေကလည်း ရိုးသားကြသူတွေ ဖြစ်လို့ ပါမောက္ခကြီးကို အဲဒီရွာမှာ ထားခဲ့ပြီး ကျွန်တော် တခြားလုပ်စရာရှိတာလေးတွေ လုပ်နေမိပါတယ်။

အဲဒီအချိန်မှာပဲ ရွာကလေးမှာ (ကျွန်တော် မသိလိုက်ရဘဲ) အောက်ပါအတိုင်း ဖြစ်ပျက်သွားပါတယ်။

*

www.burmeseclassic.com

www.burmeseclassic.com



(၁)

ရွာလယ် ဓမ္မာရုံမှာ နက်ဖြန်အလှူရှိသည်တဲ့။

ဤရွာကလေးကို ဤညမှာပဲ သူအိပ်မွေ့ချမည်ဟု ပါမောက္ခကြီး ဆုံးဖြတ်လိုက်သည်။ သို့မှသာ မနက်ဖြန်မနက် အလှူ၌ အားလုံး မကြ စဖူး ညွှတ်နူးတုန်လှုပ်သံကို သူ ကြားရလိမ့်မည် ဖြစ်သည်။

တွေးရင်းဖြင့် ပါမောက္ခကြီး ပြုံးမိသည်။ သူ့အသက်က ၅၄ နှ ရှိပြီဖြစ်၏။ ဆံပင်ဖြူတို့က ကျိုးကြောင်း ထွက်ပေါ်နေခဲ့ပြီ။ သို့သော် သ အစွမ်းအစကို လျှော့တွက်လျှင် မှားကြပါလိမ့်မည်။

ရုပဗေဒမှာ ကဝိတစ်ဆူဖြစ်ခဲ့သော အိုက်ဇက်နယူတန်ကိုလည် အသက် ၅၄ နှစ်အရွယ်မှာပင် ဉာဏ်ထိုင်းနေပြီဟု အားလုံးက ထင်မှ ခဲ့ကြ၏။ သို့သော် နယူတန်က ထိုအဆိုကို ပြုံးပြုံးလေးနှင့် ချေဖျက် ပါသည်။



ထိုစဉ်က 'ကကုလ'သင်္ချာပါရဂူ ဗွန်ဘာနျူလီက ကမ္ဘာ့ပညာရှင်များ ထံ ခက်ခဲသော သင်္ချာပုစ္ဆာများ ပေးပို့၍ ဉာဏ်စွမ်းခဲ့၏။ သူ့မေးခွန်းကို အဖြေထုတ်နိုင်ရန် အချိန် ၆ လ ပေးခဲ့၏။ သို့သော် နယူတန်က ၂၄ နာရီအတွင်း ဖြေပေးခဲ့သည် မဟုတ်ပါလော။

ထိုအကြောင်းများကို တွေးရင်း ပါမောက္ခကြီး တဖြည်းဖြည်းစိတ် တက်ကြွလာသည်။

ထို့နောက်…

ရွာကလေး၏ တည်နေရာကို အသေးစိတ် မြေပုံတစ်ခု ဆွဲချလိုက် ၏။ ပြက္ခဒိန်ကိုလည်း တိကျသော နက္ခတ်သိပ္ပံ အချိန်ဇယားတစ်ရပ်နှင့် ညှိနှိုင်းယူ၏။ တစ်ကိုယ်လုံး ရေမိုးချိုး သန့်စင်ကာ ညကိုးနာရီကို စောင့် ဆိုင်းနေလိုက်၏။

ကိုးနာရီတိတိအချိန်တွင် သူ၏ အားကောင်းထက်မြက်သော စိတ် အာရုံလှိုင်းများကို တစ်ရွာလုံးသို့ ဖြန့်ကျက် အုပ်မိုးစေတော့သည်။

၉း၀၀…၁၀း၀၀…၁၂း၀၀…၁၄း၀၀…၁၅း၀၀…၁၆း၃၀။

ထိုအခါကျမှ သူ၏ စိတ်ညှို့အာရုံကို ရုပ်သိမ်းလိုက်သည်။ အိပ် ရာပေါ် ပစ်လှဲချပြီး အမောဖြေနေရသေး၏။ ပါမောက္ခကြီး အတော်ပင်ပန်း သွားလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



(၂)

ဟာ…ဆရာကြီး၊ ကြွပါ… ကြွပါ။

ပါမောက္ခကြီး ရောက်ရှိချိန်၌ ရွာလယ်မွှာရုံမှာ လူစုံစပြုပြီ ဖြစ်သည်။ ဧည့်ခံနေသော ရွာသားများက ပျာပျာသလဲ ဆီးကြိုနှုတ်ဆက်ကြ၏။ ခေါင်းရင်းပိုင်းတွင် နေရာပေးကြ၏။ ရွာသားများကို ကြည့်ရသည်မှာ လန်းဆန်းသွက်လက်နေလေသည်။

ပါမောက္ခကြီးက အစားအသောက်များကို ဖြည်းဖြည်းချင်း စားရင်း ရွာခံလူတို့၏ ဝိုင်းဖွဲ့ပြောစကားများကို အကဲခတ် နားထောင်နေလိုက်သည်။

"ဟယ်… ညက အိပ်လို့ကောင်းလိုက်တာ ကောင်မရယ်"

"ဟုတ်ပါရဲ့အေ၊ ကျုပ်ဖြင့် တုန်းခနဲပဲ"

"ညည်း အိပ်မက်တွေဘာတွေ မမက်ဘူးလား"





"အဲဒါတော့ သတိမထားမိပါဘူးအေ၊ အိပ်ရတာ အတော်လေး အရသာရှိတာကိုပဲ မှတ်မိတယ်"

အလှူတွင် ကျွေးသော အစားအသောက်များက ဤရွာတွင် ချက်လုပ်သည်မဟုတ်၊ ခပ်လှမ်းလှမ်းရှိ ရွာကြီးတစ်ရွာမှ ကြေးကြီးပေး၍ မှာယူထားခြင်း ဖြစ်သည်။

မွှာရုံအတွင်းမှာ စကားသံများ ခပ်အုပ်အုပ်ညံနေ၏။ ညကလေးက ကြက်ကြဖန်ဖန် အိပ်၍ကောင်းလှသည်ဟု တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြသံကိုလည်း ကြားနေရသည်။ ပါမောက္ခကြီးက အောင်နိုင်သူတစ်ယောက်၏ အပြုံးကို ပြုံးနေလိုက်သည်။

"ညက ရာသီဥတု သာယာလို့ထင်တယ် ယောက်ဖရေ…: ငါဖြင့် မိုးစင်စင်လင်းမှ နိုးတော့တယ်"

"အေးဗျ၊ ဘယ်လိုဖြစ်သလဲ မသိဘူး၊ ကျုပ်လဲ သန်းခေါင်မှာ ဝမ်းနုတ်ဆေး ထစားဖို့ သတိထားနေတဲ့ကြားက မနိုးဘူး၊ လုံးလုံးလျားလျား အိပ်ပျော်သွားတယ်"

ပြီး သူတို့ တဟားဟား ရယ်ကြ၏။ ချမ်းမြေ့လှသော ညကလေးမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ခဲ့ကြရသည်ဟူသော အတွေးဖြင့် သူတို့ပျော်ရွှင်နေကြလေသည်။

ပါမောက္ခကြီးက သူတို့ကို ငေးကြည့်နေမိစဉ် မမျှော်လင့်ဘဲ ရွာသားတစ်ယောက်က သူ့ကို လှမ်းမေး၏။

"ဆရာကြီး…ညက အိပ်လို့ကောင်းရဲ့လား"

"အဲ…"

ထိုမေးခွန်းတွင် သူ အငိုက်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညက အိပ်လို့ အတော်ကောင်းတာ ဆရာကြီးရဲ့...နော်"

"ကျုပ် မအိပ်လိုက်ရဘူးဗျ"

"အို...ဟုတ်လား"

ရွာသားများက ပါမောက္ခကြီးကို သနားသလို ဝိုင်းကြည့်ကြလေသည်။ အားမလိုအားမရဖြင့်လည်း ပြောကြ၏။

"ဟာ... ဒီလိုညမျိုးမှာ မအိပ်လိုက်ရဘူးဆိုတာ ဆရာကြီးတော့ နစ်နာတာပဲဗျာ"

"အင်း... ဟုတ်ပါရဲ့ ဆရာကြီးရယ်၊ တကယ်"

ပါမောက္ခကြီး ဘာပြန်ပြောရမလဲမသိ ဖြစ်နေ၏။ ထိုစဉ်မှာပင် အခြားဧည့်သည်များ ရောက်လာ၍ စကားစပြတ်သွားသည်။

"ဟား...ဟား...ကျုပ်တို့က အလှူကို မီအောင်လာခဲ့တာဗျ"

"လာပါဗျာ၊ ကျုပ်တို့ကလဲ မျှော်နေတာပါ"

"ဒီအခေါက် လူမနည်းပါလားဗျ"

"အင်း... ဟုတ်တယ်၊ ဒီအခေါက် လူများတယ်"

ရောက်ရှိလာသော ဧည့်သည်များမှာ ကုန်ဝယ်ထွက်လာသော ကုန်သည်များ ဖြစ်သည်။ ဤရွာနှင့် ရင်းနှီးကျွမ်းဝင်ပြီးသားလူများပင် ဖြစ်၏။

"ကဲ... နားကြဦးလေဗျာ၊ ပြီးမှ စားကြသောက်ကြပေါ့၊ ခင်ဗျားတို့ကို ကြည့်ရတာ တစ်ညလုံး ခရီးနှင်လာပုံရတယ်"

"အင်း... ဟုတ်တယ်၊ တစ်ညလုံးပဲ"

"နားကြဗျာ... အေးအေးဆေးဆေးပေါ့၊ ခရီးပန်းလာကြမှာပေါ့"

"နားတာက နားမှာပါ၊ ဒါပေမယ့် ခရီးကတော့ ပန်းတယ်တော





မထင်ရပါဘူးဗျာ၊ လူတွေကို လန်းဆန်းနေတယ်"

"ညက သောက်ကျိုးနည်းသာယာတဲ့ညဗျာ၊ မိုးလင်းသွားတာကို တောင် နှမြောပါတယ်၊ သိပ်လှတဲ့ ကောင်းကင်ပဲဗျို့"

"ဟုတ်လား၊ ညက အတော်သာယာလိုက်သလား"

"အို...မမေးပါနဲ့တော့ဗျာ"

ရွာခံလူများ နားရှက်ထောင်သွားသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ ထို့နောက်မှ...

"ကျုပ်တို့ကတော့ ညက အတော်အိပ်လို့ကောင်းလိုက်တယ်၊ ခင်ဗျားတို့လိုတော့ ညရဲ့အလှကို မမြင်လိုက်ရဘူးပေါ့ဗျာ"

"အိုး... အဲဒါ ခင်ဗျားတို့ နာတာပဲ"

ကုန်သည် ခေါင်းဆောင်က ပြုံးတမဲ့မဲ့နှင့် 'လက်ဖျားခါသည်' ဟူသော အမူအရာကို လုပ်ပြကာ...

"တကယ့်ညဗျာ၊ ကောင်းကင်မှာ ကြယ်တွေ စုံလင်လိုက်ပုံကလဲ ဖြန့်ကြဲလို့၊ ဒီလောက်သာယာတဲ့ညမျိုး ဘယ်တုန်းကမှ မမြင်ခဲ့ရဘူး၊ နောက်လဲ မြင်ရဖို့ မလွယ်တော့ပါဘူးလေ၊ လေပြည်ကလေးကလဲ တိုက်နေတာ ချိုချိုအေးအေး၊ ပန်းတွေကလဲ မွှေးလို့၊ တစ်ခါကြုံခဲ့ပြီးရင် တစ်သက်နေမှာ မဟုတ်တဲ့ ညမျိုးပဲဗျို့"

ရွာခံလူများက ကုန်သည်များကို အားကျရင်း မချင့်မရဲဖြစ်မိကြသည်။

ထိုစဉ်မှာပင် တစ်ယောက်က အလန့်တကြား...

"ဆရာကြီး... ဆရာကြီး"

ပါမောက္ခကြီးလည်း လန့်ဖျပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်… ဘာလဲ"

"ဆရာကြီး ညက မအိပ်လိုက်ရဘူးဆို…"

"အင်း…"

"အဲဒါဆို ညက ကောင်းကင်ကို မြင်လိုက်ရမှာပေါ့၊ ကြယ်တွေ အများကြီးပဲဆို၊ သိပ်လှတာပဲဆို"

"ကျုပ် မမြင်လိုက်ရပါဘူး"

"လေပြည်တွေလဲတိုက်၊ ပန်းတွေလဲ မွှေးလို့ဆို"

"ဟင့်အင်း… မသိဘူး"

"ဟောဗျာ…"

ရွာခံလူများက ပါမောက္ခကြီးကို ပြူးအစ်သောမျက်လုံးများဖြင့် ဝိုင်းကြည့်ကြသည်။

"ဒါဖြင့် ဒါလောက်သာယာတဲ့ညမှာ ဆရာကြီးက ဘာကိုမှလည်း မသိလိုက်၊ အိပ်လည်း မပျော်လိုက်ဆိုတော့ ဘာလုပ်နေသတုံး"

အားလုံးက သူ့အဖြေကို နားစွင့်နေလေသည်။

"ကျုပ်က ခင်ဗျားတို့ အိပ်ပျော်အောင် အိပ်မွေ့ချနေတာ"

"ဗျာ"

ချက်ချင်းမှာတော့ သူတို့ ကြောင်အမ်းသွားသည်။ ထို့နောက် ဝါးခနဲ ဝိုင်းရယ်ကြလေသည်။

"ဆရာကြီးက အတည်ပေါက်နဲ့ နောက်တတ်တာကိုး"

"ဟင့်အင်း…နောက်တာမဟုတ်ဘူး၊ တကယ်ပြောနေတာ၊ ခင်ဗျား တို့ အဲဒီလောက် အိပ်မောကျသွားတာ ကျုပ် အိပ်မွေ့ချလိုက်လို့"

သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပြန်သည်။ ထို့



နောက် ဝါးခနဲ ရယ်ကြပြန်သည်။

"တော်တော်နောက်တဲ့ ဆရာကြီး"

ထိုသို့ပြောပြီး အနားက ခွာသွားကြလေ၏။ ပါမောက္ခကြီး မချင့်မရဲဖြစ်ပြီး ကျန်ရစ်ခဲ့သည်။ လက်ကို မြှောက်ချည်ချချည်ဖြင့် အသေးစိတ် ရှင်းပြလိုက်ရန် သူ ရည်ရွယ်သော်လည်း နားထောင်မည့်သူ တစ်ဦးမျှ မရှိချေ။

ရွာခံလူများက ပါမောက္ခကြီးကို ထားခဲ့ကာ ကုန်သည်များနှင့် ရွှန်းရွှန်းဝေအောင် စကားသွားပြောနေကြတော့သည်။ ကုန်သည်များက ရွာခံလူများကို ကျီစယ်သည်။

"ဟား… ဟား… ဒီလိုညမျိုးကို ခင်ဗျားတို့က အိပ်ပစ်လိုက်တယ် ဆိုတော့ မိုက်တာပေါ့ဗျာ၊ ခင်ဗျားတို့လောက် မိုက်တဲ့လူတွေ မရှိတော့ဘူး"

"အိုး… ညဆိုတာ အိပ်ဖို့ပဲဗျ၊ အိပ်မှာပေါ့၊ ဒီလိုညမျိုးမှာ အိပ်မက် လေးတွေကို ခိမ်နဲ့ မက်နေလိုက်တာပေါ့"

ရွာခံလူများရော ကုန်သည်များပါ အားအင်ပြည့်ဖြိုးပြီး ကြည်လင် ကြနေသည်။ ရွာခံလူများကလည်း ဤညမှာ အိပ်စက်ခဲ့ရပုံအတွက် ကျေနပ်ပြီး ကုန်သည်များကလည်း သူတို့မြင်ခဲ့ရသော ကြယ်ညီလာခံ အတွက် ကြည်နူးနေသည်။

ထို့နောက် သူတို့နှစ်စု တိုးတိုး တိုးတိုးဖြင့် ခေါင်းချင်းဆိုင်ကြပြီး ပါမောက္ခကြီးကို လှမ်းကြည့်ကြသည်။ ဤလိုညမျိုးတွင်မှ အိပ်လည်း မပျော်ခဲ့ရ၊ ကြယ်ညီလာခံကိုလည်း မတွေ့လိုက်ရသော ထိုပါမောက္ခကြီး ကို သူတို့ အံ့သြကရုဏာသက်ကြ၏။

ပါမောက္ခကြီးကတော့ စိတ်အား ကုန်ခမ်းနေသည့်အပြင် တစ်ည

www.burmeseclassic.com



လုံးလည်း မအိပ်ခဲ့ရ၍ ချောင်ကျ နုံးချည့်နေသည်။ ခေါင်းရင်းမှာ ထိုင်ပြီး ကုပ်ချောင်းချောင်း ဖြစ်နေသည်။ ကျန်သူများက သူ့ကို သနားစရာ သတ္တဝါတစ်ကောင်လို ဝိုင်းကြည့်နေသောအခါ ပြင်းပြစွာ အခံရခက်လာလေသည်။

*





(၃)

ထို့နောက်ပိုင်းတွင်တော့ ဤရွာကလေးသည် ပါမောက္ခကြီးအတွက် နေ၍ မကောင်းတော့ချေ။ ရွာခံလူများက သူ့ကို တွေ့လျှင် ပြုံးစေ့စေ့ငြင့် ကြည့်ကြ၏။ သူ လွန်သွားသည်နှင့် အချင်းချင်း လက်တို့ကာ 'တော်တော်နောက်တဲ့ ဆရာကြီးပေါ့' ဟု ပြောကြ၏။ ပါမောက္ခကြီး ဒေါသအမျက်ချောင်းချောင်း ထွက်ရလေသည်။

"ဟိုက်ဇင်းဘတ်က ပြောတယ်၊ အတိတ်ဟာ ပြီးခဲ့ပြီ၊ အတိတ်ကို ပြင်လို့မရဘူး၊ အနာဂါတ်ကို ပြင်ပါတဲ့၊ ဟုတ်တယ်... ငါ့အနာဂါတ်ကို ငါ ပြင်ရမယ်"

ရွာကလေးကို စွန့်ခွာရန် သူ ဆုံးဖြတ်ချက်ချလိုက်လေသည်။ ပါမောက္ခကြီး၏ ရင်ထဲမှာ ကလိကလိတော့ ဖြစ်နေ၏။

*

www.burmeseclassic.com

www.burmeseclassic.com



(နိဂုံး)

ကျွန်တော် လှမ်းကြည့်မိတဲ့အချိန်မှာ ပါမောက္ခကြီးဟာ ဝန်စည်စလယ်တွေနဲ့ ရွာအပြင်ကို ပြန်ထွက်လာပါပြီ။ ရွာသားတွေက သူ့နောက်ကျောကို ငေးကြည့်နေတယ်။ ကျွန်တော်လည်း 'ဘယ်လိုဖြစ်ကြတာပါလိမ့်' ဆိုတဲ့ အတွေးနဲ့ ဝတ္ထုထဲကို လိုက်ဝင်သွားရတယ်။

ပါမောက္ခကြီးကို လက်ဆွဲပြီး ရွာဆီ အတင်းပြန်ခေါ်ရပါတယ်။ ဖြစ်ပျက်ပုံကို အကြမ်းဖျင်းမေးပြီး သူတို့ကို ပြေလည်အောင် ပြန်ညှိနှိုင်းပေးရပါတယ်။

နှစ်ဖက်စလုံးကို စကားပြောရတာပေါ့။

**ကျွန်တော်**။ ။ ကဲ… ဆရာကြီး ဒီရွာမှာပဲ ပြန်နေမယ်၊ ခင်ဗျားတို့ ဘာအနှောင့်အယှက်မှ မပေးမိအောင် သတိထားကြ၊ ဟုတ်လား။

**ရွာသားများ**။ ။ ဟုတ်ကဲ့ပါ ဆရာလေး။



**ကျွန်တော်**။ ။ ကဲ…ဆရာကြီးကလည်း ကိုယ့်တဲမှာ ကိုယ်ပြန်နေပေါ့၊ ဆရာကြီးကို သူတို့ ဘာမှမပြောတော့ပါဘူး၊ အဲ… ဆရာကြီးကလည်း သူတို့ကို သွားသွားမနှောက်နဲ့ပေါ့။

**ပါမောက္ခကြီး**။ ။ ဘာကွ… ငါက ဘာကိစ္စ သူတို့ကို သွားနှောက်ရမှာလဲ၊ ဘယ်တုန်းကမှ မနှောက်ဘူး။

သူ ရှူးရှူးရှဲရှဲနဲ့ ဆက်ပြောနေတာကိုတောင် ကျွန်တော် နားထောင်မနေတော့ပါဘူး၊ သူ့ကို သူ့တဲထဲ ဆွဲသွင်းပြီး အပြင်ကနေ တံခါးပြန်ပိတ်ပေးလိုက်တယ်။

**ကျွန်တော်**။ ။ ကဲ… အေးအေးဆေးဆေးသာ နေရစ်တော့၊ သူတို့ဘက်က ဘာမှဖြစ်မလာစေရဘူး…စိတ်ချ၊ ဆရာကြီးကလည်း တည်တည်တံ့တံ့နေပေးလိုက်ပေါ့။

**ပါမောက္ခကြီး**။ ။ ဘာကွ… ငါက တည်တည်မနေလို့ ဘယ်လိုနေရမှာလဲ၊ ငါဆိုတဲ့ကောင်က …

သူ ဘာတွေပြောပြီး ကျန်ရစ်ခဲ့သလဲတော့ မသိပါဘူး။ ကျွန်တော် ထွက်လာခဲ့တယ်။ သူတို့တွေ ရှေ့လျှောက် ဘယ်လိုဆက်ဖြစ်ကြမယ် ဆိုတာကိုတော့ ကျွန်တော်လည်း မှန်းဆရခက်ခဲတုန်းပါပဲ။

✦

www.burmeseclassic.com


www.burmeseclassic.com



# အိမ်အပြန်

www.burmeseclassic.com

www.burmeseclassic.com






(၁)

ကောင်းကင်ပေါ်မှာ မိုးတိမ်တို့က ဒေါသဖြင့် ခက်ထန်ဖောင်းကြွနေသည်။ ခဏကြာသော် ဝုန်းဒိုင်းပေါက်ကွဲ၊ သူတို့ကိုယ်သူတို့ ထုရိုက်ဖောက်ခွဲပစ်လိုက်တော့၏။ ရေစက်များက မြေပေါ်သို့ ဖွားခနဲ လွင့်ကျလာသည်။

'အို ... ဘုရား ဘုရား'

ဝန်းကျင်သည် ခေါင်ခိုက်အောင် မည်းမှောင်ကျလာ၏။ လေကလည်း တဝူးဝူး အော်မြည်လျက်ရှိသည်။ အဘိုးအိုက ပြိုင်းရိုင်း တုန်ယင်သော လက်များဖြင့် မီးတိုင်ထက်တွင် အလင်းတစ်စက် ထွန်းညှိသည်။

'ဘယ်လို မိုးပါလိမ့်ကွယ်'

မီးတိုင်က ဖျတ်ခနဲ လက်လာ၏။ ထိုမီးပွင့်ကို မီးအိမ်ဆီသို့ အလင်းကူးယူသည်။ လေအဝေ့မှာ မီးအိမ်ကလည်း တရွေ့ရွေ့ လူးနေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုအခါကျမှပင် ထိုးကျနေသော အရိပ်တစ်ခုကို သတိထားမိပြီး နောက်သို့ ငဲ့ကြည့်ကာ ကျွန်တော့်ကို သူ မြင်သွားပါသည်။

'အလို ... ကလေး၊ မင်းက ဒီကို ဘယ်လိုရောက်နေတာလဲ'

ကျွန်တော်က လွယ်အိတ်ကို ပိုက်ရင်း ပြန်ပြောလိုက်၏။

'ကျောင်းဆင်းလိုက်ပြီ အဘိုးရဲ့'

အဘိုးအိုက တစ်ချက်ငိုင်သွားပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်၏။ စိုးရိမ်မကင်းသော အမူအရာဖြင့် ခေါင်းကို ခါသည်။ ကျွန်တော်ကတော့ သူ့ရင်ဘတ်ကိုပဲ ငေးကြည့်နေမိသည်။ သူ့ရင်ခွင်ထဲမှာလည်း မိုးတွေလေတွေ တိုက်နေသလို ကျွန်တော် ခံစားမိလေသည်။

'ကလေးတို့ကို ဒီနေ့ ကျောင်းစောစော ဆင်းပေးတာတော့ ဟုတ်တယ်။ ဒါပေမယ့် မိုးလေဝသနဲ့ လမ်းရဲ့ အနေအထားအရ မင်းတို့ပြန်လို့ မဖြစ်သေးဘူးကွယ့်၊ အဘိုး တံခါးဖွင့်မပေးသေးဘူး၊ ဆရာလေးကို သေသေချာချာ သွားမေးပါဦး'

'ဆရာလေးက အစောကြီးကတည်းက ပြောပြီးသား အဘိုးရဲ့၊ ဒီနေ့ ကျောင်းစောစောဆင်းပေးမယ်တဲ့'

'အခုလို မိုးကြီးရွာနေတော့ ပြန်လွှတ်ချင်မှ လွှတ်တော့မယ် ထင်တယ်ကွယ် ကလေးရယ် ... သွား သွားမေးစမ်းပါဦး'

ကျွန်တော်က မျက်နှာကို စူပုပ်ပစ်လိုက်သည်။ ကျောင်းခန်းထဲသို့ ပြန်ဝင်လာခဲ့ရ၏။ ကျောင်းခန်းထဲမှာ သူငယ်ချင်းများက ကျွန်တော့်ကို ဝိုင်းမေးကြသည်။

'မပြန်ရသေးဘူးတဲ့၊ ဟုတ်လား'

'ဆရာလေးကို သေသေချာချာ မေးဦးတဲ့'





ကျွန်တော့်အဖြေစကား မဆုံးခင်မှာပဲ တစ်ယောက်က ...

'ဟော ... ဟိုမှာ ဆရာလေး လာနေပြီ'

ကျွန်တော်တို့အားလုံး 'ဆရာ' ဟု အော်လိုက်မိကြ၏။ ဆရာလေးက ပြုံးရယ်ရင်း အားလုံးကို လက်ကာပြလေသည်။

*



www.burmeseclassic.com

## (၂)

'ဆရာ ... ကျောင်းဆင်းပြီမဟုတ်လားဟင် ... ဆရာ'

အားလုံးကလည်း သိချင်တာကို ဝိုင်းမေးလိုက်ကြ၏။ ဆရာလေးက သူတို့ကိုကြည့်ကာ ပြုံးနေသည်။ ထို့နောက်မှ ...

'ဒီနေ့ မင်းတို့ကို ကျောင်းစောစောဆင်းပေးမယ်လို့ ဆရာပြောခဲ့တယ်။ ဒါပေမယ့် အခု မိုးလေဝသအခြေအနေက သိပ်ကြောက်စရာကောင်းနေတယ်၊ ကြည့်ဦးလေ ...'

ဟုတ်ပါသည်။ ပြတင်းတံခါးများကို လေက တရကြမ်း ဆောင့်ပိတ်ပစ်လိုက်၏။ ဝန်းကျင်တစ်ခုလုံးနှင့်အပြိုင် စာသင်ခန်းထဲမှာလည်း မည်းမှိုညို့ရီနေသည်။ မိုးသံ၊ သစ်ကိုင်းများ အဆက်မပြတ် ယမ်းခါသံပို၍ ဆူညံလာ၏။ ဆရာလေးကလည်း သူ့စကားကို တစ်ခန်းလုံးကြားအောင် အော်ပြောနေရသည်။



ထို့နောက် စာသင်ခန်းထဲမှာပါ မီးအိမ်တစ်လုံး ထွန်းညှိလိုက်ရ၏။ အိမ်ပြန်ချင်နေပြီဖြစ်သော ကျောင်းသားအချို့ကတော့ မရိုးမရွဖြစ်နေကြ၏။ ထိုအထဲမှာ ကျွန်တော်က အဆိုးဆုံးဖြစ်ပါလိမ့်မည်။ နောက်ဆုံးခုံတန်းတွင် ခပ်ကြမ်းကြမ်း ဝင်ထိုင်ချလိုက်၏။ အချိန်ကိုက် ရွာချပြီး နှောင့်ယှက်လေသော မိုးကို နံဘေးမှ သူငယ်ချင်းများနှင့်အတူ သူ့ထက်ငါ ဦးအောင် ကျိန်ဆဲနေလိုက်သည်။

'ဖျန်း ... ဖျန်း ... ဖျန်း ...'

ဆရာလေးက စားပွဲကို ကြိမ်နှင့် ပြင်းပြင်းရိုက်ပြီး အခန်းကို ငြိမ်အောင်ပြု၏။ အခန်းထဲမှာ ငြိမ်ကျသွားသည်။

'ဒီလောက်ရွာတဲ့ မိုးနဲ့ဆိုရင် လမ်းတချို့ ပျက်သွားလောက်ပြီ၊ မိုးတိတ်မှ ပြန်မယ်ဆိုရင်တောင် မင်းတို့အတွက် အပြန်ခက်ပြီ။ အခုပြန်မှ ဆိုတာကတော့ လုံးဝ မစဉ်းစားကြနဲ့တော့။ အလဟဿနေရာလည်း ရောက်အောင် မင်းတို့နဲ့ ဆရာနဲ့ အကြောင်းအရာတစ်ခုကို ဆွေးနွေးကြမယ် ... ဟုတ်လား'

အားလုံးက ဆရာလေးကို ငေးကြည့်နေကြသည်။ ဆရာလေးက အိတ်ထဲမှ ပစ္စည်းအချို့ကို ထုတ်ယူ၏။ လှပသေသပ်သော မှတ်စုစာအုပ်ကလေး တစ်အုပ်၊ ဘောပင် အကောင်းစား တစ်ချောင်း၊ ကွန်ပါဘူး တစ်ဘူး။

ထိုအရာများကို စားပွဲပေါ်တွင် အားလုံးမြင်သာအောင် ထားပြကာ စကားကို ဆက်ပြောပါသည်။

'မင်းတို့ကို ဟိုတစ်ခါတုန်းက ဗဟုသုတအနေနဲ့ စကားရှင်ဆိုတဲ့အကြောင်း ဆရာ ပြောပြဖူးတယ်။ မှတ်မိတယ် ဟုတ်လား'

www.burmeseclassic.com



'မှတ်မိပါတယ်'

ကျွန်တော်မှအပ အားလုံး သံပြိုင် အော်လိုက်ကြ၏။ ကျွန်တော်ကတော့ စိတ်မပါလက်မပါ ငေးကြည့်နေမိသည်။

'အေး ... အခု မင်းတို့ကို ဆရာက မေးခွန်းတစ်ခု မေးမယ်။ တကယ်လို့ မင်းတို့သာ စစ်တုရင်ရုပ်ကလေးတစ်ရုပ် ဖြစ်မယ်ဆိုရင် ဘယ်လိုအရုပ်မျိုး ဖြစ်ချင်သလဲ။ နယ်ရုပ်လား၊ ရဲတိုက်လား၊ မြင်းလား စသဖြင့်ပေါ့လေ၊ မင်းတို့ဖြစ်ချင်တဲ့ အရုပ်ကို ဖြေရမယ်။ ပြီးတော့ ဘာကြောင့် အဲဒီအရုပ် ဖြစ်ချင်ရသလဲဆိုတဲ့ကြောင်းကိုလည်း ခိုင်လုံအောင် ပြောရမယ်။ အကောင်းဆုံး ပြောနိုင်တဲ့သူ သုံးယောက်ကို ဆရာ ဆုပေးမယ်'

တစ်ခဏတော့ အခန်းထဲမှာ ငြိမ်သွားသေးသည်။ နောက်မှ အချို့က ဟေးခနဲ အော်လိုက်ကြ၏။ ကျွန်တော်ကတော့ စိတ်ထဲမှာ ဘယ်လိုမှ မခံစားရချေ။ သို့သော် ကျွန်တော့်သူငယ်ချင်းများက မည်သို့မည်ပုံ ရွေးချယ် ဖြေဆိုကြမည်ဆိုတာကိုတော့ စိတ်ဝင်စားသွားသည်။ ဆရာလေးက အားလုံးကို စဉ်းစားချိန် အနည်းငယ် ပေးပြီးသောအခါ ...

'ကဲ ... ရှေ့ဆုံးကပဲ စ မေးမယ် ... ဟုတ်လား'

တစ်ဆက်တည်း ရှေ့ဆုံးမှ ကျောင်းသားကို လက်ညှိုးထိုးလိုက်၏။ ထိုကျောင်းသားက ထိုင်ရာမှ ထလေသည်။

*



(၃)

'ကျွန်တော် ရဲတိုက်ဖြစ်ချင်တယ် ဆရာ'

'ဟုတ်ပြီ၊ ဘာဖြစ်လို့လဲ'

ထိုကျောင်းသားက ချက်ချင်း ပြန်မပြောချေ။ ခဏကြာမှ ...

'ကျွန်တော်တို့သားအဖ နယ်ကို သွားကြကတည်းက ကျွန်တော် သိခဲ့ရတာတစ်ခု ရှိပါတယ်။ ကျွန်တော်တို့သွားချင်တဲ့ မြို့ကလေးကို ရထားနဲ့ ကား ဘယ်ဟာက မြန်မြန်ရောက်မလဲလို့ စုံစမ်းကြည့်တဲ့အခါ ရထားက မြန်မြန်ပိုရောက်မယ်လို့ သိရပါတယ်။ အဲဒါ လမ်းကြောင့်လို့ ဖေဖေက ပြောပါတယ်။ ကားလမ်းတွေက ချိုးကွေ့ပြီး သွားနေရတဲ့အတွက်ကြောင့် တချို့နေရာတွေမှာ တစ်ဖြောင့်တည်းသွားတဲ့ ရထားလောက် ခရီးမနီးဘူး ဖြစ်နေပါတယ်။ အဲဒီမှာ ဖေဖေက ကျွန်တော့်ကို ဘယ်ခရီးဆို ဖြောင့်ဖြောင့်တန်းတန်းသွားရင် ပိုနီးတယ်လို့ ပြောပါတယ်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လဲ သဘောကျသွားပါတယ်'

သူက စကားကို ခေတ္တနား၏။ ထို့နောက် ...

'အဲဒါကြောင့် အခု စစ်တုရင်ရုပ်တွေထဲမှာလဲ ဖြောင့်ဖြောင့်မတ်မတ်သွားရတဲ့ ရဲတိုက်ကို သဘောကျပါတယ်။ ကျွန်တော်သာ စစ်တုရင်ရုပ်ဖြစ်ရမယ်ဆိုရင် ရဲတိုက်ပဲ ဖြစ်ချင်ပါတယ်'

သူ့စကားအဆုံးမှာ ဆရာလေးက သဘောကျစွာ ပြုံး၏။ ကောင်းတယ်ဟု အသိအမှတ်ပြုကာ ထိုင်ခွင့်ပေးလိုက်ပြီး နံဘေးမှ ကျောင်းသားကို မေးငေါ့ပြလိုက်၏။ ထိုကျောင်းသားက ထိုင်ရာမှ သွက်လက်စွာ ထလိုက်လေသည်။

သို့ဖြင့် တစ်ယောက်ပြီးတစ်ယောက်ပင် သူတို့၏ သဘောထားများကို သူတို့နားလည်သလို ထပြောကြ၏။ မပြောတတ်ဘူးဟု ရယ်ကာမောကာ ငြင်းသူများလည်း ရှိသည်။ ထိုသို့ ငြင်းသူ အများစုကတော့ ကျောင်းသူကလေးများပင် ဖြစ်သည်။ ကျွန်တော် နားထောင်မိသလောက် အချို့ကပြောသည့် အကြောင်းပြချက်များမှာ သိပ်မကောင်းလှချေ။ ခိုင်လည်း မခိုင်မာဟု ကျွန်တော် ထင်မိသည်။ အချို့ အနည်းအကျဉ်းကသာ ဆရာလေး ဘဝင်ကျအောင် ပြောဆိုနိုင်ကြလေသည်။

'ကျွန်တော်ကတော့ နယ်ရုပ်ကလေးပဲ ဖြစ်ချင်ပါတယ်'

တစ်ယောက်က ဖြေ၏။ ထို့နောက် သူ့အကြောင်းပြချက်ကို ဆက်ပြောသည်။

'ကျွန်တော် လေးတန်းတုန်းက လေ့ကားအသစ်ကို ကျော်တက်လို့ လိမ့်ကျဖူးပါတယ်'

ပြီး 'နဖူးပေါက်သွားသေးတယ်' ဟု ဆိုကာ သူ့နဖူးမှ အမာရွတ်ကို ဆရာလေးအား ပြလေသည်။ ဆရာလေးက ရယ်သဖြင့် တစ်ခန်းလုံးလည်း လိုက်ရယ်ကြသည်။



'အေးပါ ... အမာရွတ်က ဟုတ်ပါပြီ၊ အဲဒါနဲ့ နယ်ရုပ်ဖြစ်ချင်တာနဲ့ ဘယ်လို ပတ်သက်လို့လဲ'

'ဒီလိုပါ ဆရာ၊ ကျွန်တော် အနာပျောက်သွားတော့ အဘွားကပြောပါတယ်။ ဘယ်တော့ဖြစ်ဖြစ် တစ်ထစ်ချင်း တက်ရတယ်တဲ့၊ အဆင့်ကျော်ရင် ချော်ကျလိမ့်မယ်တဲ့။ အဲဒါကြောင့် ကျွန်တော်လဲ စစ်တုရင်ရုပ်တွေထဲမှာ တစ်ကွက်ချင်း တက်ရတဲ့ နယ်ရုပ်ကလေးကိုပဲ သဘောကျပါတယ်'

သူ့စကားနှင့်သူ့ အချိတ်အဆက် ပြန်မိသွား၍ တစ်ခန်းလုံးက သဘောကျပြီး လက်ခုပ်သြဘာ ဝိုင်းပေးလိုက်ကြသည်။ အိမ်ပြန်ချင်တာ မပြန်ရသဖြင့် စိတ်တိုနေသော ကျွန်တော်ပင် ရယ်မိသေးတော့၏။

ထို့နောက်တွင်တော့ တစ်ယောက်စီ၏ ဆွေးနွေးချက်များသည် ပို၍ အသက်ဝင်လာသည်။ ပို၍ စိတ်ဝင်စားစရာ ကောင်းလာသည်။ တစ်ယောက်က ဘုန်းကြီးဖြစ်ချင်သည်ဟု ဆို၏။ အကြောင်းပြချက်ကို သူက ဤသို့ ပြောလေသည်။

'ပြီးခဲ့တဲ့ နွေကျောင်းပိတ်ရက်တုန်းက ကျွန်တော် ရေကူးသင်ပါတယ်။ ရေစီးနေတဲ့ချောင်းကို ကန့်လန့်ဖြတ်ကူးရင် ရေစီးနဲ့အတူ မျော ပြီး လိုက်ကူးပေးရပါတယ်။ တည့်တည့်ကြီးကူးချင်လို့ မရပါဘူး။ မူလ ဘက်ကမ်း ကိုယ် စကူးခဲ့တဲ့နေရာရဲ့ ခပ်စောင်းစောင်း တစ်ဖက်ကမ်း နေရာတစ်ခုကိုပဲ ရောက်သွားတတ်ပါတယ်။ လောကမှာ နေရာတိုင်းကို တည့်တည့်သွားချင်လို့ မရဘူး။ အဲဒီလိုပဲ အလိုက်အထိုက် သွားရပါ

www.burmeseclassic.com



တယ်။ အဲဒါကြောင့် အဲဒီလို ခပ်စောင်းစောင်း ရွေ့သွားတတ်တဲ့ ဘုန်းကြီး ရုပ်ကလေးပဲ ကျွန်တော် ဖြစ်ချင်ပါတယ်။ ကျွန်တော် ဒီလောက်ပဲ ပြော တတ်တယ် ဆရာ။ တကယ်တော့ ကျွန်တော်ပြောချင်တာ ဒီထက်မက ဘူး'

တစ်ယောက်ပြီး တစ်ယောက် မိမိတို့၏ ဆန္ဒကို ထပြောနေကြ၏။ အချို့ကလည်း ဘုရင်၊ ဘုရင်မ ဖြစ်ချင်ကြ၏။ အချို့ကလည်း ရဲတိုက်၊ အချို့ကလည်း မြင်းရုပ်၊ တစ်ခါတစ်ခါလည်း သူတို့အကြောင်း ပြချက်နှင့် သူတို့ ရှုပ်နေသည်။

မိုးသံက ငြိမ်နေသည်။ စာသင်ခန်းထဲမှာပဲ အာရုံရောက်နေသဖြင့် ညည်းသည့်အချိန်က မိုးသံတိမ်ဝင်သွားသည်ကိုပင် သတိမထားမိလိုက်။ သို့သော် မိုးကတော့ မစဲပါချေ။ မာန်ကြီးလွန်းလှ၏။ မြေကို ပွင့်ထွက် သွားအောင် အစွယ်ငေါငေါနှင့် ရှာသွန်းစိုက်ခွဲနေသယောင် ထင်ရသည်။

ထိုအခိုက် နံဘေးမှ သူငယ်ချင်းက ကျွန်တော့်လက်မောင်းကို ကိုင်လှုပ်၏။ လှည့်ကြည့်သောအခါ ဆရာလေး အပါအဝင် တစ်ခန်းလုံး က ကျွန်တော့်ကို ဝိုင်းကြည့်နေတာ တွေ့ရသည်။

'မင်းဖြေရမယ့်အလှည့် ရောက်နေပြီ'

ကျွန်တော် မတ်တတ်ထရပ်လိုက်၏။ ဆရာလေးကို ကြည့်ကာ ပြောရန်စကား စဉ်းစားလိုက်သေး၏။ ထို့နောက် ...

'ကျွန်တော် အဲဒီစစ်တုရင်ရုပ်တွေထဲမှာ ဘာအရုပ်မှ မဖြစ်ချင်ဘူး ဆရာ'

'ဟေ ...'

တစ်ခန်းလုံး အံ့အားသင့်သွားကြ၏။ ဆရာလေး၏ မျက်ခုံးများ





လည်း အထက်သို့ ပင့်မြောက်တက်သွားသည်။

'အဲဒါဆို မင်းက ဘာဖြစ်ချင်သတုံးကွဲ့'

'ကျွန်တော် စစ်တုရင်ထိုးတဲ့လူပဲ ဖြစ်ချင်တယ် ဆရာ'

ထိုအခါ တစ်ခန်းလုံး ငြိမ်သွား၏။ မိုးသံလေသံက ပြန်ကျယ် လာသလို ရှိသည်။

'ကျွန်တော် စစ်တုရင်ထိုးတဲ့လူပဲ ဖြစ်ချင်ပါတယ်'

ကျွန်တော် ထပ်ပြောလိုက်သည်။ ဆရာလေး၏ မျက်နှာမှာ အရိပ် အယောင်တချို့ ဖြတ်ပြေးသွား၏။ ထို့နောက်မှ တောက်ပစွာ ပြုံးလာ ရင်း ...

'ကောင်းတယ်'

ထို့နောက် ခေါင်းတဆတ်ဆတ် ညိတ်နေတော့၏။

'ကောင်းတယ်၊ ကောင်းတယ်'

ဆရာလေးက ကျွန်တော့်ကို ကြည်ကြည်နူးနူး ကြည့်သည်။

'မင်းကို ဆရာ ဆုပေးရတော့မယ်၊ ကဲ ... စားပွဲပေါ်မှာ တင်ထား တဲ့ ပစ္စည်းသုံးခုထဲက မင်း ဘာကိုလိုချင်သလဲ ... ပြော၊ မင်းအဖြေ အတွက် ဆရာ မင်းကိုဆုချမယ်'

'ကျွန်တော် အဲဒီဆုတွေ မလိုချင်ဘူး ဆရာ'

'ဟင်၊ ဒါဆို ...'

'ကျွန်တော် အိမ်ပဲ ပြန်ချင်ပါတယ်။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါ'

ဆရာလေးက တွေသွား၏။ ကျွန်တော်က ထပ်ပြောလိုက်သည်။

'မိုးရွာနေပေမယ့် ကျွန်တော့်မှာ ထီးပါပါတယ်။ ထီးပျက်ခဲ့ရင် လည်း ကိစ္စမရှိပါဘူး။ ကျွန်တော် နေ့တိုင်းသွားနေကျလမ်းပါ။ ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ပျက်ပျက် ကျွန်တော် သွားနိုင်ပါတယ်'

ဆရာလေး၏ မျက်နှာက တစ်စစ တည်ကြည်လာသည်။ အာလုံးက ဆရာလေးကို *အကဲခတ်သလို ကြည့်နေကြ၏။ အတန်ကြာမှ* ဆရာလေးက ကျွန်တော့်ကို ခေါင်းညိတ်ပြသည်။

'အေးလေ ... လမ်းက အခက်အခဲတွေကို ပုစ္ဆာတစ်ပုဒ်လို ဖြေပြီး မင်းအိမ်ကို နွေးနွေးထွေးထွေး ပြန်ရောက်လိမ့်မယ်လို့ ဆရာ ယုံကြည်ပါတယ်။ ကဲ ... မင်းအိမ်ပြန်ရင် ပြန်နိုင်ပြီ'

လွယ်အိတ်ကို ဆွဲပြီး နေရာမှ လှားခနဲ ထလိုက်သည်။ ပေါ့ပါးသွက်လက်သော ခြေလှမ်းများနှင့် အခန်းပြင်သို့ ထွက်၏။ တစ်ခန်းလုံး ကျွန်တော့်ကို လိုက်ကြည့်နေကြသည်မှာ သေချာပါသည်။ ကျွန်တော်က ဆရာလေးကို လှည့်နှုတ်ဆက်လိုက်၏။

'မင်္ဂလာပါ ဆရာ'

'အေး ... မင်္ဂလာပါကွယ်၊ မင်္ဂလာပါ'

*





(၄)

အဘိုးအိုက ကျွန်တော့်ကို တံခါးဖွင့်ပေး၏။ သူ့လက်ထဲမှ မီးအိမ်ကလေးက တလှဲ့လှဲ့ ရွှန်းစိုနေသည်။

'ကျွန်တော်သွားပြီ အဘိုး'

လမ်းပေါ်သို့ ရောက်လျှင်ရောက်ချင်း လေနှင့်မိုးကို ကျွန်တော် စကားတိုးတိုး ဆိုလိုက်သည်။

'ဒီလမ်းကလေးရဲ့ အဆုံးမှာ ငါ့အိမ်ကလေး ရှိတယ်။ မင်းတို့ ဘယ်လိုတားတား ငါ့အိမ်ကို ငါရောက်အောင် သွားမယ်'

လေနှင့်မိုးက ဟီးတိုက် ရွာချလာသည်။ ကိုယ့်ကိုယ်ကိုယ် ထီးနှင့်ကာရင်း တစ်လှမ်းချင်း ကျွန်တော် လျှောက်ခဲ့ပါသည်။ ကျွန်တော် ဆင်ပါသည်။ သစ်ကိုင်းထက်မှ မိုးခိုငှက်ကလေးများက ကျွန်တော့်ကို အားပေးနေလိမ့်မည် ... ဟု။

✦



www.burmeseclassic.com